ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (2-2-2016) (၈၄၆၄)

**အေးစေ မြစေ မေတ္တာရေ**

- ❀ နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- ❀ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- ❀ အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- ❀ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- ❀ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
- ❀ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- ❀ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံ့မမုန်း၊
- ❀ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- ❀ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးချယ်တင်မြှောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်တို့အား လွှတ်တော်က ရွေးချယ်တင်မြှောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ချောင်းဆုံမဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်အား ပြည်သူ့လွှတ်တော်က သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**

# ပြန်လည်တည်ဆောက်ပေးနေသည့် ကလေးဒေသ ရေဘေးသင့်ပြည်သူများအတွက် နေအိမ်များ

***ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် ရပ်ကွက်/ကျေးရွာများမှ လူနေအိမ်ခြေများ ပျက်စီးခဲ့သဖြင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပြုပြင်ခြင်းလုပ်ငန်းများကို ယနေ့အထိ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။***

ကလေးမြို့တွင် ရေကြီးရေလျှံမှု ဖြစ်စဉ်ကို ခံစားခဲ့ရသော ရပ်ကွက်/ကျေးရွာပေါင်း ၆၈ ခုရှိပြီး ရေလွှမ်းမိုးမှု၊ ကမ်းပါးပြိုကျမှုများကြောင့် ပျက်စီးသွားသော နေအိမ်များအား ဇုန်(၅)ဇုန်သတ်မှတ်၍ ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည်။

ရေဘေးသင့်ခဲ့သော နေအိမ်များအား A၊ B၊ C၊ D ဟူ၍ အတန်းအစားလေးမျိုးခွဲခြားပြီး ပြုပြင်ဆောင်ရွက်ပေးကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးထံမှ သိရသည်။

“တစ်အိမ်လုံးရေထဲမျောပါသွားရင် D အဆင့်လို့သတ်မှတ်ပါတယ်။ ရေထဲမျောပါသွားတာမဟုတ်ဘဲ အိမ်က အလုံးလိုက်ကျန်ပြီး ပြိုပျက်မှုတွေဖြစ်သွားရင်တော့ C အဆင့်လို့သတ်မှတ်ပါတယ်။ ရေဝင်ခံရပြီး နှစ်ရက်၊ သုံးရက်မှာ ရေပြန်ကျတဲ့အခါ အိမ်လည်း မပျက်စီးဘူးဆိုရင် A နှင့် B အဆင့် သတ်မှတ်ပါတယ်” ဟု နေအိမ်များ ရေဝင်ခံရမှုအဆင့်သတ်မှတ်ချက်နှင့်ပတ်သက်၍ ၎င်းက ရှင်းပြသည်။

D အဆင့်ဝင်သည့် အိမ်များကို အသစ် ပြန်ဆောက်ပေးကြောင်း၊ ယင်းသို့ဆောက်ပေးရာတွင် မိသားစုဝင် ငါးဦးအောက်ရှိသည့် အိမ်ဆိုပါက

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

သတင်း - ထက်အားမာန်၊ ဓာတ်ပုံ - ရာမည



ကလေးဒေသ ရေဘေးသင့်ပြည်သူများအတွက် အသစ်ဆောက်လုပ်ပေးထားသော နေအိမ်များကို တွေ့ရစဉ်။



ကြေးမုံစာတည်းရှုထောင့် ၂-၂-၂၀၁၆၊ အင်္ဂါနေ့

# ကောင်းကင်ပြာကို မည်သူဆေးခြယ်

ကျွန်ုပ်တို့ကမ္ဘာမြေမှအပေါ်ကိုမျှော်ကြည့်လျှင် မြင်တွေ့ရသောအရာမှာ အပြာရောင်မိုးကောင်းကင်ကြီး ဖြစ်ပါသည်။ မိုးသားတိမ်လိပ်ကင်းစင်သည့် အခါကာလများတွင် အပြာရောင်မိုးကောင်းကင်ကြီးကို ရှုမဆုံးတွေ့နိုင်သည်။ ထိုပြာလဲ့လဲ့မိုးကောင်းကင်မှ သန့်ရှင်းသောလေတို့ကို ကျွန်ုပ်တို့လူသားများ ရှူရှိုက်ကာ အသက်ရှင်သန်ရပ်တည်နေကြပါသည်။

ယခုအခါ မိုးသားတိမ်လိပ်မရှိသော ရာသီကာလများတွင် အပြာရောင်မိုးကောင်းကင်မှာ မီးခိုးရောင်မြူများဖြင့် အုံ့မှိုင်းလွှမ်းခြုံနေသည်ကို အချို့နိုင်ငံများတွင် ကြုံတွေ့လာရပါသည်။ ဤသို့ဖြစ်လာသည်မှာ ကောင်းကင်ပြာသည် သူ့အလိုလိုအရောင်ပြောင်းသွားခြင်းမဟုတ်။ ကောင်းကင်တစ်ခွင်ကို မသန့်ရှင်းသော မြူခိုး၊မြူငွေ့များဖြင့် လူတို့ကအရောင်ခြယ်ခဲ့သောကြောင့် ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် လေထုအညစ်ညမ်းဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလက တရုတ်နိုင်ငံ ပေကျင်းမြို့တော် ကောင်းကင်တစ်ခွင်ဖုံးလွှမ်းခဲ့သည့် အနံ့ဆိုးမီးခိုးမြူများမှာ ဆေးလိပ်သောက်ခွင့်ပြုထားသည့် အခန်းအတွင်းမှလေထက်ညစ်ညမ်းပြီး သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေခဲ့သည်ဟု သိရပါသည်။ မကြာသေးမီကာလကလည်း ပေကျင်းမြို့တော်တွင် မြူခိုးဖုံးလွှမ်းမှုကို အနီရောင်အဆင့်ပင် သတ်မှတ်ထားခဲ့သည်။

ထိုကဲ့သို့ ကောင်းကင်ပြာတစ်ခွင်ကို အရောင်ခြယ်ခဲ့သော အဓိကလက်သည်မှာ ပေကျင်းမြို့တော်ပတ်ဝန်းကျင်တွင်ရှိသည့် ကျောက်မီးသွေးစက်ရုံ ၂၀၀ နှင့် မော်တော်ယာဉ် ငါးသန်းကျော်တို့က ထွက်လာခဲ့သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ သို့မဟုတ် ဖန်လုံအိမ်ဓာတ်ငွေ့တို့ကြောင့်ဖြစ်သည်။ ကောင်းကင်အရောင်ပြောင်းခြင်းမှာ လေထုညစ်ညမ်းခြင်းကြောင့်ဖြစ်ပြီး ထိုလေကို ရှူရှိုက်မိသော ပြည်သူများသည် ရင်ကျပ်ဝေဒနာမှတစ်ဆင့် ရောဂါပေါင်းစုံကို ရရှိစေသည်။

တရုတ်နိုင်ငံကောင်းကင်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်နှုန်းသည် ကမ္ဘာ့အခြားနိုင်ငံများ၏ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်နှုန်း၏ သုံးပုံ၊ နှစ်ပုံရှိနေသည်။ စက်မှုထွန်းကားသောနိုင်ငံများဖြစ်သည့် အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို နှစ်စဉ် တန်ချိန် သန်း ၆၀ လျှော့ချနေသောအချိန်တွင် တရုတ်နိုင်ငံက တန်ချိန်သန်းပေါင်း ၅၀၀ တိုးတက်ထုတ်လုပ်နေသည်မှာ ၎င်းတို့နိုင်ငံအတွက်သာမက ကမ္ဘာ့နိုင်ငံများကိုပင် ခြိမ်းခြောက်နေသကဲ့သို့ဖြစ်နေသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် စီးပွားရေးတစ်ဟုန်ထိုးဆောင်ရွက်နေချိန်တွင် ဘေးထွက်ဆိုးကျိုးများ ပြန်လည်ရိုက်ခတ်ခြင်းကို ပြည်သူများခံစားကြရသည်။

ထို့ကြောင့် နိုင်ငံတိုင်း၊ နိုင်ငံတိုင်းက ပတ်ဝန်းကျင်မပျက်စီးရေးကို ကျယ်ကျယ်လောင်လောင် ပြောဆိုနေကြပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ကျောက်မီးသွေးစက်ရုံများ တည်ဆောက်မှုကို အားမပေးသော်လည်း အိမ်နီးချင်းနိုင်ငံဖြစ်၍ လေထုမညစ်ညမ်းစေရန် သတိထားနေရသည်။ တရုတ်နိုင်ငံကဲ့သို့ ကောင်းကင်ပြာကို အရောင်ခြယ်ခြင်း မခံရသော်လည်း မြေပြင်ဝါနှင့် ရေပြင်ပြာအား အရောင်ခြယ်ခြင်းကို စတင်မြင်တွေ့နေရသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းမှာ ရေပြင်၊ မြေပြင်၊ လေပြင်အားလုံးပါဝင်သည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးလျှင် ကြုံတွေ့ခံစားကြရမည်မှာ ပြည်သူများပင်ဖြစ်သည်။ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် သတိထားလုပ်ဆောင်ကြရမည်။ လူတို့အတွက် မဖြစ်မနေလိုအပ်သော စွမ်းအင်အရင်းအမြစ်များအတွက် ရေသယံဇာတ၊ လေသယံဇာတ၊ နေသယံဇာတ စသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များမှာ ဈေးနှုန်းသက်သာစွာဖြင့် ဖန်တီးပေးနိုင်စွမ်းရှိသော သဘာဝအရင်းအမြစ်များဖြစ်သည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးအတွက် ရေသယံဇာတ၊ မြေသယံဇာတ၊ လေသယံဇာတများကို ပြည်သူအားလုံးက ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းပါသည်။ ။

## သဘာဝဇီဝအဝန်းနယ်မြေနှင့် ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ခံရပြီးနောက် အင်းလေးဒေသသို့ နိုင်ငံခြားခရီးသွားများ ပိုမိုဝင်ရောက်လာ



**နေပြည်တော် ဖေဖော်ဝါရီ ၁**

အင်းလေးဒေသသည် ၂၀၁၃ ခုနှစ်မှစ၍ နိုင်ငံခြားခရီးသွားများ ပိုမိုဝင်ရောက်လာပြီး သဘာဝဇီဝအဝန်းနယ်မြေနှင့် ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ခံရပြီးနောက်တွင် ပြည်တွင်းခရီးသွားများနှင့် နိုင်ငံခြားခရီးသွားများ ပိုမိုဝင်ရောက်လာကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလက နိုင်ငံခြားခရီးသွား ၁၇၉၇၇ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် ၁၉၄၈၇ ဦး လာရောက်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဧပြီမှ ဒီဇင်ဘာအထိ ၇၉၆၇၈ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဧပြီမှ ဒီဇင်ဘာအထိ ခရီးသွား ၁၄၁၇၈၉ ဦး ဝင်ရောက်ခဲ့ကြောင်း ခရီးသွားစာရင်းများအရ သိရသည်။

ထို့အပြင် ခရီးသွားများ အင်းလေးကန်အတွင်း ပိုမိုများပြားလာသည်နှင့် အမျှ အင်းရေပြင်တွင် စက်လှေများ သွားလာမှုကြောင့် အောက်ဆီဂျင်ဓာတ် လျော့နည်းသွားစေသည့်အပြင် အင်းရေတွင် ကျက်စားသည့် ငှက်၊ ငါး၊ တိရစ္ဆာန်များသည် ဆည်များနှင့် နီးရာသို့ နေရာရွှေ့ပြောင်းသွားကြမည်ကို စိုးရိမ်ကြောင်း အင်းလေးကန်သားရဲတိရစ္ဆာန်ဘေးမဲ့သဘာဝတောဌာန အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။

နော်ဝေနိုင်ငံ အခြေစိုက် Partnership for Change နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများက အင်းလေးကန်အတွင်း မောင်းနှင်နေသည့် စက်လှေများ၏ ဆူညံသံများကို ၅၀ ရာခိုင်နှုန်း လျော့ချနိုင်အောင် စမ်းသပ်မောင်းနှင်လျက်ရှိသည်။

အင်းလေးကန်အတွင်း ဟိုတယ် ၁၄ လုံးနှင့် ညောင်ရွှေမြို့ပေါ်တွင် ဟိုတယ် ၃၇ လုံး၊ မိုတယ် နှစ်လုံးရှိရာ ဟိုတယ်/မိုတယ်စုစုပေါင်း ၇၈ လုံးရှိပြီး ဒေသခံများအတွက် အလုပ်အကိုင်များကို ဖန်တီးပေးလျက်ရှိသည့်အပြင် ဒေသခံခရီးသွားလမ်းပြများကိုလည်း မွေးထုတ်ပေးထားသည်။

အင်းလေးဒေတွင် ခရီးသွားများအတွက် ဖောင်တော်ဦးစေတီနှင့် ညောင်ရွှေ ဟော်နန်းပြတိုက်၊ ညောင်ရွှေစော်ဘွားဘုန်းကြီးကျောင်း၊ ကုန်းပေါ်နေသော ရေပေါ်ဈေး၊ အင်းသားတို့၏ ငွေပန်းထိမ်၊ ပန်းပဲ၊ လက်ယက္ကန်းနှင့် လက်မှုပညာရပ်များက ဆွဲဆောင်လျက်ရှိသည်။

ခရီးသွားရေးရှည်တိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ပါဝင်သော ၂၀၁၃ ခုနှစ်မြန်မာနိုင်ငံခရီးသွား မဟာရည်မှန်းချက်များနှင့်အညီ အင်းလေးကန်စိမ်းလန်းစိုပြည်ရေးအပြင် အင်းလေးကန်ဝန်းကျင်တောင်တန်းများကိုလည်း ထိန်းသိမ်းကာ EcoTourism ဖွံ့ဖြိုးရေးကိုလည်း နိုင်ငံတကာနှင့်ပြည်တွင်းအဖွဲ့အစည်းများက ဒေသခံလူမှုစီးပွားကို အခြေခံကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သန့်ဇင်ဝင်း)**

## အချိန်အခါမဲ့ ရွာသွန်းသည့်မိုးကြောင့် ဝေါမြို့နယ်ရှိ ပဲစိုက်ခင်းများ ပဲထွက်နှုန်းကောင်းမွန်မည်ဟုဆို

**ဝေါ ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှ ပဲစိုက်ခင်းများတွင် လွန်ခဲ့သည့်ရက်ပိုင်းက ရွာသွန်းခဲ့သော အချိန်အခါမဲ့မိုးကြောင့် ယခုနှစ်တွင်ပဲထွက်နှုန်းကောင်းမွန်မည်ဖြစ်ကြောင်း သိရသည်။

ဆောင်းကာလသည် လယ်ယာမြေများတွင် အောက်စမ်းပြတ်စအချိန်ဖြစ်၍ လွန်ခဲ့သောရက်ပိုင်းကရွာသွန်းခဲ့သော အချိန်အခါမဲ့ မိုးသည် မြေသားအစိုဓာတ်ရသဖြင့် ပဲပင်များအတွက် များစွာအကျိုးဖြစ်ထွန်းသည့်အပြင် အပင်များတွင်ကျရောက်မည့် ပိုးမွှားလည်းကင်းစင်သွားသဖြင့် ယခုနှစ်တွင် ဝေါမြို့နယ်အတွင်း ပဲအထွက်နှုန်းကောင်းမွန်၍ ပဲစိုက်တောင်သူများ အကျိုးအမြတ်ဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။

ပဲစိုက်တောင်သူတစ်ဦးက "ပဲစိုက်တောင်သူတွေအနေနဲ့ အခုလိုခူးဆွတ်ခါနီးအချိန်မှာ ကြောက်တာက မိုးအုံ့မှာကိုပါ။ မိုးအုံ့ရင် အပင်တွေမှာ ပြပိုးတွေကျတယ်။ မိုးရွာလိုက်တဲ့အခါမှာ မိုးရေကြောင့်ပိုးမွှားကင်းစင်သွားတယ်။ မြေကြီးလည်း အစိုဓာတ်ရပြီး အပင်တွေက ရေပိုမိုစုပ်ယူရတော့ အပင်နဲ့အသီးအတွက် အထောက်အကူဖြစ်တယ်။ မိုးကြောင့် အပွင့်တွေကြွေတယ်ဆိုပေမယ့်လည်း ရက်ပိုင်းအတွင်းမှာပဲ ပွင့်သစ်တွေ ပြန်ထွက်ပြီး အသီးပိုသီးတယ်"ဟု ပြောသည်။

ယခုနှစ် ဝေါမြို့နယ်တွင် ရွှေဝါထွန်းတစ်တင်းလျှင် ငွေကျပ် ၄၃၀၀၀ နှင့် ပဲလွန်းဖြူ တစ်တင်းလျှင်ငွေကျပ် ၂၈၀၀၀ ဈေးပေါက်လျက်ရှိရာ ယမန်နှစ်ကထက် တစ်တင်းလျှင်ငွေကျပ် ၅၀၀၀ ဈေးပိုရကြောင်း သိရသည်။

**(ရဲခေါင်ဦး )**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်(ရွှေဈေး) ၇၇၆၀၀၀ - ၇၇၆၀၀၀၊ မန္တလေး(ရွှေဈေး) ၇၇၅၅၀၀ - ၇၇၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၄၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၁၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၉၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၄၀ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

**၂၅-၁-၂၀၁၆ ရက်နေ့မှ ၂၉-၁-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၇၇ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၃၆၇ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၉၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၀၁. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၆. ၆၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၆. ၁၉၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၁၁. ၁၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၀၄၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၆၆. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၆. ၉၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၂. ၅၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၇. ၀၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

**ပြည်တွင်းရေးရာ**

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် အတွင်းလမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ရေဘေးသင့်ဒေသပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး-အမြန်လမ်း (နေပြည်တော်-မန္တလေးအပိုင်း)မှတစ်ဆင့် စစ်ကိုင်း-ရွှေဘိုလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ ရွှေဘို-ရေဦးလမ်းနှင့် ရေဦး-တန့်ဆည်-ကလေးဝလမ်းအား ကတ္တရာခင်းခြင်း၊ ကျောက်ခင်းခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ အပိုင်းလိုက်ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၂)မှ တည်ဆောက်နေသော ချင်းတွင်းတံတား (ကလေးဝ) တည်ဆောက်ရေးလုပ်ငန်းခွင် ကလေးဝဘက်ကမ်းသို့ ရောက်ရှိပြီး ချဉ်းကပ်လမ်းဖောက်လုပ်ထားရှိမှု၊ တံတားတိုင်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် A1 မှ P1 ကြား Overlay Slab သံဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



ချင်းတွင်းတံတား(ကလေးဝ)၏ လုပ်ငန်းများ (၇၀) ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ တံတားကြီးပြီးစီးသွားပါက ချင်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးသို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး တမူး၊ ကလေး၊ မော်လိုက်၊ ကလေးဝမြို့များမှ တန့်ဆည်၊ ရေဦး၊ မုံရွာနှင့် ရွှေဘိုမြို့များသို့ ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်လာမှာဖြစ်သလို နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ဆက်လက်၍ ကလေးဝ-ကျီကုန်း-တမူးလမ်း (ကလေးဝ-ကျီကုန်းအပိုင်း)လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရေတိုက်စားသည့်နေရာများတွင် လမ်းချဲ့ခြင်း၊ မြေထိန်းနံရံများနှင့် ရေကာနံရံများ တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း၊ မိုင်တိုင် (၁၁/၂) နှင့် (၁၁/၃)ကြားရှိ ကတ္တရာ ကွန်ကရစ်(AC) ထုတ်လုပ်နေမှုနှင့် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ လိုအပ်ချက်များမှာကြားသည်။

ထို့နောက် ကလေးမြို့နယ်၌ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိသည့် ချောင်းကျဉ်းကျေးရွာ၊ ခရေမြိုင်ကျေးရွာ၊ ကျောက်ကာကျေးရွာ၊ နတ်ကြီးကုန်းကျေးရွာနှင့် ကျီကုန်းကျေးရွာတို့တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော နေအိမ်များအစား အိုးသစ်အိမ်သစ်များ ဆောင်ရွက်ပြီးစီးမှု၊ ပြည်သူများ ပြောင်းရွှေ့နေထိုင်မှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး ကလေးမြို့သို့ ရောက်ရှိခဲ့သည်။

၎င်းနောက် ကလေး-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ် (၇၈/၃ နှင့် ၇၈/၄)ကြား ချင်းဆိုင်တံတားနှင့် မိုင်တိုင်အမှတ်(၇၈/၁ နှင့် ၇၈/၂) ကြား ဇင်းကလင်းတံတားများ တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း၊ ကလေး-နတ်ချောင်း-ဖလမ်းလမ်း အခြေအနေနှင့် သဘာဝဘေးဒဏ်ကြောင့် ရေထဲမျောပါ ပျက်စီးသွားသော ငဆစ်ဗားတံတားနေရာတွင် ဘေလီတံတား အစားထိုးတည်ဆောက်ပြီးစီးမှုနှင့် ဗားရ်တံတားကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ဆက်လက်၍ ကလေး-ဖလမ်း-ဟားခါးလမ်း (ဖလမ်း-ဟားခါးအပိုင်း)တွင် သဘာဝဘေးဒဏ်ကြောင့် တောင်ပြိုခြင်း ၊ လမ်းသားပျက်ကျသည့် နေရာများအား စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်ခြင်း၊ လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေဘေးသင့်ပြည်သူများအား မူလအနေအထားထက် သာလွန်ကောင်းမွန်အောင် နေထိုင်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော လူနေအိမ်များအစား ပိုမိုကောင်းမွန်သော အိုးသစ်၊ အိမ်သစ်များကို သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခု ဟားခါးမြို့ ပြန်လည်ထူထောင်ရေးအတွက် ဧက ၅၂၀ ကျယ်ဝန်းသော မြေနေရာတွင် မြို့ကွက်သစ် ဖော်ထုတ်ပြီးမြတ်နိုးသူကုမ္ပဏီနှင့် တင်ဝင်းထွန်းကုမ္ပဏီတို့ ပူးပေါင်းပြီး လူနေအိမ်များဆောင်ရွက်ပြီးစီးမှု၊ ပြည်သူများနေထိုင်နေမှု၊ ရေ၊ မီးရရှိရန် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြောင်းရွှေ့နေထိုင်သည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ဟားခါးမြို့တွင် အဆောက်အအုံဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) အဆောက်အအုံအထူးအဖွဲ့(၆)မှ တည်ဆောက်နေသော နှစ်ထပ်စာသင်ဆောင် နှစ်လုံး၊ နှစ်ထပ်ကျောင်းအုပ်ကြီး နေအိမ်နှင့် ဆရာဆရာမများနေအိမ် ဆောက်လုပ်ခြင်းနှင့် တစ်ထပ်(၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ နှစ်ထပ် ကျောင်းသားကျောင်းသူများ အိပ်ဆောင်ဆောက်လုပ်ခြင်း လုပ်ငန်းများနှင့် လျှပ်စစ်မီး၊ ရေရရှိရေးနှင့် အဆောက်အအုံ အဝင်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံ အဝင်လမ်းအား ဦးစားပေးဆောင်ရွက်ရန်၊ အဆောက်အအုံများကို စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး၊ လက်ရာသေသပ်ကောင်းမွန်ရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ထူးချွန်ကြက်ခြေနီများ မန္တလေးတွင် ရွေးချယ်

**မန္တလေး ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ၂၀၁၅ ခုနှစ် ထူးချွန်ကြက်ခြေနီရွေးချယ်ပွဲများကို ယနေ့နံနက် ၉ နာရီက လမ်း (၇၀) ၂၇လမ်း×၂၈လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမများ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထူးချွန်စာမေးပွဲ လာရောက်ဖြေဆိုကြသော ရဲဘော်ရဲမေတို့အား မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဗဟိုကောင်စီဝင် ဦးဘုန်းကျော်တို့က အမှာစကားပြောကြသည်။ အဆိုပါ ထူးချွန်စာမေးပွဲတွင် ကြက်ခြေနီအကြောင်း အရာဆိုင်ရာများ၊ ရှေးဦးပြုစုခြင်းဆိုင်ရာ နည်းပညာများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်တစ်ဦး၏ တာဝန်ဝတ္တရားများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်တိုင်း လိုက်နာရမည့် ကျင့်ဝတ်အပါး(၅၀)နှင့် အထွေထွေဗဟုသုတဆိုင်ရာများကို စာတွေ့၊ လက်တွေ့၊ လူတွေ့၊ စစ်ဆေးမှုအပြင် စစ်ရေးပြသင်ခန်းစာများကိုပါ စနစ်တကျစစ်ဆေးကြသည်။

"မေးခွန်းက တော်တော်ခက်တယ်" ဟု ထူးချွန်လာရောက် ဖြေဆိုသူတစ်ဦးကလည်း စာဖြေအပြီး ရင်ဖွင့်ခဲ့သည်။

"ကျွန်မ ကြက်ခြေနီဆိုင်ရာစာမေးပွဲတွေ ဖြေဆိုခဲ့ဘူးပါတယ်။ ဒါပေမယ့် ဒီနေ့ ထူးချွန်စာမေးပွဲ မေးခွန်းလောက် စိတ်မရှုပ်ရဘူး။ မေးခွန်းက စာမဖတ်တဲ့သူတွေဆိုရင်တော့ ဖြေနိုင်မယ်မထင်ပါဘူး။ ဘာလို့လဲဆိုတော့ စာဖတ်အားကောင်းမှ အမှတ်ပြည့်ရနိုင်မယ့်သဘောပါ။ ကျွန်မတို့ စာဖတ်ဖို့လိုပြီ၊ ပိုကြိုးစားဖို့လိုပြီဆိုတာ ဒီစာမေးပွဲက သတိပေးလိုက်တဲ့အတွက် ကျေးဇူးပါလို့ ပြောချင်ပါတယ်။ ကျွန်မ အကောင်းဆုံးကြိုးစားဖြေဆိုခဲ့လို့ ရလဒ်ကောင်းမှာပါ။ စာဖြေမေးခွန်းက ကြက်ခြေနီဆိုင်ရာကဏ္ဍစုံကို မေးထားတဲ့သဘောပါ"ဟု ထူးချွန်စာမေးပွဲလာရောက် ဖြေဆိုသော ရဲမေတစ်ဦးက ဆိုသည်။

"လာရောက်ပြီး ကိုယ်စားပြုဖြေဆိုတဲ့ လူငယ်တိုင်းဟာ စာမဖတ်ကြသလို ပြင်ဆင်မှုတွေ အားနည်းတယ်လို့ ထင်ပါတယ်။ သိသင့်တဲ့မေးခွန်းတွေ သူတို့မသိသလို စစ်ရေးပြတွေလဲ အားနည်းတာ တွေ့ရပါတယ်။ ဒါကြောင့် နောက်နှစ်တွေမှာ ထူးချွန်စာမေးပွဲစေလွှတ်မယ့် သက်ဆိုင်ရာ ကြက်ခြေနီအသင်းခွဲတိုင်း ဒီ့ထက်အဆပေါင်းများစွာ ကြိုးစားပြင်ဆင်သွားကြဖို့လိုအပ်မယ်။ အခုက သူတို့ သိပ်ပြင်ဆင်မှုမရှိဘဲ စေလွှတ်လိုက်သလိုဖြစ်မယ်ထင်ပါတယ်ဟု အမှတ်ပေးဒိုင်အဖြစ် ဆောင်ရွက်ခဲ့သော ကော်မတီဝင်တစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ၂၀၁၅ ခုနှစ် ထူးချွန်ကြက်ခြေနီစာမေးပွဲကို မြို့နယ် (၁၄) မြို့နယ်မှ ကိုယ်စားပြုများ၊ တက္ကသိုလ်ကောလိပ်ကြက်ခြေနီအသင်းခွဲ(၆)ခုမှ ကိုယ်စားပြုများ စုစုပေါင်း ၂၀ လာရောက်ဖြေဆိုရာ ၂၀၁၅ ခုနှစ် ထူးချွန်ကြက်ခြေနီများအဖြစ် (၁) မောင်အောင်ချမ်းဦး (ပြည်ကြီး တံခွန်မြို့နယ်)၊ (၂)မောင်အောင်ကိုကို(ပြင်ဦးလွင်မြို့နယ်)၊(၃) မောင်ဝေဖြိုး(မိုးကုတ်မြို့နယ်)၊ (၄) မသန်းမြတ်ကြိုင် (မြစ်သားမြို့နယ်)၊ (၅)မဇင်မာလင်း (ပုသိမ်ကြီးမြို့နယ်) (၆)မောင်ကောင်းထက်စိုး (မိတ္ထီလာမြို့နယ်)၊ (၇)မသီတာဖြူ (အောင်မြေသာစံမြို့နယ်)၊ (၈)မဆွေကမ္ဘာအောင် (နည်းပညာတက္ကသိုလ်)၊ (၉)မယမင်းသီရိခိုင် (တိုင်းရင်းဆေးတက္ကသိုလ်) တို့ ရွေးချယ်ခံရပြီး အဆိုပါ ရွေးချယ်ခံရသူများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးမှ ထိုက်တန်စွာ ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုးဦး(မန္တလေး)**

# (၃၂၅)ကြိမ် အောင်ဘာလေသိန်းဆုဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၅၀၀)**

ကဆ-၈၂၇၁၁၆

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၁၀၀၀)**

| | |
|---|---|
| ယ-၄၈၀၈၁၂ | သ-၈၄၉၆၅၄ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀၀)ဆုများ**

| | |
|---|---|
| ကဆ-၂၀၄၇၁၀ | င-၄၃၁၅၃၅ |
| ကဂ-၄၆၆၀၀၀ | ပ-၅၆၈၃၀၂ |
| သ-၆၄၈၉၇၁ | |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၃၀၀)ဆုများ**

| | |
|---|---|
| န-၂၀၈၃၈၈ | ကင-၇၂၉၉၉၇ |
| င-၄၇၂၂၆၂ | ကဂ-၈၁၈၃၁၁ |
| င-၄၉၇၀၁၇ | ကစ-၈၈၄၂၁၉ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၂၀၀)ဆုများ**

| | |
|---|---|
| ဠ-၁၀၅၂၈၅ | မ-၆၄၉၉၂၅ |
| သ-၃၁၁၅၉၈ | ဒ-၇၈၃၀၄၁ |
| ပ-၄၃၁၅၆၃ | ဟ-၇၈၅၁၆၆ |
| ည-၄၈၄၀၆၇ | |

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုမဲများ**

| | |
|---|---|
| ခ-၁၉၀၁၁၃ | ဍ-၃၃၃၈၉၆ |
| ရ-၅၂၁၆၅၆ | ဖ-၉၂၅၂၅၂ |
| ဇ-၁၉၆၄၀၅ | ယ-၃၃၃၉၅၈ |
| ကက-၅၆၃၈၂၁ | ဆ-၉၇၉၇၆၁ |
| င-၁၉၈၆၄၂ | ဏ-၃၅၄၁၃၈ |
| ဃ-၅၇၂၇၆၇ | ဘ-၉၉၆၅၃၇ |
| ကဃ-၂၆၃၄၀၈ | ကဆ-၃၇၃၂၅၂ |
| ကဃ-၆၃၉၉၄၄ | ပ-၂၈၇၈၆၁ |
| ဠ-၄၈၅၈၁၉ | ည-၉၂၁၅၃၂ |

○ ရှေ့ဖုံးမှ

၁၂ သိန်းတန်အိမ်သစ် ပြန်ဆောက်ပေးကြောင်း၊ မိသားစုဝင် ငါးဦးနှင့်အထက်ဆိုပါက သိန်း ၂၀ တန် အိမ်အသစ် ပြန်ဆောက်ပေးကြောင်း၊ C အဆင့်ဝင်သည့်အိမ်များကို ကနဦးက ပျက်စီးမှုအတွက်သာ ထောက်ပံ့ပေးသော်လည်း ငွေပိုလျှံခြင်းကြောင့် C အဆင့်ကဲ့သို့ပင် ဆောက်လုပ်ပေးကြောင်း၊ A နှင့် B အဆင့်ဝင်အိမ်များကိုမူ ရိက္ခာထောက်ပံ့ပေးကြောင်း ဦးဝေလွင်ဖြိုးက ပြောသည်။

ကလေးမြို့တစ်မြို့လုံးအတိုင်းအတာအရ A အဆင့်အဖြစ်သတ်မှတ်ခံရသည့် နေအိမ်ပေါင်း ၅၀၀၀ ကျော်ခန့်ရှိပြီး B အဆင့်နေအိမ်ပေါင်း ၁၃၀၀၀ ကျော်ရှိကြောင်း၊ C အဆင့်နေအိမ်ပေါင်း ၆၇၆ လုံးရှိပြီး D အဆင့်နေအိမ်ပေါင်းမှာ ကနဦးက ၃၅၈ လုံးဟု သတ်မှတ်ခဲ့သော်လည်း နှစ်အိမ်မှာ D အဆင့်မဝင်တော့၍ ၃၅၆ လုံးဖြစ်ကြောင်း သိရသည်။

ယခုလ ၂၁ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ရမည့် C အဆင့်နေအိမ် ၃၉၄ လုံး၊ ပြုပြင်ပြီးစီးမှုအခြေအနေမှာ ကိုးလုံးသာ အလုံးစုံပြီးစီးသေးပြီး ၈၅ လုံးကို ဆောင်ရွက်လျက်ရှိကာ မဆောင်ရွက်ရသေးသော နေအိမ်ပေါင်း ၃၀၀ ကျန်ရှိနေသေးကြောင်း သိရသည်။

D အဆင့်ဝင်နေအိမ်များ ပြန်လည်ဆောက်လုပ်ပေးမှုမှာ အလုံးစုံပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ နယ်မြေ(၂)မှာတော့ ပျက်စီးသွားတဲ့နေအိမ်က ၁၁၅ လုံးလောက်ရှိတယ်။ ပြန်ဆောက်ပြီးသွားတာကတော့ ၆၅ လုံးလောက်ရှိမယ်။ အဲဒါတွေကို တောင်ကုန်းမြေလွတ်တွေမှာ ဆောက်ပေးသလို အခြားနေရာတွေမှာ ပြန်ဆောက်ပေးနေတာလည်းရှိတယ်။ ဆောက်ပြီးတဲ့အိမ်တွေမှာတော့ နေနေကြပါပြီ။ မဆောက်ရသေးတဲ့ အိမ်ထောင်စုတွေကတော့ အဆင်ပြေရာမှာပဲ တဲထိုးပြီးနေကြတယ်။ အဆင်ပြေသလိုပဲ စားသောက်နေကြရပါတယ်။ အပျက်အစီးကြီးကြီးမားမားမရှိတဲ့ အိမ်တွေကတော့ အစိုးရဆောက်ပေးတာယူမလား၊ ဒါမှမဟုတ် ထောက်ပံ့ကြေးပဲယူမလားဆိုပြီးတော့ မေးသွားတာတော့ရှိတယ်။ ခုထိတော့ သေချာမသိသေးပါဘူး"ဟု ကလေးမြို့ ကျီကုန်း (နယ်မြေ-၂)မှ နယ်မြေမှူး ဦးစန်းမြင့်က နေအိမ်များပြန်လည်ဆောက်လုပ်ပေးနေမှုနှင့် ပတ်သက်၍ ရှင်းပြသည်။

ကလေးမြို့၌ ရေကြီးရေလျှံမှုဖြစ်စဉ်များဖြစ်ပွား၍ နေအိမ်များ ပျက်စီးခဲ့ရသလို မြစ်ကမ်းပါးအနီးရှိနေအိမ်များမှာ ကမ်းပါးပြိုကျမှုကြောင့် လုံးဝပျက်စီးခဲ့သည်များလည်းရှိသည်။ အနည်းအကျဉ်းသာပျက်စီးမှုရှိသည့် တချို့နေအိမ်များမှာ ကိုယ့်အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်နေထိုင်ကြသလို အိမ်သစ်မရသေး၍ တဲထိုးပြီးနေထိုင်ကြသူများ၊ နီးစပ်ရာ ဆွေမျိုးများထံတွင် ခိုလှုံနေကြသူများလည်း ရှိကြောင်း သိရသည်။

# အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်ရန်လိုအပ်ပုံ တောင်ကိုရီးယားပြော



**ဆိုးလ် ဖေဖော်ဝါရီ ၁**

မြောက်ကိုရီးယားနိုင်ငံ၏ ပဲ့ထိန်းဒုံးကျည်နှင့် နျူကလီးယားခြိမ်းခြောက်မှုများကို ပိုမိုရင်ဆိုင်နိုင်စေရေးအတွက် ကိုရီးယားကျွန်းဆွယ်၌ အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်ရန် လိုအပ်ပုံကို တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကိုရီးယားကျွန်းဆွယ်၌ THAAD ဒုံးကျည်**(ယာပုံ)**ကာကွယ်ရေးစနစ်ကို ဖြန့်ကြက်နိုင်မည်ဆိုပါက တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးနှင့် လုံခြုံရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် အသစ်ခန့်အပ်ခံရသူ မွန်ဆောင်ကွန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် ပြည်တွင်းနည်းပညာဖြင့် ကိုရီးယားလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ဟု အမည်ပေးထားသော ဒုံးကျည်ကာကွယ်ရေး စနစ်တစ်ရပ်ကို ပြည်တွင်း၌ အပြီးတည်ဆောက်ရန်လည်း စီစဉ်လျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် တာဝေးပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်နှင့် တာလတ်ပစ်မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်စနစ်များကိုလည်း သုတေသနပြုတည်ဆောက်လျက်ရှိသည်။ ယင်းဒုံးကျည်စနစ်များကို ဒုံးကျည်ကာကွယ်ရေး စနစ်သစ်အတွက် ရည်ရွယ်ထုတ်လုပ်မည်ဖြစ်သည်။ **ဆင်ဟွာ။**

# နိုင်ဂျီးရီးယားတွင် ဘိုကိုဟာရမ်စစ်သွေးကြွများက လူဒါဇင်ပေါင်းများစွာကို သတ်ဖြတ်

**အဘူဂျာ ဖေဖော်ဝါရီ ၁**

အစ္စလာမ္မစ်အစွန်းရောက် ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့၏တိုက်ခိုက်မှုကြောင့် နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းရှိ ရွာတစ်ရွာတွင် အနည်းဆုံး လူ ၆၅ ဦးခန့် သေဆုံးခဲ့ရသည်။

စစ်သွေးကြွအစွန်းရောက်များသည် မော်တော်ဆိုင်ကယ်နှင့်ကားများစီး၍ ဇန်နဝါရီ ၃၀ ရက်တွင် အဆိုပါကျေးရွာသို့ ရောက်ရှိလာခဲ့ပြီး ဒေသခံရွာသူ ရွာသားများကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သကဲ့သို့ နေအိမ်များကိုလည်း မီးရှို့ခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။ အမျိုးသမီးသုံးယောက်ကလည်း အသေခံဗုံးဖောက်ခွဲမှုများပြုလုပ်ခဲ့သည်ဟု ဆိုသည်။ ဒေသခံဆေးရုံတစ်ရုံမှ တာဝန်ရှိသူများ၏အဆိုအရ သေဆုံးသူ အနည်းဆုံး ၆၅ ဦးရှိသည်ဟု ရိုက်တာသတင်းဌာန၌ ဖော်ပြထားပြီး အခြားသတင်းအရင်းအမြစ်များတွင်မူ သေဆုံးသူ ၈၀ ကျော်ရှိသည်ဟု ဖော်ပြကြသည်။

အဆိုပါလုပ်ရပ်သည် နိုင်ဂျီးရီးယားနိုင်ငံမှ ဘိုကိုဟာရမ်အစွန်းရောက်စစ်သွေးကြွအဖွဲ့၏ လက်ချက်ဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းမီဒီယာများတွင် ရေးသားဖော်ပြကြသည်။ ဇန်နဝါရီ ၃၁ ရက်တွင်လည်း အိမ်နီးချင်း ချဒ်နိုင်ငံတွင် ဘိုကိုဟာရမ်အဖွဲ့၏ လက်ချက်ဟု ယူဆရသည့် အသေခံဗုံးဖောက်ခွဲမှုနှစ်ခုကြောင့် လူသုံးဦး သေဆုံးပြီး ၆၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။



**ဘိုကိုဟာရမ်စစ်သွေးကြွများ မီးရှို့တိုက်ခိုက်သွားပြီးနောက် မီးလောင်ပြင်ကို ကြည့်ရှုနေသည့် နိုင်ဂျီးရီးယားအမျိုးသမီးနှင့် ကလေးငယ်များ။**

ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့သည် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး( အိုင်အက်စ်အဖွဲ့)ကို သစ္စာခံထားသည်ဟု ကြွေးကြော်ထားပြီး နိုင်ဂျီးရီးယားနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ ယင်းအဖွဲ့သည် အမျိုးသမီးများကို အသေခံဗုံးဖောက်ခွဲရေးသမားများဖြစ်လာစေရန် အတင်းအကျပ်စေခိုင်းခဲ့သည်။

ဘိုကိုဟာရမ်အဖွဲ့၏ သတ်ဖြတ်မှုကြောင့် လူဦးရေ ၁၇၀၀၀ ခန့်သေဆုံးခဲ့ရပြီး လူဦးရေ ၂ ဒသမ ၅ သန်းခန့်သည် အိုးအိမ်များစွန့်ခွာထွက်ပြေးနေရသည်။ **အင်န်အိတ်ချ်ကေ။**

## တူရကီပိုင်နက်ကို ချိုးဖောက်သည်ဟု ရုရှားကို နေတိုးအဖွဲ့က သတိပေး

**ဘရပ်ဆယ် ဖေဖော်ဝါရီ ၁**

တူရကီနိုင်ငံ၏ လေကြောင်းပိုင်နက်ကို ရုရှားစစ်လေယာဉ်တစ်စင်းက ကျူးကျော်ဝင်ရောက်ခဲ့သည်ဟု ဆိုကာ ရုရှားသံအမတ်ကြီးကို တူရကီအစိုးရက ဆင့်ခေါ်ကာ ကန့်ကွက်ခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ရုရှားနိုင်ငံအနေဖြင့် တာဝန်ယူမှုရှိရှိဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)က သတိပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားတိုက်လေယာဉ် တစ်စင်းသည် ထပ်တလဲလဲ သတိပေးချက်များကို အလေးမမူဘဲ ဇန်နဝါရီ ၃၀ ရက်က တူရကီလေကြောင်းပိုင်နက်ကို ချိုးဖောက်ခဲ့ကြောင်း နေတိုးအတွင်းရေးမှူးချုပ် ဂျင်းစတိုတင်ဘတ်က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ယခင်ဖြစ်စဉ်များအရ လေကြောင်းပိုင်နက်ချိုးဖောက်ခြင်းသည် ဘေးအန္တရာယ်ကြီးမားပုံကို ဖော်ကျူးနေကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

လေကြောင်းပိုင်နက် ချိုးဖောက်မှုလုပ်ရပ်များ နောက်ထပ်ပေါ်ပေါက်လာခြင်း မရှိစေရေးအတွက် လိုအပ်သော အစီအစဉ်များကို ရုရှားအစိုးရက ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# တရုတ်နိုင်ငံတွင် ၂၀၁၅ ခုနှစ်အတွင်း ကင်ဆာရောဂါကြောင့် သေဆုံးသူ ၂ ဒသမ ၈ သန်း ရှိဟုဆို

**ပေကျင်း ဖေဖော်ဝါရီ ၁**

တရုတ်နိုင်ငံတွင် ကင်ဆာရောဂါများ ဖြစ်ပွားခြင်းကြောင့် ၂၀၁၅ ခုနှစ်အတွင်း လူပေါင်း ၂ ဒသမ ၈ သန်းခန့်အထိ သေဆုံးခဲ့ရကြောင်း၊ ယင်းကိန်းဂဏန်းအရ တရုတ်နိုင်ငံတွင် အဆိုပါနှစ်အတွင်းက တစ်ရက်လျှင် နေ့စဉ် လူ ၇၅၀၀ ကျော်မှာ ကင်ဆာရောဂါဖြင့် သေဆုံးခဲ့ရကြောင်း တရုတ်ပညာရှင်များ၏ လေ့လာချက်အရ သိရသည်။

ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းနှင့် ယင်းရောဂါကြောင့် သေဆုံးသူအရေအတွက် မြင့်မားလာနေခြင်းသည် တရုတ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုတွင် အဓိကရင်ဆိုင်နေရသည့် ပြဿနာဖြစ်ကြောင်း အမေရိကန်ဆေးပညာ ဂျာနယ်တစ်စောင်ဖြစ်သည့် ဆေးကုသရေးသမားတော်များအတွက် ကင်ဆာအမည်ရှိ ဂျာနယ်၌ ရေးသားဖော်ပြသည်။

လတ်တလောကာလတွင် ကင်ဆာရောဂါ လက္ခဏာတွေ့ရှိရသူ ဦးရေ ၄ ဒသမ ၃ သန်းရှိပြီး နေ့စဉ် တိုးပွားနေသည့် ဝေဒနာရှင်ဦးရေမှာ တစ်ရက်လျှင် ၁၂၀၀၀ ခန့်ရှိနေကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ရောဂါဖြစ်ပွားသူ လူနာသစ်ဦးရေ တိုးတက်နှုန်းမှာ မြင့်မားကြောင်း ပြသနေသည်။



၂၀၁၂ ခုနှစ်တွင် ကင်ဆာရောဂါကြောင့် လူနှစ်သန်းကျော်သေဆုံးခဲ့ပြီး ရောဂါ လက္ခဏာတွေ့ရှိသူ ၃ ဒသမ ၁၂ သန်းရှိခဲ့ကြောင်း ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော စာရင်းဇယားများ၌ ခန့်မှန်းဖော်ပြခဲ့သည်။

အထက်ပါ ကိန်းဂဏန်းများမှာ တိကျသေချာကြောင်း မပြောနိုင်သော်လည်း ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ဒေသပေါင်း ၇၂ ခုတွင် မှတ်ပုံတင်ထားသော ကင်ဆာရောဂါ ဝေဒနာရှင်များ၏ ကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံကာ တွက်ချက်ထားခြင်းဖြစ်သည်။ **ဆင်ဟွာ။**

## လိမ်လည်မှုစွပ်စွဲချက်များဖြင့် သီရိလင်္ကာသမ္မတဟောင်းဇနီးအား စုံစမ်းစစ်ဆေး

**ကိုလံဘို ဖေဖော်ဝါရီ ၁**

သီရိလင်္ကာသမ္မတဟောင်း မဟင်ဒါရာဂျာပတ်ခ်စာ၏ ဇနီး ရှီရန်သီရာဂျာပတ်ခ်စာအား ယခင်အစိုးရလက်ထက်အတွင်း လိမ်လည်မှုစွပ်စွဲချက်များနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၁ ရက်တွင် စုံစမ်းစစ်ဆေးသူများက စုံစမ်းမေးမြန်းခဲ့ကြောင်း သိရသည်။

ခင်ပွန်းသည်၏ သမ္မတသက်တမ်းအတွင်း မီဒီယာဆိုင်ရာ အတွင်းရေးမှူးဖြစ်သူအတွက် အိမ်တစ်လုံးခွဲဝေချထားပေးရန် အိမ်ရာဝန်ကြီးဌာနသို့ ၎င်းက ညွှန်ကြားခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ ရှီရန်သီမှာ လိမ်လည်မှုနှင့် အကျင့်ပျက်ချစားမှုဆိုင်ရာ စုံစမ်းရေးကော်မရှင် (PRECIFAC) ရှေ့မှောက်သို့ လာရောက်အစစ်ဆေးခံခဲ့ရသည်။ သီရိလင်္ကာရူပီး ၅ ဒသမ ၅ သန်း တန်ကြေးရှိသောအိမ်တစ်လုံးကို သူ၏ မီဒီယာဆိုင်ရာ အတွင်းရေးမှူးအား ရူပီးငါးသိန်းဖြင့်ရောင်းချခဲ့သည်ဟု ဆိုသည်။ သီရိလင်္ကာသမ္မတဟောင်းနှင့်ဇနီးက စွပ်စွဲချက်များအားလုံးကို ငြင်းဆန်လိုက်ပြီး ယခင်အစိုးရအဖွဲ့ဝင်များအား ဖယ်ရှားသုတ်သင်ရေး ဆောင်ရွက်နေမှုများအတွက် အစိုးရအဖွဲ့သစ်ကို အပြစ်ဖို့လိုက်သည်။ သမ္မတဟောင်း မဟင်ဒါရာဂျာပတ်ခ်စာမှာ ပြီးခဲ့သည့်နှစ်ကကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ၌ တစ်ချိန်က သူ့လက်အောက်၌ ကျန်းမာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ မိုင်သရီပါလာဆီရိစီနာအား ရှုံးနိမ့်ခဲ့သည်။

ဆီရိစီနာ ရွေးကောက်ပွဲတွင်အနိုင်ရရှိပြီး အစိုးရသစ်ဖွဲ့စည်းချိန်ကတည်းက သမ္မတဟောင်း မဟင်ဒါရာဂျာ ပတ်ခ်စာနှင့် သူ၏မိသားစုအပါအဝင် ယခင်အစိုးရအဖွဲ့မှ အဆင့်မြင့်တာဝန်ရှိသူများအားလုံးမှာ အကျင့်ပျက်ချစားမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုခံခဲ့ရသည်။ သီရိလင်္ကာနိုင်ငံရှိ အားကစား၊ လူနေထိုင်မှုဟန်ပန်နှင့် စီးပွားရေးရုပ်သံလိုင်းတစ်ခုဖြစ်သည့် Carlton Sports Network (CSN) တွင် လိမ်လည်မှုနှင့်ပတ်သက်၍ ဇန်နဝါရီ ၃၀ ရက်က သမ္မတဟောင်း မဟင်ဒါရာဂျာပတ်ခ်စာ၏ ဒုတိယမြောက်သားဖြစ်သူ ယိုရှိသာအားဖမ်းဆီးကာ ရမန်နှစ်ပတ် ပေးခဲ့သည်။ CSN အား သမ္မတဟောင်းမဟင်ဒါရာဂျာပတ်ခ်စာ မိသားစုပိုင်ဆိုင်သည်ဟုဆိုသော်လည်း စုံစမ်းစစ်ဆေးသူများ၏စုံစမ်းမှုတစ်ရပ်ကြောင့် သဲလွန်စပေါ်လာခဲ့သည့် ရုပ်သံနှင့် ဆက်စပ်သော အကျင့်ပျက်ချစားမှုများနှင့် လိမ်လည်မှုဖြစ်ပွားပြီးနောက် ယင်းရုပ်သံလိုင်းမှာ အခြေအတင်အငြင်းပွားစရာတစ်ခုဖြစ်လာခဲ့သည်။ **ဆင်ဟွာ။**

# အမျိုးသားစာပေဆုချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် စာအုပ်များပေးပို့ကြရန် စာရေးသူများ၊ စာပေထုတ်ဝေဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်များသို့ မေတ္တာရပ်ခံနှိုးဆော်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သော အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဖွဲ့စည်းကာ ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ထုတ်ဝေသော စာအုပ်များကို ဘာသာရပ် ၁၆ မျိုးခွဲခြား၍ အမျိုးသားစာပေဆုများ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသည်။

အမျိုးသားစာပေဆုသည် နိုင်ငံတော်အဆင့် စာပေဆုဖြစ်၍ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရာတွင် လွတ်လပ်ပြီး မျှတမှုရှိစေရန် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ မပါဝင်စေဘဲ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ဖွဲ့စည်းထားသည်။ ရွေးချယ်ရာတွင်လည်း ဆုရသင့်၊ ရထိုက်သည့် စာအုပ်များရရှိစေရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့် သုံးဆင့်ပိုင်းခြား စိစစ်ရွေးချယ်လျက်ရှိသည်။

ယခုအခါထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ မူပိုင်ခွင့်မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးပို့ရမည့် စာအုပ်စာရင်းများတွင် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွက် မပါရှိတော့ပါ။ သို့ပါ၍ ၂၀၁၅ ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ်ထုတ် စာအုပ်များမှ လေးအုပ်စီကို စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီသို့ ပေးပို့နိုင်ရေး ၁၉-၇-၂၀၁၅ ရက်နှင့် ၁၆-၁၁-၂၀၁၅ ရက်တို့တွင် နှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်ထိ စာအုပ်စုစုပေါင်း ၃၁၅ အုပ်လက်ခံရရှိပြီးဖြစ်သည်။ ဘာသာရပ်အလိုက်ခွဲခြားလျှင် ဝတ္ထုရှည် ၁၉ အုပ်၊ ဝတ္ထုတိုပေါင်းချုပ် ၃၄ အုပ်၊ ကဗျာပေါင်းချုပ် ၁၅ အုပ်၊ စာပဒေသာ ၅၈ အုပ်၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ခြောက်အုပ်၊ ကလေးစာပေ ၁၁ အုပ်၊ လူငယ်စာပေ ခုနစ်အုပ်၊ ဘာသာပြန်(သုတ၊ရသ) ၃၉ အုပ်၊ သုတပဒေသာ(ဝိဇ္ဇာ)အုပ် ၇၀၊ သုတပဒေသာ(သိပ္ပံ၊ အသုံးချသိပ္ပံ) ၂၇ အုပ်၊ ပြဇာတ်စာပေ တစ်အုပ်၊ နိုင်ငံရေးစာပေ အုပ် ၂၀၊ အင်္ဂလိပ်ဘာသာ(သုတ၊ ရသ) ကိုးအုပ်တို့ဖြစ်သည်။

၂၀၁၅ ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ်ထုတ် စာအုပ်များမှ လေးအုပ်စီကိုစာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီသို့ ပေးပို့နိုင်ရေး တတိယအကြိမ်ထပ်မံနှိုးဆော်အပ်ပါသည်။

စာအုပ်ရရှိရေး အစီအမံ ပိုမိုပြည့်စုံစေရန်နှင့် စာရေးဆရာများ အခွင့်အရေး ဆုံးရှုံးမှု မရှိစေရန် စာပေထုတ်ဝေဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်တစ်ဦးချင်းတို့က အမျိုးသားစာပေဆုတွင် ထည့်သွင်းစဉ်းစားသင့်သည့် စာအုပ်များကိုဖြစ်စေ၊ စာအုပ်စာရင်းကိုဖြစ်စေ၊ အကြံပြုချက်များကိုဖြစ်စေ ပေးပို့လိုပါက ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

အမျိုးသားစာပေဆုအတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုလိုသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် စာအုပ်အမည်၊ ရေးသားသူ၊ ထုတ်ဝေသည့်စာအုပ်တိုက်၊ ထုတ်ဝေသည့်ခုနှစ်တို့ကို ဖော်ပြ၍ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ စာပေဗိမာန်အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂ နှင့် ၀၁-၃၈၀၄၄၉ တို့သို့ ပေးပို့နိုင်သည်။ စာတိုက်မှ ပေးပို့လိုသူများအနေဖြင့် မှတ်ပုံတင်ပြုလုပ်၍ ပေးပို့နိုင်သည်။

စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီသည် လက်ခံရရှိသော စာအုပ်များကို စာအုပ်အမျိုးအစားအလိုက် စာရင်းသွင်းခြင်း၊ လက်ခံရရှိကြောင်းကို သက်ဆိုင်ရာ စာရေးဆရာသို့ အကြောင်းကြားစာပေးပို့ခြင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန website ဖြစ်သော www.moi.gov.mm/ppd တွင် ပေးပို့လာသော စာအုပ်များစာရင်းကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ခြင်း၊ ပြက္ခဒိန်နှစ်တစ်နှစ်အတွက် ထုတ်ဝေသည့် စာအုပ်များကို ယင်းနှစ်၏ နောက်တစ်နှစ်ဖြစ်သော ဖေဖော်ဝါရီလကုန်အထိ လက်ခံသွားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ကာလအတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သော စာအုပ်များထဲမှ ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုများကို စိစစ်ရွေးချယ်သွားမည်ဖြစ်ရာ စာအုပ်များကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ နောက်ဆုံးထား လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်ရှိ ကျေးရွာများသို့ အဝတ်အထည်၊ ဆေးဝါး၊ ကျောင်းသုံးပစ္စည်းများ လှူဒါန်း

**ဒေးဒရဲ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ ပိဋကတ်သုံးပုံလှူဒါန်းခြင်း၊ သက်ကြီးဘိုးဘွားများအား အဝတ်အထည်၊ ဆေးဝါးများ၊ အလက၊ အမက ကျောင်းသုံးပစ္စည်းများ လှူဒါန်းပွဲနှင့် ကျေးလက်ဒေသပြည်သူများအား ကျန်းမာရေးဆေးကုသပေးခြင်းကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီကဒေးဒရဲမြို့နယ် ထိုင်ကူမြစ်တန်းကျေးရွာ ကျောင်းသစ်ကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက်၊ နန္ဒာအောင်မြေကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနိမလက လှူဒါန်းရခြင်း အကြောင်း ပြောကြားပြီး ကသပေါင်းကျေးရွာဆရာတော် ဦးပရမဝံသက လှူဒါန်းမှုအတွက် ဩဝါဒမြွက်ကြားကာ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျိုက်လတ်မြို့၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာမှ သက်ကြီးအဘိုးအဘွား ၂၅၇ ဦး၊ အလက၊ အမက ကျောင်း ၁၇ ကျောင်းရှိ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ကျပ်သိန်း ၂၀၀ ကျော်တန်ဖိုးရှိ အဝတ်အထည်၊ ဆေးဝါး၊ ကျောင်းသုံးပစ္စည်းများ၊ စာရေးကိရိယာများကို ဆရာတော် ဘဒ္ဒန္တနိမလ အမှူးပြု၍ အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။

ထို့ပြင် တပ်မတော်ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာန လက်ထောက်ကထိက ဒေါက်တာ လင်းမျိုးထက်၊ သယ်န်းကျွန်းစံပြဆေးရုံ မေ့ဆေးဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဆွေဆွေဝင်းနှင့် ဆရာဝန်များ၊ သူနာပြုများက ဇန်နဝါရီ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ကျေးရွာပြည်သူများအား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန့်(ကြေးမုံ)**

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် နိုင်ငံတကာ အတွေ့အကြုံများ ရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆု ကမ်းလှမ်းမှု အစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၅၈ ဦးနှင့် ဘွဲ့မယူသော သင်တန်း (Training) သို့ ပညာသင် ၁၆၉ ဦး စုစုပေါင်း ပညာသင် ၂၂၇ ဦးကို ပြည်ပနိုင်ငံ ၁၈ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ ဇန်နဝါရီလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း ပြည်ထောင်စု နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

## ရွှေပြည်သာမှ လူဆိုးလူမိုက်များအား ပစ်ခတ်ဖမ်းဆီး

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် လူဆိုးလူမိုက်သတင်း ကျော်ဇောရှိသူ ခေါ်လေး(ခ) ခင်မောင်သန်း(ခ) သန်းထိုက်နှင့်အဖွဲ့အား သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၁ရက် မွန်းလွဲပိုင်းက လူဆိုးလူမိုက်ဟု သတင်းရရှိထားသော ခေါ်လေး(ခ) ခင်မောင်သန်း(ခ) သန်းထိုက်၊ သာဂိ (ခ) ဆုအောင်(ခ)ဖွဲ့ဆုအောင်(ခ) အသေးလေးနှင့် နားပိတ်(ခ)ဖိုးဖော် တို့သည် ရွှေပြည်သာမြို့နယ် စိန်ပန်း(၄)လမ်းရှိ ခေါ်လေး၏ နေအိမ်တွင် ရောက်ရှိနေကြောင်း သတင်းအရ ရွှေပြည်သာရဲတပ်ဖွဲ့မှူး ဦးစီးသည့် ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ သက်သေအဖြစ် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ ခေါ်လေးမှာ နေအိမ်အပေါ်ထပ်သို့ပြေးတက်သွားသဖြင့် တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးစဉ် ၎င်းက တပ်ဖွဲ့ဝင်များကို ပြန်လည်ခုခံသဖြင့် လုံးထွေးဖမ်းဆီးခဲ့သည်။ သာဂိနှင့် နားပိတ်တို့မှာလည်း ဓားများကိုင်ဆောင်၍ နေအိမ်





နောက်ဘက်ရှိ မြေကွက်လပ်သို့ ထွက်ပြေးသွားစဉ် တပ်ဖွဲ့ဝင်များက အဖမ်းခံရန် သတိပေးပြောဆိုခဲ့သော်လည်း အဖမ်းမခံဘဲ ဆက်လက်ထွက်ပြေးသဖြင့် (PUMPACTION) သေနတ်ဖြင့် ပစ်ခတ်မှသာ ၎င်းတို့ကိုင်ဆောင်ထားသော ဓားများချ၍အဖမ်းခံခဲ့သည်။ ခေါ်လေး(ခ) ခင်မောင်သန်း(ခ)သန်းထိုက်ပါ သုံးဦးတို့၏ ကိုယ်ပေါ်နှင့် အိမ်အတွင်းမှ ဓားမြှောင်မျိုးစုံ ငါးလက်၊ လေးခွ တစ်လက်၊ လက်ကိုင်ဖုန်းမျိုးစုံ လေးလုံး၊ WY စာတန်းပါလိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇ပြား၊ ဆေးခြောက်ဟုယူဆရသည့် အရွက်ခြောက် ၉ ဒသမ ၅ ဂရမ်နှင့် 2J/--- ပရိုဘောက် ကားတစ်စီးတို့အား သိမ်းဆည်းရမိသည်။

ခေါ်လေး(ခ)ခင်မောင်သန်း(ခ) သန်းထိုက်ပါ သုံးဦးတို့အား ရွှေပြည်သာမြို့မရဲစခန်းက မယ(ပ)၃/၂၀၁၆၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/ ၂၀(က)/ ၂၁နှင့်(ပ)၉၀/၂၀၁၆၊ လက်နက်ပုဒ်မ ၁၉(င)ဖြင့် လည်းကောင်း သာဂိ(ခ) ဆုအောင်(ခ) ဖွဲ့ဆုအောင်(ခ) အသေးလေးအား (ပ)၉၂/၂၀၁၆၊ လက်နက်ပုဒ်မ ၁၉(င)ဖြင့် လည်းကောင်း အမှုဖွင့်ထားပြီး ခေါ်လေးပါ သုံးဦးတို့အား အခြားပြစ်မှုများ ကျူးလွန်ထားခြင်းရှိ/မရှိ စစ်ဆေးလျက်ရှိပြီး အထူးစီမံချက်အား အရှိန်အဟုန်မြှင့် ဆောင်ရွက်ကာ လူဆိုးလူမိုက်သတင်းကျော်ဇောရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးအရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**(ကိုရဲ)**

## Spectrum Roadmap ရေးဆွဲရေးအတွက် အကြံပြုချက်များ ဖိတ်ခေါ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် လိုင်းနှုန်းအသုံးပြုလိုသူများအနေဖြင့် လုပ်ငန်းအလိုက် အသုံးပြုနိုင်သည့်လိုင်းနှုန်းများကို သိရှိနိုင်စေရန်နှင့် အသုံးပြုခွင့်ရရှိနိုင်မည့်ကာလတို့ ဖော်ပြပါရှိသည့် လိုင်းနှုန်းအစီအစဉ် (Spectrum Roadmap)ကို ရေးဆွဲရန် အများပြည်သူ၏ သဘောထားမှတ်ချက်တောင်းခံခြင်း (Public Consultation)ပြုလုပ်လျက်ရှိသည်။ အသေးစိတ်အချက်အလက်များကို ဆက်သွယ်ရေးနှင့် နည်းပညာဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mcit.gov.mm/news/ptd-news တွင် ဖော်ပြထားပြီး မတ် ၁ ရက် နောက်ဆုံးထား၍ အကြံပြုချက်များ တောင်းခံလျက်ရှိကြောင်း သိရသည်။

**(ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)**

## မြစ်ကြီးနားမြို့တွင် သတင်းရေးနည်းသင်တန်းပို့ချ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် Jade Flower ဟိုတယ်၌ ဖေဖော်ဝါရီ ၁ ရက်နံနက် ၉ နာရီတွင် ပဋိပက္ခဂရုပြုသတင်းရေးသားနည်းသင်တန်းပို့ချခဲ့သည်။

အဆိုပါ သင်တန်းကို သင်တန်းနည်းပြဆရာ ဦးကျော်ဇေယျာထွန်း၊ ဦးဇော်ထိုက်၊ သင်တန်းအုပ်ချုပ်စီမံသူ ဦးစည်သူတို့က ပဋိပက္ခဂရုပြုသတင်းရေးသားနည်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်ထိပို့ချမည်ဖြစ်သည်။ သင်တန်းသို့ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်း၊ မိတ္ထီလာ၊ ကောလင်း၊ မော်လူးတို့မှ သတင်းမီဒီယာသမား ၁၃ ဦးတက်ရောက်ကြောင်း သိရသည်။

**ခင်မောင်ဆွေ (မော်လူး)**

## ဖားကန့်မြို့နယ်၌ ဘိန်းဖြူ ၄ ဒသမ ၁၀၅ ကီလို သိမ်းဆည်းရမိ



**လှမြင့်ဦး(ခ) မစွတ်၊ ဝင်းနိုင်(ခ) ရှာဟာစ်၊ မျိုးမင်းနိုင်(ခ) မွတ်စ်တာဖာနှင့် စိုးမင်းနိုင်တို့ လေးဦးအား သိမ်းဆည်းရမိ ဘိန်းဖြူနှင့်အတူ တွေ့ရစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၉ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိပ်မူ-တာမခန်သွားကားလမ်းဘေး၌ ဆိပ်မူကျေးရွာဘက်မှ တာမခန်ကျေးရွာဘက်သို့ လှမြင့်ဦး မောင်းနှင်ပြီး ဝင်းနိုင် လိုက်ပါလာသည့် ယာဉ်အမှတ် 6D/---- Mark II မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ အလေးချိန် ၄ ဒသမ ၁၀၅ ကီလို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ မော်ရှန်ရပ်ကွက်(၁) ဘွမ်ဘရာကုန်းလမ်းမပေါ်၌ ရပ်တန့်ထားသော ယာဉ်အမှတ် 1E/----ဒိုင်နာယာဉ်နှင့်အတူ ယာဉ်မောင်း မျိုးမင်းနိုင်၊ စိုးမင်းနိုင်တို့ နှစ်ဦးအား ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# အညာမြေမှ မန်းရွှေစက်တော်



* ဂေါတမမြတ်စွာ စိန္တေယျာ
ကျောင်းတော်ရာမှ ပြန်ကြွ၍အလာ
နမ္မဒါမြစ်အနား ရောက်ရှိရာမှ
နမ္မဒါနဂါးမင်း တောင်းပန်ဆင်၍
ခြေတော်ဝဲမြတ် ချပေးတော်မူရာ
သစ္စဗန်တောင်ထိပ် သစ္စဗန္ဓေရသေ့တဖန်
ပူဇော်သနား တောင်းပန်ရာမှ
ခြေတော်ဝဲဘက် ခတ်နိုပ်မြကျောက်ပေါ်မှာ
ရှေ့ယခင် မင်းဆက်အများ
တည်ထားပူဇော်ခဲ့ကြရှာ။

* စိမ့်စမ်းတောမြောင် တောင်ညိုရစ်ဝိုင်း
သမင်၊ ချေ၊ ဒရယ်၊ ယုန်၊ ကြယ်လိပ်နှင့်စိုင်
မြို့မင်းဘူးရဲ့ အနောက်ဘက်ပိုင်းမှ
နမ္မဒါမန်းချောင်းရေရစ်ဝိုင်းတဲ့
မြန်ပြည်အလယ်ပိုင်းက
မန်းရွှေစက်တော်ရာ ပူဇော်သည့် ဘုရားပွဲ
နှစ်စဉ် တပို့တွဲလမှာ အမြဲ
နွှဲစို့တူပျော် အရောက်လာလှည့်
ဖူးမြော် ကြည်ညိုကြစို့နော်။ ။

**သူရထွန်း(ပွင့်ဖြူ)**

တင်ထွန်းဦး(မင်းဘူး)

မြန်မာပြည်၏ အလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ရာ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ဖွင့်ပွဲကို နှစ်စဉ်အမြဲ တပို့တွဲလဆန်း(၅)ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်လာခဲ့ရာ ယခုနှစ်၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၇ နာရီတွင် ကျင်းပဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

ယခုနှစ်တွင် သာသနာ့ဗိမာန် သုံးထပ်ကျောင်းဆောင်တော်မြတ်ဖွင့်ပွဲနှင့် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ဖွင့်ပွဲတို့ အတူဆင်နွှဲ ကျင်းပမည်ဖြစ်၍ ယခင်နှစ်များထက် ထူးခြားသည့်ဖွင့်ပွဲဟု ဆိုရမည်ဖြစ်သည်။

မန်းစက်တော်ရာဘုရားပွဲတော်ဖွင့်ပွဲတွင် အတွေ့အကြုံ အထူးအဆန်းများ တွေ့ကြုံခံစားပြီး မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာမြတ်တို့ကို အနီးကပ်ရှေ့မင်းအဆက်ဆက်တို့က ရှာဖွေဖော်ထုတ်ပူဇော်ကြည်ညိုလာခဲ့ကြရာ ယခုအခါ မြန်မာပြည်အတွင်းရှိ ပြည်သူများသာမက နိုင်ငံတကာကပါ စိတ်ပါဝင်စား၍ လာရောက်လေ့လာ ဖူးမြော်လျက်ရှိသည်။

မန်းစက်တော်ရာဘုရားသို့ သွားရောက်ရာတွင်လည်း ပုသိမ်-မုံရွာကားလမ်းမကြီးနှင့် မကွေး-မင်းဘူးမှ တစ်ဆင့်လည်းကောင်း၊ ချောက်-ဆိပ်ဖြူ- ဆင်ဖြူကျွန်း- စလင်း- ပွင့်ဖြူမြို့မှတစ်ဆင့် လည်းကောင်း ရာသီမရွေး အလွယ်တကူ သွားရောက် ဖူးမြော်ကြည်ညိုနိုင်သည်။ ပုသိမ်-မုံရွာကားလမ်းမကြီးမှ မန်းရွှေစက်တော်ရာဘုရားသို့ ဖူးမြော်ကြည်ညိုနိုင်သည်။

မန်းရွှေစက်တော်ရာ ဘုရားသမိုင်းအကျဉ်းအား ဖော်ပြရလျှင် မြတ်စွာဘုရားသခင်သည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး ဝါတော်(၂၀)တွင် ပွင့်ဖြူမြို့ ကျောင်းတော်ရာကျေးရွာ (ယခင် သုနာပရန္တတိုင်း)ရှိ ဂန္ဓာရုံကျောင်းတော်ကို အလှူခံတော်မူ၍ ခုနစ်ရက် သီတင်းသုံးတော်မူပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ပြန်ကြွရာ နမ္မဒါမြစ်နားသို့ရောက်ရှိလေသည်။ ထိုမြစ်တွင် နေထိုင်သော နမ္မဒါနဂါးမင်းက ကိုးကွယ်ဆည်းကပ်မပြတ်ပူဇော်ရာ တစ်စုံတစ်ရာ ပေးသနားတော်မူရန် လျှောက်ထားတောင်းပန်သဖြင့် မြတ်စွာဘုရားသခင်က တစ်ရာ့ရှစ်ကွက်စက်လက္ခဏာတို့နှင့် ပြည့်စုံတော်မူသော ဝဲဘက်ခြေတော်ရာကို ချတော်မူခဲ့သည်။(အောက်စက်တော်ရာ)

ထိုမှတစ်ဖန် နမ္မဒါမြစ်သုံးကြိမ် ဦးခိုက်ပူဇော်ဟန်ရှိသော သစ္စဗန်တောင်ထိပ်သို့ရောက်၍ သစ္စဗန္ဓေရသေ့မှ ဆည်းကပ်ကိုးကွယ်ရာတစ်စုံတစ်ရာ ပေးသနားတော်မူရန် လျှောက်ထားသဖြင့် မကုဋ္ဌမည်ခေါ် သစ္စဗန္ဓတောင်တော် မြကျောက်ပေါ်တွင် ဝဲဘက်ခြေတော်ရာ ချတော်မူခဲ့သည်။(အထက်စက်တော်ရာ)

အဆိုပါ ပါဒခြေတော်ရာနှစ်ဆူတို့အား ဖူးမြော်ကြည်ညိုနိုင်သည်။

ရှစ်မိုင်လမ်းနှင့် သုံးမိုင်လမ်းမှတစ်ဆင့် ဝင်ရောက်နိုင်ရာ သုံးမိုင်လမ်းအဝင်တွင် မန်းရွှေစက်တော်ရာ မုခ်ဦးကို ၂၀၁၅ ခုနှစ်တွင် ခံ့ညားထည်ဝါစွာ တည်ဆောက်လျက်ရှိပြီး အထက်စက်တော်ရာ အတက်လမ်းနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားလမ်းဆုံတွင် သာသနာ့ဗိမာန် သုံးထပ်ကျောင်းဆောင်တော်ကြီးကိုလည်း တည်ဆောက်ပြီးစီး ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်သည်။ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ (ဖေဖော်ဝါရီ ၁၃ ရက်မှ ဧပြီ ၁၇ ရက်အထိ) စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပသွားမည်ဖြစ်သည်။

မန်းရွှေစက်တော်ဘုရားပွဲတော်သည် ငဖဲမြို့နှင့် နီးကပ်နေသဖြင့် ရိုးမတောင်ပေါ်မှ ချင်းတိုင်းရင်းသားတို့၏ ရိုးရာအစားအစာများဖြစ်သော မှိုခြောက်၊ မျှစ်ခြောက်၊ ပန်းခြောက်နှင့် ကောက်ညှင်းကျည်တောက်များ၊ ရှားပါးလှပြီး ဆေးဘက်ဝင်သော နွယ်ပင်၊သစ်မြစ်၊ဆေးဥများ၊ ချင်းတိုင်းရင်းသားဝတ်စုံများ၊ မြန်မာ့ရိုးရာ ဖျင်ထည်များ၊ ဝါးဖြင့်ပြုလုပ်ထားသော ချစ်စရာ အရုပ်မျိုးစုံ၊ ဒေသထွက်ကုန်ပစ္စည်းမျိုးစုံတို့ကို လာရောက်ရောင်းချကြသဖြင့် ဘုရားဖူးလာပြည်သူများ ဘုရားဖူးလက်ဆောင်များအဖြစ် အလွယ်တကူ ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားလျက်ရှိသည်။

မန်းရွှေစက်တော်ရာ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ဖွင့်ပွဲနှင့် ရွှေစက်တော်အဝင်မုခ်ဦးဖွင့်ပွဲ၊ သာသနာ့ဗိမာန် သုံးထပ်ကျောင်းဆောင်တော်ကြီးဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် တပို့တွဲလဆန်း ၅ ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီအချိန်က မင်းဘူးမြို့ မဟာဝိသုတာရာမတိုက်သစ်ကျောင်းတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များ၊ မန်းရွှေစက်တော်ဘုရားကြီး၏ ဩဝါဒစရိယဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ဘုရားပွဲတော်ကျင်းပရေးဆပ်ကော်မတီအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်၍ မန်းရွှေစက်တော် ဘုရားပွဲတော်ဖွင့်ပွဲနှင့် ပွဲတော်ကာလအတွင်း တည်ငြိမ်အေးချမ်းစွာကျင်းပနိုင်ရေး လုပ်ငန်းကဏ္ဍများအလိုက် ဩဝါဒခံယူ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန် ကျန်းမာရေး၊ လုံခြုံရေးနှင့် ဈေးဆိုင်ခန်းများ နေရာချထားပေးမှုများပါ အသေးစိတ် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်း ပြည်ပမှ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ တည်းခိုနိုင်ရန် တည်းခိုဆောင်များ ဆောက်လုပ်ပေးထားလျက်ရှိပြီး ဘုရားဖူးယာဉ်များ ရပ်နားနိုင်ရန် ကားကြီးဝင်းများလည်း တိုးချဲ့ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ရပ်ဝေးမှ ဘုရားဖူးကြွရောက်လာသော သံဃာတော်များ သာသနာ့ဗိမာန် သုံးထပ်ကျောင်းဆောင်တော်ကြီးတွင် စိတ်အေးချမ်းစွာ တည်းခိုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထား လျက်ရှိသည်။

ဘုရားဖူးလာ ပြည်သူအများ ကြည်လင်အေးမြသော မန်းချောင်း ရေတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစား၊ ရေချိုးနိုင်ရန် သတိပေးဆိုင်းဘုတ်များနှင့် ဘေးကင်းလုံခြုံသောနေရာများ သတ်မှတ်ဆောင်ရွက်ပေးထားသည်။ မန်းရွှေစက်တော်ရာ ဘုရားဝင်းအဝင်တွင် ရှားပါးလှသော ရွှေသမင်ဥယျာဉ်ကိုလည်း ဝင်ရောက်လေ့လာနိုင်ရန် မင်းဘူးခရိုင် သစ်တောဦးစီးဌာနက ဆောင်ရွက်ပေးထားသည်။

တစ်နှစ်မှ တစ်ကြိမ် ကျင်းပမြဲဖြစ်သော ထူးခြားဆန်းပြားလှသည့် အညာမြေမှ မန်းရွှေစက်တော်ရာ ဘုရားမှအပြန် အညာမြေဒေသ တမာရနံ့သင်းပျံ့သော မင်းဘူး- စကု- လယ်ကိုင်း ကားလမ်းမကြီးမှတစ်ဆင့် ဂေါတမမြတ်စွာဘုရား ခုနစ်ရက်သီတင်းသုံးတော်မူရာ ကျောင်းတော်ရာ စေတီတော်မြတ်ကြီးသို့လည်း ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်သည်။

မင်းဇံမုန့်လုံးရေပေါ်၊ လယ်ကိုင်းမရွေး၊ မုန့်ဩဇာနှင့် ဝက်မြေဥများထွက် ရှိရာ ကျောင်းတော်ရာစေတီတော်နှင့် မုန်းချောင်းအနီးမှ သစ်တော်ရွာ (သုနာပရန္တတိုင်း)သို့ အလည်တစ်ခေါက်လာရောက်လိုပါက ရွှေစက်တော်မှ မင်းဘူး ၃၉ မိုင်၊ မင်းဘူးမှ စကု ၁၀ မိုင်၊ စကုမှ လယ်ကိုင်း ခုနစ်မိုင်၊ လယ်ကိုင်းမှ ကျောင်းတော်ရာ ငါးမိုင်ခန့်သာကွာဝေးသဖြင့် အညာမြေမှ ကျောင်းတော်ရာစေတီတော်မြတ်သို့ သွားရောက်ဖူးမြော် ကြည်ညိုစေချင်ပါကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။

*မှတ်ချက်။ ။ နမ္မဒါမှ ယခုအချိန်တွင် နမ္မဒါဟု ပြောင်းလဲခေါ်ဆိုလျက်ရှိသည်။*



## စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားဒေသများသို့ ဇန်နဝါရီလတွင် ဆန် ၅၇၄၁၆၈ အိတ်တင်ပို့ခဲ့

**မုံရွာ ဖေဖော်ဝါရီ ၁**

ရွှေဘိုပေါ်ဆန်းဆန်၊ ဧရာမင်းဆန်နှင့် အသွယ်စဆန်များမှာ ပြည်တွင်းအများစားဆန်များဖြစ်သလို ဆန်လိုအပ်သည့်ဒေသများဖြစ်သည့် မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များသို့ ပုံမှန်တင်ပို့နေရသော ဆန်များဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"အခုရာသီချိန်က မိုးစပါး အစိုဓာတ်လျော့နည်းလာတဲ့အချိန်ဖြစ်လို့လှောင်လက်တွေက လှောင်စပါးဝယ်တာတွေရှိသလို တောင်သူတွေစပါးလှောင်ရာသီဖြစ်လို့ ရောင်းလိုအားနည်းလာတဲ့အပေါ် ဝယ်လက်က ဈေးမြှင့်ဝယ်ယူတာတွေရှိတဲ့အတွက် စပါးနဲ့ဆန်ဈေး မြင့်တက်လာတယ်လို့ မြင်ပါတယ်"ဟု ဌာနတာဝန်ရှိသူက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုခရိုင်သည် ဆန်နှင့်စပါး အဓိကပိုလျှံမှုရှိသည့် ခရိုင်ဖြစ်သည့်အပြင် ကသာနှင့် ကလေးခရိုင်တို့မှာလည်း ဆန်ပိုလျှံမှုရှိ၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဆန် ၄၇၅၈၈၉ အိတ်နှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဆန် ၅၇၄၁၆၈ အိတ် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားဒေသများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထွက်ရှိသော ပဲမျိုးစုံကို မုံရွာကုန်စည်ဒိုင်နှင့် ရွှေဘိုကုန်စည်ဒိုင်တို့တွင် ပွဲစားကုန်သည်တို့က ပဲအမျိုးအစား အရည်အသွေးအလိုက်ညှိနှိုင်းဈေးဖြတ်ပြီး ကုန်စည်ဒိုင်၏ သတ်မှတ်ဈေးနှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်ကြကြောင်း သိရသည်။ ပဲမျိုးစုံအနေဖြင့် ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲဈေးများကျဆင်းခဲ့ပြီး ကုလားပဲဖြူလုံးကြီးဈေးမှာ ဈေးငြိမ်နေပြီး စွန်တာနီ၊ စွန်တာပြာ၊ ထောပတ်ပဲ၊ ပဲပုပ်နှင့် မြေထောက်ပဲများ ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း ပဲတီစိမ်းကြီး၊ ပဲစင်းငုံ၊ မတ်ပဲ မိုးပဲသစ်များထွက်ပေါ်ချိန် ရောင်းလိုအားမြင့်တက်ခဲ့မှုအပေါ် ဈေးကျဆင်းခဲ့ကြောင်း သိရသည်။ စွန်တာနီ၊ စွန်တာပြာ၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ပဲပုပ်များ ဈေးအနည်းငယ် မြင့်တက်ရခြင်းမှာ မိုးစိုက်နည်းပြီး ပဲဟောင်းများသာ ဈေးကွက်တွင် အရောင်းအဝယ် ဖြစ်နေသဖြင့် ပစ္စည်းနည်းပါးမှုအပေါ် ဈေးအနည်းငယ် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် အစေ့ထုတ်ပြောင်းမှာ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ဇန်နဝါရီလတွင် ဈေးအနည်းငယ် မြင့်တက်ခဲ့သည်။ မိုးပြောင်းဖူးစေ့ လက်ကျန်နည်းပါးလာသလို ဆောင်းပြောင်းထွက်ပေါ်မှုမှာ လအနည်းငယ်လိုနေသေးပြီး တရုတ်ဝယ်လက် ပုံမှန်ရှိနေခြင်းကြောင့် ဈေးအနည်းငယ် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

❖ ဒုတိယအကြိမ်မှ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာမျိုးအောင်နှင့် ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်းတို့က တာမွေမဲဆန္ဒနယ်မှ ဦးဝင်းမြင့် တစ်ဦးတည်းကိုသာ ဥက္ကဋ္ဌလောင်းအဖြစ် တင်သွင်းသည့်အတွက် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၁၁)အရ ဦးဝင်းမြင့်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌရွေးချယ်တင်မြှောက်ရာတွင် လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းနှင့် ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်တို့က ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် တစ်ဦးတည်းကိုသာ ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် တင်သွင်းသည့်အတွက် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၁) အရ ဦးတီခွန်မြတ်အား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် ဦးတီခွန်မြတ်တို့က သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိ ဒေါ်ခင်ဌေးကြွယ်က ၂၀၁၃ ခုနှစ်ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅ အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား တာဝန်လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့သည် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ဂုဏ်ယူစရာ နေ့တစ်နေ့ဖြစ်ပါကြောင်း၊ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီး ပြုပြင်ပြောင်းလဲရေးအတွက် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ဒုတိယအကြိမ် လွှတ်တော်ကြီး ပေါ်ပေါက်လာခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် အာဏာကြီး ၃ ရပ်အနက် လွှတ်တော်၏ အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်ပါကြောင်း၊ ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူ မဖြစ်စေရ ဆိုသည့် ဆိုရိုးစကားနှင့်အညီ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းတို့ကို လေ့လာဖတ်ရှုပြီး လေးစားလိုက်နာခြင်းဖြင့် ကိုယ်စားလှယ်များ၏ဂုဏ်ရည်ကို ပြသစေလိုပါကြောင်း။

ထို့ပြင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များသည် ဒီမိုကရေစီကျင့်စဉ်နှင့်ညီ၊ မညီ၊ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ကိုက်၊ မကိုက်၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆီလျော်မှု ရှိ၊ မရှိ၊ နိုင်ငံတကာစာချုပ်စာတမ်းများနှင့် အကျုံးဝင်၊ မဝင်၊ ပြည်သူလူထုအတွက် အကျိုးရှိ၊ မရှိ၊ ပြည်သူလူထု၏ ဘဝလုံခြုံရေးနှင့် စိတ်လုံခြုံရေးကို အကာအကွယ်ပေး၊ မပေးတို့ကို လေ့လာစိစစ်ကြပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီအခွင့်အလမ်းများ ပိုမိုရရှိလာစေရန်တို့ကို ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသမျှ ကြိုးပမ်းအားထုတ်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)**



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့် ဦးဝင်းမြင့် နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဦးတီခွန်မြတ်တို့ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သူ သူရဦးရွှေမန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးဝင်းမြင့်ထံသို့ ပြည်သူ့လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သူ သူရဦးရွှေမန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးဝင်းမြင့်ထံသို့ ပြည်သူ့လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သူရဦးရွှေမန်းက ပြည်သူ့လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးဝင်းမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သူရဦးရွှေမန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးဝင်းမြင့်အား ဂုဏ်ပြုစကားပြောကြားသည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သူ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးတီခွန်မြတ်၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၃၅ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၄၈ ဦး၊ အခြားပါတီဝင်/အဖွဲ့အစည်းနှင့် ပြည်သူလူထု ၁၄၀၊ သင်တန်းသား သင်တန်းသူ ၃၀၊ နိုင်ငံခြားသံရုံးများမှ သံအမတ်များနှင့် နိုင်ငံခြားသားဧည့်သည်တော် ၁၃ ဦး စုစုပေါင်း ၃၆၇ ဦးတို့ လေ့လာကြည့်ရှုကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

## မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း တို့၌ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ (ကြေးမုံ)

# အိုးပိုင်အိမ်ပိုင်မရှိသူများအတွက် အငှားအိမ်ရာလျှောက်ထားမှု လာရောက်စုံစမ်းသူများနှင့် လျှောက်ထားသူများပြား

**ရန်ကုန် ဖေဖော်ဝါရီ ၁**

အိုးပိုင်အိမ်ပိုင်မရှိသူများအတွက် တည်ဆောက်လျက်ရှိသည့် မဟာဗန္ဓုလ အငှားအိမ်ရာတွင် နေထိုင်နိုင်ရန် လျှောက်ထားခွင့်ကို ယနေ့နံနက်ပိုင်းက စတင်လက်ခံခဲ့ရာ လာရောက်စုံစမ်းသူများနှင့် လျှောက်ထားသူ များပြားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သိရသည်။ **(အောက်ပုံ)**

"လျှောက်လွှာတွေ စတင်လက်ခံတဲ့နေ့မှာ လာလျှောက်တဲ့သူ အတော်များပါတယ်။ အားလုံးပေါင်းရင် လူဦးရေ ၁၀၀၀ လောက်ရှိတယ်။ အဲဒီထဲမှာ လာရောက်စုံစမ်းတဲ့သူတွေရှိသလို အချက်အလက်မစုံလို့ ပြန်သွားကြသူတွေလည်းရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့လာရောက်လျှောက်ထားမှုနှင့် ပတ်သက်၍ ရန်ကင်းမြို့နယ် စည်ပင်တိုက်ခန်းနေ (အငြိမ်းစားဝန်ထမ်း) ဦးထွန်းရွှေက "သတင်းစာထဲကနေသိပြီး လာလျှောက်ခဲ့တာပါ။ လက်ရေးမူနဲ့ လျှောက်လို့ရတယ်ဆိုပေမယ့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးက နမူနာပုံစံအတိုင်း စာစီပြီးလျှောက်ခဲ့တယ်။ အခက်အခဲအနေနဲ့တော့ မရှိပါဘူး။ လူများတော့ တိုးနေရတာလောက်ပဲရှိပါတယ်။ အရင်တုန်းက မြေကွက်တို့၊ တိုက်ခန်းတို့ ပေးတုန်းကလည်း လျှောက်ခဲ့ဖူးတယ်။ မရခဲ့ပါဘူး။ အခုလည်း မျှော်လင့်ချက်နဲ့ ထပ်လျှောက်တာပါ။ အစိုးရအနေနဲ့ အခုလိုစီစဉ်ပေးတော့ အိုးပိုင် အိမ်ပိုင်မရှိတဲ့သူတွေအတွက် အပြောင်းအလဲဖြစ်သွားနိုင်တယ်။ မဲစနစ်နဲ့ဆိုတော့ ရ၊ မရ ဘယ်သူမှ အတိအကျမပြောနိုင်ဘူး။ ကံတရားပေါ်မူတည်ပါတယ်။ ကိုယ်မပေါက်လည်း တခြားသူပေါက်သွားရင် ဝမ်းသာပေးရမှာပါပဲ"ဟု ပြောသည်။

ထိုသို့လျှောက်ထားရာတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းအိမ်ထောင်စုလူဦးရေ သန်းခေါင်စာရင်း ပုံစံ ၆၆/၆ ရှိပြီး မြေကွက်၊ နေအိမ်ခန်း အိုးပိုင်အိမ်ပိုင်မရှိသူများသာ လျှောက်ထားခွင့်ရှိသည့်အတွက် လျှောက်ထားလိုသူများသည် မြေကွက်၊ နေအိမ်ခန်းပိုင်ဆိုင်မှုမရှိကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေ သန်းခေါင်စာရင်းမိတ္တူ၊ မြေကွက်၊ နေအိမ်ခန်းပိုင်ဆိုင်မှုမရှိကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်များ ပူးတွဲထည့်သွင်းလျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ပါက မြေကွက် ၊နေအိမ်ခန်းပိုင်ဆိုင်မှုမရှိကြောင်း ဌာနဆိုင်ရာ အကြီးအကဲ၏ထောက်ခံချက် ပါဝင်ရမည်ဖြစ်သည်။ အဆိုပါအချက်အလက်နှင့်ပြည့်စုံသည့် လျှောက်လွှာများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်း လက်ခံလျက်ရှိကြောင်း သိရသည်။

အဆိုပါ မဟာဗန္ဓုလအငှားအိမ်ရာသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၂) လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်တွင်တည်ရှိပြီး တစ်ခန်းလျှင် ၅၆၉ ဒသမ ၅ စတုရန်းပေရှိ အခန်းပေါင်း ၁၂၀၀ ပါဝင်သည်။

ယင်းအိမ်ရာကို လာမည့်ဘတ်ဂျက်ကာလအတွင်း အပြီးတည်ဆောက်သွားရန်စီစဉ်လျက်ရှိပြီး အခန်းတစ်ခန်းလျှင် တစ်လ ကျပ် ၃၀၀၀၀ နှုန်းဖြင့် ငှားရမ်းသွားမည်ဖြစ်သည့်အပြင် နေထိုင်နိုင်ရန် လျှောက်ထားသူ ၁၂၀၀ ထက်ကျော်လွန်ပါက မဲစနစ်ဖြင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး (ပဏိတ)**






# အလောင်းတော်ကဿပသို့ ဘုရားဖူးဝင်ရောက်မှု နည်းပါးနေသေးကြောင်း မုံရွာ-အလောင်းတော် ဘုရားဖူးပို့ဆောင်ရေးယာဉ်အသင်းများ ပြောကြား

**မုံရွာ ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပဘုရားသို့ ဘုရားဖူးရာသီတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နှစ်စဉ်လာရောက်လျက်ရှိရာ လက်ရှိအချိန်တွင် ဘုရားဖူးဝင်ရောက်မှု သိသာစွာ လျော့နည်းလျက်ရှိကြောင်း မုံရွာမှ အလောင်းတော်သို့ ဘုရားဖူးပို့ဆောင်ပေးသည့် ယာဉ်အသင်းများထံမှ သိရသည်။

ဘုရားဖူးများ လာရောက်သည့် အခြေအနေနှင့် ပတ်သက်ပြီး မုံရွာ-အလောင်းတော် ဘုရားဖူးပို့ဆောင်ပေးလျက်ရှိသည့် ကြည်စန်းနှင့်ရောင်းရင်းများ ယာဉ်အသင်းမှ လက်မှတ်ရောင်းချသူတစ်ဦးကလည်း "မနှစ်ကဒီအချိန်ဆို ဘုရားဖူးတွေများတယ်။ ဒီနှစ် ဘုရားဖူးဝင်ရောက်မှု သိသိသာသာ လျော့နည်းနေပါတယ်။ ပြီးခဲ့တဲ့နှစ်က ဒေသအတော်များများမှာ ရေဘေးသင့်မှုတွေရယ်၊ လတ်တလောအနေနဲ့ အထင်ကရဈေးကြီးတွေ မီးဘေးသင့်ခဲ့တာတွေရှိတော့ တချို့တွေမလာဖြစ်တော့ဘဲ ခရီးစဉ်ဖျက်လိုက်တာတွေ စတဲ့ အကြောင်းအမျိုးမျိုးတွေကြောင့် ဒီနှစ်ဘုရားဖူး အဝင်ပါးတယ်လို့ထင်တယ်။ လက်ရှိအချိန်မှာ ကျွန်တော်တို့ ဂိတ်ကနေပြီး မုံရွာ - အလောင်းတော်ခရီးသည် တစ်ရက်ကို ၂၀ ဝန်းကျင်လောက်ပဲ ပို့ဆောင်ပေးနေရပါတယ်။ ကျွန်တော်တို့ဂိတ်မှာ ကားကြီး/ကားသေးတွေနဲ့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးခရီးသည်တွေ အဆင်ပြေချောမွေ့ပြီး စိတ်အေးချမ်းသာစွာ ဘုရားဖူးထွက်နိုင်ဖို့အတွက် လူတစ်ဦးကို အသွားအပြန် ကျပ် ၁၅၀၀၀ နဲ့ နေ့ချင်းပြန် အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်။ ခရီးသည်နည်းနေရင်တောင်မှ လက်မှတ်ဖြတ်ထားပြီးဖြစ်တဲ့ ခရီးသည်ရှိသလောက်နဲ့ပဲ နေ့စဉ်ပုံမှန် ပို့ဆောင်ပေးနေပါတယ်" ဟု ပြောကြားသည်။

မုံရွာမြို့မှ အလောင်းတော်ကဿပဘုရားသို့ ညီညီဝင်းဘုရားဖူးပို့ဆောင်ရေး၊ ဦးညိုဝင်းနှင့်ရောင်းရင်းများ ဘုရားဖူးပို့ဆောင်ရေး၊ ကြည်စန်းနှင့်ရောင်းရင်းများ ဘုရားဖူးပို့ဆောင်ရေး၊ မင်းသိန်းနှင့်ရောင်းရင်းများ ဘုရားဖူးပို့ဆောင်ရေး၊ ငွေစန္ဒာ၊ အောင်ကမ္ဘာ စသည့် ယာဉ်အသင်းများမှ ဘုရားဖူးပြည်သူများအား နေ့စဉ်ပုံမှန် ပို့ဆောင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

# ရန်ကုန်-ဒလ တံတားနှင့်မလွတ်ကင်းသောအိမ်ရာများ လျော်ကြေးပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ကိုရီးယား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးတံတား (ရန်ကုန်-ဒလ)နှင့် မလွတ်ကင်းသည့်အိမ်ရာများအတွက် ယခုလအတွင်း လျော်ကြေးငွေပေးအပ်ပွဲအခမ်းအနား ကျင်းပပြုလုပ်မည်ဟု ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက ကျန်စစ်သားရပ်ကွက် အုပ်ချုပ်ရေးမှူးရွေးချယ်ပွဲ၌ ပြောသည်။

"ဆောက်လုပ်ခွင့်တင်ဒါအောင်တာကတော့ ကိုရီးယားနိုင်ငံကပါ။ ခုတော့ ရှင်းလင်းဆောင်ကို ကမာကဆစ်မှာ ဆောက်နေပါပြီ။ မလွတ်ကင်းလို့ ဖျက်ပစ်ရမယ့်အိမ် ၆၈လုံးကလည်း အဝေးရောက်နေသူကလွဲလို့ သဘောတူကြောင်း လက်မှတ်ထိုးပြီးပြီ"ဟု ၎င်းကပြောသည်။

ဗိုလ်ရန်ပြေရပ်ကွက်နေ ဒေသခံတစ်ဦးဖြစ်သူ ဦးသောင်းရီက "ကျွန်တော်တို့နိုင်ငံမှာ မြစ်ကူးတံတားတွေအများကြီးဆောက်ခဲ့ပေမယ့် ရန်ကုန်-ဒလ မြစ်ကူးတံတားမပါပါဘူး။ ပဟေဠိဆန်တဲ့ပုစ္ဆာတစ်ပုဒ်လို ခုတော့အဖြေပေါ်သွားပါပြီ။ မကြာခင်မှာ ခံ့ညားလှပတဲ့ ရန်ကုန်-ဒလမြစ်ကူးတံတားကြီး တည်ဆောက်တော့မယ်လို့ ကြားပါတယ်"ဟု ပြောသည်။

ကျန်စစ်သားရပ်ကွက်နေ ဦးဝင်းမောင်(ကျောင်းဆရာ-ငြိမ်း)ကလည်း "ဟိုးလွန်ခဲ့တဲ့ နှစ်များကတည်းက ရန်ကုန်-ဒလမြစ်ကူးတံတား ရွှေရောင်အိပ်မက်ကို ခုတော့ထုဆစ်ခွင့်ရပါပြီ။ ကျွန်တော့်အသက်က (၇၀)ဆိုတော့ တံတားကြီး ပြီးတဲ့အထိတော့ မြင်တွေ့ချင်ပါတယ်ဗျာ"ဟု ပြောသည်။

အဆိုပါတံတားတည်ဆောက်ရာတွင် မြေနေရာပြန်လည်ချထားရေးနှင့် လျော်ကြေးငွေပေးအပ်ရေးကော်မတီဝင် ဦးတင်လှိုင်က "ဒီနှစ်ဘတ်ဂျက်က ရတဲ့ငွေကို အကုန်လုံးသုံးရမှာပါ။ တကယ်တမ်းလျော်ကြေးပေးရမယ့်ငွေက သုံးဘီလီယံကျော်ရှိတယ်။ ဘတ်ဂျက်က တစ်ဘီလီယံသာ ကျန်တဲ့အတွက် အဲဒါကို မလွတ်ကင်းတဲ့အိမ်ရာတွေအတွက် လျော်ကြေးကို အခမ်းအနားနဲ့ ပေးမှာဖြစ်ပါတယ်။ နောက်ပြီး ကျောင်းပိတ်တဲ့ရာသီမှာ မလွတ်ကင်းတဲ့ အထက(၂)ဒလ ကျောင်းဆောင်ကိုဖျက်ပြီး ပြန်ဆောက်ပေးရမယ်။ ကမာကဆစ်အနောက် ဘုန်းတော်ကြီးကျောင်းကိုလည်းဖျက်ပြီး ပြန်ဆောက်ပေးရမယ်။ လမ်းဘေးက ဘုရားကြီးကိုလည်း နေရာရွှေ့ပေးရမယ်။ မလွတ်ကင်းတဲ့ လမ်းဘေးဈေးသည်တွေကိုတော့ လျော်ကြေးငွေ ခဏဆိုင်းထားရမယ့်သဘောပါ။ ဘတ်ဂျက်နဲ့ ရှိတဲ့ငွေကို ပေးရတာပါ။ ဒါကြောင့် ဆိုင်းငံ့ရတဲ့သဘောပါ။ နောက်ဘတ်ဂျက်ကျရင်တော့ အားလုံးအဆင်ပြေမှာပါ"ဟု ပြောသည်။

ပင်မတံတား ၁၉၃၆ ပေ၊ ချဉ်းကပ်တံတား(ရန်ကုန်) ၂၀၂၆ ပေ၊ ချဉ်းကပ်တံတား (ဒလ) ၂၁၈၂ ပေ၊ ဆင်ခြေလျှောတံတားအရှည် ၁၀၁၅ မီတာ၊ ဆင်ခြေလျှောတံတား(ရန်ကုန်) ၁၇၂၂ပေ၊ ဆင်ခြေလျှောတံတား(ဒလ) ၁၆၀၈ ပေ၊ ပင်မတံတားအကျယ် (လေးလမ်းသွား) ၈၇ ပေ၊ ချဉ်းကပ်တံတားအကျယ်(ဒလ) ၆၈ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၁၆၀၊ ရေလမ်းအကျယ် ၅၂၅ ပေ ဖြစ်သည်ဟု တံတားဦးစီးမှ သိရသည်။

စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်ဦးက "လမ်းဘေးမှာ ထီးလေးမိုး၊ အခင်းလေးခင်းပြီး၊ မုန့်ဟင်းခါးရောင်းတာ။ အဲဒါတံတားနဲ့မလွတ်လို့ ဖယ်ပေးရမယ်။ သူ့အတွက်လည်း ကြီးကြီးမားမားဆုံးရှုံးမှုမရှိဘူး။ ဒါပေမယ့် ကျွန်တော်တို့က နစ်နာကြေးပေးမယ်။ ဈေးဆိုင်ခန်းအခိုင်အမာဆောက်ထားတဲ့ဆိုင်ရော မခိုင်မာတဲ့လမ်းဘေးဈေးသည်တွေအတွက်ပါ လျော်ကြေးငွေကျပ်သိန်း ၆၀၀ လောက်ရှိတယ်။ ဒီနှစ်အတွက် ဘတ်ဂျက်မမီပေမယ့် နောက်နှစ်မှာ လျော်ကြေးပေးမှာပါ"ဟု ပြောသည်။

ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ EDCF Loan ချေးငွေဖြင့် ဆောက်ရွက်မည့်လုပ်ငန်းနှင့် ခန့်မှန်းကုန်ကျငွေ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃သန်းဖြစ်ပြီး တံတားဆောက်လုပ်မည့်စီမံကိန်းကာလမှာ ငါးနှစ်ဖြစ်သည်။

ယင်းအတွက် အတိုးနှုန်းမှာ သုည ဒသမ ဝ၁ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလမှာ ၁၅နှစ်ဖြစ်ပြီး ပြန်ဆပ်ကာလမှာ ၂၅ နှစ် စုစုပေါင်း နှစ် ၄၀ ဖြစ်သည်။ ချေးငွေပေးဆပ်မှုမှာ တစ်နှစ်လျှင်နှစ်ကြိမ်၊ ပျက်ကွက်မှုစရိတ် တစ်နှစ်လျှင် နှစ်ရာခိုင်နှုန်း၊ ဝန်ဆောင်မှုစရိတ်မှာ သုည ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်ဟု ဦးတင်လှိုင်က ပြောသည်။

အဆိုပါတံတားကြီးကို အဝေးပြေးလမ်းမကြီး အမှတ် (၁)နှင့် ချိတ်ဆက်အသုံးပြုမည်ဟု တံတားဦးစီးထံမှ သိရသည်။ ဧရာဝတီတိုင်းဒေသကြီး၏ ဒုတိယမြောက် ဝင်ပေါက်ထွက်ပေါက်ဖြစ်သည်ဟု ဒေသခံတစ်ဦးက ပြောသည်။

**အောင်မင်း(ဒလ)**

❍ **နိုင်ငံခြားသားများမှ**

အရောင်းအဝယ်တော်တော်ဖြစ်လာနိုင်စရာ အကြောင်းရှိပါတယ်။ ဥပဒေအရ ဆိုထားတာက ကွန်ဒိုတစ်လုံးမှာ တိုက်ခန်းပေါင်း ၁၀၀ ရှိရင် အခန်းပေါင်း ၄၀ ကို ဆောက်လုပ်ရေးသမားက နိုင်ငံခြားသားကို ရောင်းချပေးနိုင်တဲ့သဘောပါ။ အဲ့ဒီတော့ အိမ်၊ ခြံ၊ မြေဈေးကွက်ကြီးဟာလည်း ပြန်လည်အသက်ဝင်လှုပ်ရှားနိုင်စရာ အကြောင်းရှိပါတယ်၊ ဒီလိုကွန်ဒိုဥပဒေထွက်ပေါ်လိုက်တာဟာ နိုင်ငံခြားသားများအတွက်တင် မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းစေပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေအတွက် ဆောက်လုပ်ရေးလုပ်ငန်းတွေကို တစ်ဖက်တစ်လမ်းက စည်းမျဉ်း၊ စည်းကမ်းတွေသတ်မှတ်ပြီး ဥပဒေအရ တင်းကျပ်လိုက်တာဖြစ်တဲ့အတွက်ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းတွေဟာ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများဖြစ်လာတော့မှာပါ။ ကျွန်တော်တို့နိုင်ငံက ပြည်သူတွေအတွက် အလွန်အကျိုးရှိသွားပါတယ်။ ဘာလို့လဲဆိုတော့ ကွန်ဒိုရဲ့ စံချိန်စံညွှန်းနဲ့ညီညွတ်တဲ့အခန်းတွေကို အများပြည်သူတွေကလည်း ဝယ်ယူနိုင်ကြတော့မှာမို့ပါ” ဟု ပြောကြားသည်။

ကွန်ဒိုမီနီယံဥပဒေပေါ်ထွက်ခြင်းဖြင့် နိုင်ငံခြားသားများအတွက် ကွန်ဒိုတိုက်ခန်း၏ ၄၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးကုမ္ပဏီများက ရောင်းချနိုင်ကြကြောင်း၊ ထိုကဲ့သို့ ရောင်းချပေးလိုက်သဖြင့် မြန်မာနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့်လာရောက်နေထိုင်ကြမည့် နိုင်ငံခြားသားများနှင့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြမည့် နိုင်ငံခြားသားများက ကွန်ဒိုတိုက်ခန်းများကို ငှားရမ်းနေထိုင်သည်ထက် အများအပြားဝယ်ယူလာနိုင်ကြတော့မည်ဖြစ်ရာ အိမ်၊ ခြံ၊ မြေဈေးကွက်အတွင်း အရောင်းအဝယ်များ ပိုမိုအားကောင်းလာနိုင်မည်ဖြစ်ကြောင်း၊ သတ်မှတ်မြေဧရိယာ စတုရန်းပေ ၂၀၀၀၀ အထက်၌ ဆောက်လုပ်ထားသော ကွန်ဒိုတိုက်ခန်းများအတွက် ယခုကဲ့သို့ ကွန်ဒိုဥပဒေထွက်ပေါ်ခဲ့ပြီဖြစ်သောကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးလိုက်ခြင်းသာဖြစ်ကြောင်း၊ အိမ်၊ ခြံ၊ မြေလုပ်ငန်းများ လုပ်ဆောင်နေကြသူများအတွက်လည်း ပိုမိုကောင်းမွန်သောအကျိုးကျေးဇူးရလဒ်များရလာနိုင်မည်ဖြစ်ကြောင်းနှင့် ယင်းကဲ့သို့ဥပဒေထွက်ပေါ်လာခြင်းကို အိမ်၊ ခြံ၊ မြေအသိုင်းအဝိုင်းများက ကြိုဆိုလိုက်ကြောင်း သိရသည်။

“လက်ရှိ အိမ်၊ ခြံ၊ မြေဈေးကွက်က ပြီးခဲ့တဲ့နှစ်ထက်စာရင် အရောင်းအဝယ်နည်းနည်းပြန်ဖြစ်နေပြီလို့ပြောလို့ရပါတယ်။ အချို့တိုက်ခန်းသမားတွေ၊ မြေကွက်သမားတွေကလည်း ဈေးလျှော့ပြီး ရောင်းချလာကြတာကို တွေ့ရပါတယ်။ ဒီနှစ်အတွင်းနဲ့ လာမယ့် ၂၀၁၇ ခုနှစ်ကာလတွေမှာ အိမ်၊ ခြံ၊ မြေဈေးကွက်ဟာ အရောင်းအဝယ်တွေပိုမိုဖြစ်လာတော့မှာပါ။ အငှားတွေလည်းဖြစ်လာပါလိမ့်မယ်။ နိုင်ငံခြားသားတွေကလည်း သူတို့နေထိုင် အလုပ်လုပ်ကိုင်ဖို့အတွက် လူနေအိမ်တိုက်ခန်းတွေ၊ ရုံးခန်းတွေလိုအပ်လာတာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံခြားကနေ အိမ်၊ ခြံ၊ မြေ ရင်းနှီးမြှုပ်နှံမှုတွေအလုံးအရင်းနဲ့ဝင်ရောက်လာပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံအတွက် အိမ်၊ ခြံ၊ မြေ ဈေးနှုန်းအတက်၊ အကျဆိုတာကတော့ နောင်တက်လာမယ့် အစိုးရအပေါ်မှာပဲမူတည်ပါတယ်။ အစိုးရသစ်လက်ထက်မှာလည်း အခြေခံလူတန်းစားတွေနဲ့ လူလတ်တန်းစားတွေ နေထိုင်မှုအဆင်ပြေစေဖို့အတွက် စီမံကိန်းတွေချမှတ်ဖော်ဆောင်မယ်လို့ခန့်မှန်းထားပါတယ်။ အဓိကကတော့ အခြေခံလူတန်းစားပြည်သူတွေအဆင်ပြေစေဖို့အတွက် အရင်ဆုံး တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ နောင်လုပ်မယ့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွေ အောင်မြင်ဖို့အတွက်ဆိုတာက ထွက်လာမယ့်တိုက်ခန်းတွေမှာ အမှန်တကယ်နေထိုင်ကြမယ့် အများပြည်သူတွေလက်ထဲကိုသာ မူဝါဒများချမှတ်ပြီး ရောင်းချပေးစေချင်ပါတယ်။ ဒါဆို အိမ်၊ ခြံ၊ မြေဈေးနှုန်းတွေ တိုးတက်ဖွံ့ဖြိုးလာစရာ အကြောင်းရှိပါတယ်” ဟု သုံးသပ်ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**



# ခရီးသွားဝါသနာရှင်များအတွက် အင်းတော်မြို့နယ်အတွင်းက ဒန့်ဒင်ရေတံခွန်

**အင်းတော် ဖေဖော်ဝါရီ ၁**

ဒန့်ဒင်ရေတံခွန်သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း တည်ရှိ၍ အင်းတော်မြို့မှ နေ့ချင်းပြန်သွားရောက်နိုင်သော ခရီးစဉ်တစ်ခုဖြစ်သည်။ စိမ်းလန်းစိုပြည်သော တောတောင်သဘာဝရှုခင်းများနှင့် ဒေသန္တရဗဟုသုတများရရှိနိုင်သည့် ဒန့်ဒင်ရေတံခွန်သည် အပန်းဖြေသွားရောက်ရန်နှင့် လေ့လာရန်နေရာသစ်တစ်ခုဖြစ်သည်။

ဒန့်ဒင်ရေတံခွန်သို့ သွားရောက်လိုပါက အင်းတော်မြို့မှ ခုနစ်မိုင်ခန့်ဝေးသော ရှမ်းတိုင်းရင်းသားများနေထိုင်ရာ ရွာဟောင်းကျေးရွာသို့ ကားသို့မဟုတ် ဆိုင်ကယ်ဖြင့် သွားရောက်ရမည်ဖြစ်သည်။ ထိုရွာဟောင်းကျေးရွာမှ တစ်ဆင့် ဒန့်ဒင်ရေတံခွန်သို့ လေးမိုင်ခန့် ထပ်မံသွားရောက်ရမည်ဖြစ်သည်။ အဆိုပါလမ်းခရီးမှာ သဘာဝစမ်းချောင်းလေး၏ဘေးအတိုင်း ဖောက်လုပ်ထားပြီး သစ်တောကြီးများ၏ အောက်ခြေမှ သွားရသည်။ ပတ်ဝန်းကျင်ရှုခင်းများမှာ လွန်စွာလှပပြီး လမ်းခရီးတွင် သစ်ထုတ်ရေးဆင်များကိုလည်း မကြာခဏ တွေ့ရမည်ဖြစ်သည်။ စမ်းချောင်းလေးကို ကျော်လွန်ပြီးလျှင် တောင်ပေါ်လမ်းကို စတင်တက်ရပါမည်။ တောင်ပေါ်လမ်းအတိုင်း အနည်းငယ်တက်ပြီးလျှင် လွန်စွာလှပသော ဧရာဝတီမြစ်ပြင်ကျယ်ကြီးနှင့် ရှုမျှော်ခင်းကြီးကို တောင်ထိပ်လမ်းပေါ်မှ စတင်မြင်တွေ့ရပါမည်။ အင်းတော်မြို့နယ်နှင့် ကသာမြို့နယ်ကို ကာဆီးပိုင်းခြားထားသော တောင်တန်းကြီး၏အပေါ်ကို ရောက်ရှိနေခြင်းပင်ဖြစ်သည်။ တောင်တက်ခရီးလမ်းကို ဆိုင်ကယ်ဖြင့် မိနစ်သုံးဆယ်ခန့်တက်ပြီးလျှင် လက်ယာဘက်ရှိ လမ်းခွဲမြေလမ်းလေးအတိုင်းသွားပါက ရေတံခွန်ရှိရာ ချောင်းအထက်ပိုင်းသို့ ရောက်ရှိမည်ဖြစ်သည်။ ချောင်း၏ ဘေးပတ်ဝန်းကျင်တွင် အင်၊ ကညင်စသည့် သစ်ပင်ကြီးများ ပေါက်ရောက်နေပြီး ရေတံခွန်၏ အပေါ်ဘက်တွင် စွတ်စိုပြီး ညီညာပြန့်ပြူးသည့်မြိုင် သို့မဟုတ် ဂနိုင်တစ်ခုရှိသည်။ ယခင်က တောဆင်ရိုင်းများ ပျော်မြူးကျက်စားရာနေရာဖြစ်ပြီး ဆင်ဖမ်းသည့် မုဆိုးများ စခန်းချပြီး ဆင်ဖမ်းသည့်နေရာဖြစ်သည်။ ကြီးမားသည့် ဝါးတောကြီးများလည်း ရှိနေပါသေးသည်။

ရေတံခွန်၏ ပထမအဆင့်သည် ပေ ၂၀ ခန့်အမြင့်ရှိပြီး ကြည်လင်အေးမြသော ရေပန်းများ လှပစွာဖြာထွက်ကျဆင်းနေသည်။ ဒုတိယအဆင့်သည် အနည်းငယ်နိမ့်ပြီး ရေပန်းများအသွင်စီးဆင်း၍ ကြည်လင်အေးမြသော ကျောက်ခွက်ရေအိုင်ငယ်လေးအဖြစ်ရှိသည်။ ဆက်လက်စီးဆင်းသွားရာ ရေတံခွန်၏ တတိယအဆင့်အဖြစ် အမြင့်ပေ ၅၀ခန့် တစ်ဟုန်ထိုးစီးဆင်းသွားကြသည်။ ရေတံခွန်အပေါ်မှ အုပ်မိုးထားသော ကိုင်းပင်၊ ရုံးပင်များကလည်း ရေတံခွန်၏ အလှကို ထပ်မံတန်ဆာဆင်ထားသည်။ တစ်ဟုန်ထိုးစီးဆင်းသွားသည့် ရေများသည် အောက်ခြေတွင် ကြည်လင်အေးမြသည့် ရေအိုင်ကြီးအဖြစ် တည်ရှိနေသည်။ ပေ ၁၀၀ ပတ်ဝန်းကျင်ခန့်ရှိသော ထိုရေအိုင်မှာ သစ်ခြောက်၊ သစ်ဆွေးများ၊ အမှိုက်များ ကင်းစင်လျက် ကြည်လင်သန့်ရှင်းလျက်ရှိသည်။ ဒေသအခေါ် ငါးဒေါက်ငါးကြီးများ ကူးခတ်နေသည်ကို တွေ့နိုင်သည်။ ထိုငါးကြီးများကို သဘာဝအတိုင်း အန္တရာယ်ကင်းစွာ နေထိုင်စေပြီး ဖမ်းဆီးစားသောက်ခြင်း မပြုလုပ်ကြပါ။ အကယ်၍ ပြုလုပ်ခဲ့ပါက သဘာဝဘေးဒဏ်များ တွေ့ကြုံရသည်ဟု ဒေသခံများက အယူရှိကြသည်။ ထူးခြားဆန်းပြားလှပသည့် အင်းတော်မြို့နယ်အတွင်းမှ ဒန့်ဒင်တောင်ပေါ်ရေတံခွန် ခရီးစဉ်သည် ခရီးသွားဝါသနာရှင်များအတွက် အပန်းပြေမှု၊ ပျော်ရွှင်မှုနှင့် ဗဟုသုတတို့ကို ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**သတင်း-ကိုမင်း(အင်းတော်)**
**ဓာတ်ပုံ-တင်ထွန်း(အင်းတော်)**

# အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် မြန်မာအသင်းပြင်ဆင်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများနှင့် ဝေးကွာနေမှုကို မြန်မာအမျိုးသမီးအသင်းမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံအမျိုးသမီးပြိုင်ပွဲတွင် အဆုံးသတ်နိုင်ရန် ကြိုးပမ်းနေပြီး နယ်သာလန်နိုင်ငံသားနည်းပြဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် အဆိုပါပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ပြီး နိုင်ငံခြားသားနည်းပြတစ်ဦးကိုလည်း မကြာမီခန့်အပ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးအသင်းနည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ရော်ဂျာကို ခန့်အပ်ရန် သဘောတူညီမှုရရှိထားပြီး ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်သည်။ ရော်ဂျာသည် နယ်သာလန် အမျိုးသမီးလက်ရွေးစင်အသင်းကို ကာလရှည်ကိုင်တွယ်ခဲ့ဖူးသည့် မှတ်တမ်းကောင်းရှိသည့် နည်းပြတစ်ဦးဖြစ်ပြီး မြန်မာ့လက်ရွေးစင်အမျိုးသားအသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၏ အဆက်အသွယ်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရော်ဂျာကိုင်တွယ်နေစဉ်ကာလအတွင်း နယ်သာလန်အမျိုးသမီးလက်ရွေးစင်အသင်းမှာ ဖီဖာအမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ဥရောပအမျိုးသမီးပြိုင်ပွဲတို့ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ရော်ဂျာကို မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ခဲ့ပါက ဂျပန်လူမျိုးနည်းပြ ကူမာဒါပြီးလျှင် ခန့်အပ်နိုင်မည့် နိုင်ငံခြားသား နည်းပြဖြစ်လာမည် ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၀၇ ခုနှစ်နောက်ပိုင်း နိုင်ငံတကာပြိုင်ပွဲများတွင် ချိန်ပီယံဆုရယူနိုင်ခြင်းမရှိတော့ဘဲ အောင်မြင်မှုများနှင့် ဝေးကွာလျက်ရှိသည်။ အာဆီယံဒေသတွင်း အဓိကပြိုင်ဘက်များဖြစ်သည့် ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ကို ဆက်တိုက်အရေးနိမ့်လျက်ရှိသောကြောင့် နိုင်ငံခြားသားနည်းပြခန့်အပ်ကာ ပြင်ဆင်နေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးဘောလုံး တိုးတက်ရန်အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို နိုင်ငံခြားသားနည်းပြခန့်အပ်ရုံဖြင့် မရသေးဘဲ ပြည်တွင်းပြိုင်ပွဲများစွာ ကျင်းပနိုင်ရန် လိုအပ်နေသည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို



မြန်မာအမျိုးသမီးအသင်း လေ့ကျင့်မှုများ ပြုလုပ်နေစဉ်။

ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၅ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါပြိုင်ပွဲကို ၂၀၀၇ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးပြီး ယခုတတိယအကြိမ် ကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

❖ **ကျောဖုံးမှ**

နိုင်ငံတကာမြို့ပြများတွင် ကျင့်သုံးနေသော ဘတ်(စ်)ကားလိုင်းစနစ်များကဲ့သို့ ယာဉ်ပေါ်တွင် ယာဉ်နောက်လိုက်ထားရှိမည်မဟုတ်ဘဲ ငွေပေးချေစနစ်ကိုလည်း နိုင်ငံတကာအဆင့်မီ ကတ်စနစ်အသုံးပြုမှုကို ဆောင်ရွက်သွားမည်ဟု သိရသည်။ ယင်းသို့ဆောင်ရွက်ရာတွင် စင်ကာပူနိုင်ငံရှိ Singapore Transport Authority နှင့်ပူးပေါင်းကာ ပြည်တွင်းရှိ ကုမ္ပဏီများနှင့်လက်တွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

“ကတ်စနစ်ကို အသုံးပြုမှာကတော့ စင်ကာပူက Singapore Transport Authority နဲ့ ပေါင်းလုပ်တာဖြစ်ပါတယ်။ ပြည်တွင်းကုမ္ပဏီသုံးခု ပူးပေါင်းတာပါ။ စင်ကာပူမှာကတော့ အတက်အဆင်း ကတ်ဖြတ်စနစ်နဲ့ စီးနင်းတဲ့အကွာအဝေးပေါ်ကိုလိုက်ပြီး ခရီးစဉ်စီးနင်းခကို ပိုင်းဖြတ်သွားတာပါ။ ဒီမှာက အခု စတင်စမ်းသပ်စဉ်မှာ ပုံသေယာဉ်စီးခနှုန်းစနစ်နဲ့ကောက်ခံသွားမှာဖြစ်ပါတယ်။ ကျပ် ၃၀၀ နှုန်းနဲ့ ပုံသေယာဉ်စီးခကို ကောက်ခံသွားမှာဖြစ်ပြီး ဘတ်(စ်)ကားပေါ် တက်တက်ချင်း အတက်မှာသာ ကတ်ကို စက်နဲ့ ဖြတ်သွားရုံပါပဲ။ အရင်က စနစ်တွေလို လူတစ်ယောက်က လုပ်ပေးရတာ၊ ဖြတ်ပိုင်းပြန်ထုတ်ပေးရတာမျိုး မရှိတော့ပါဘူး။ ယာဉ်နောက်လိုက် မပါဝင်တော့ပါဘူး။ ဒီလိုကတ်စနစ်အသုံးပြုမှာဖြစ်တဲ့အတွက် ငွေဖြည့်စက်တွေကို လူစည်ကားတဲ့နေရာတိုင်းမှာ ထားရှိဆောင်ရွက်ပေးသွားဖို့ရှိပါတယ်။ နိုင်ငံတကာက ပုံစံအတိုင်း ဆောင်ရွက်သွားမှာဖြစ်ပြီး အောင်မြင်မှုရရှိရင် ကားတွေထပ်တိုးပြေးဆွဲဖို့ ကားထပ်ဝယ်ဖို့အတွက် အစုရှယ်ယာထည့်ဝင်ထားငွေတွေရှိပါတယ်” ဟု အဆိုပါယာဉ်လိုင်းပြေးဆွဲမှုစနစ်အတွက် တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

BRT Lite စနစ်ဖြင့် ရန်ကုန်မြို့တော်တွင် ဘတ်(စ်)ကားပြေးဆွဲမှုကို ဇန်နဝါရီလအတွင်း စတင်စမ်းသပ်ပြေးဆွဲနိုင်ရန် စီစဉ်ထားသော်လည်း တည်ဆောက်ဆဲ ခုံးကျော်တံတားစီမံကိန်းများနှင့် အခြားသော ပြေးဆွဲမှုပိုင်းဆိုင်ရာ ပြင်ဆင်မှုများကြောင့် မကြာမီတွင် စတင်စမ်းသပ်ပြေးဆွဲနိုင်မည်ဟု သိရသည်။ ယင်းသို့ ပြေးဆွဲသွားရန်ကိုလည်း ယာဉ်လမ်းကြောင်းသတ်မှတ်မှုများ စီစဉ်ဆောင်ရွက်ပြီးဖြစ်ပြီး ယာဉ်ကြော၏ ညာဘက်အစွန်ဆုံး လမ်းကြောများကို အသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါ ဘတ်(စ်)ကားပြေးဆွဲမှုတွင်လည်း ယာဉ်မောင်းများကို ပြိုင်မောင်း၊ လုမောင်းခြင်းမရှိစေဘဲ လစာစနစ်ဖြင့် ခန့်အပ်ထားကာ တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီသာ လုပ်ကိုင်စေ၍ တစ်ပတ်လျှင် တစ်ရက် နားရက်ပေးသွားမည်ဟုလည်း သိရသည်။ ယင်းအတွက် လစာဖြင့် ခန့်အပ်မည့် ယာဉ်မောင်းများကို ဆက်လက်ခေါ်ယူနေသည့်အပြင် ရန်ကုန်ဘတ်(စ်)ကား အများပိုင်ကုမ္ပဏီအနေဖြင့်လည်း စိတ်ဝင်တစား ရင်းနှီးမြှုပ်နှံထည့်ဝင်မည့် အစုရှယ်ယာရှင်များကိုလည်း ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

**(ဝဝ၁)**

# အင်းဝဘုရားများ၏ ရင်ပြင်တော်ပေါ်သို့ နိုင်ငံခြားသားအချို့ ဖိနပ်မချွတ်ဘဲတက်သည်ကို တားမြစ်ရန်လို

**မန္တလေး ဖေဖော်ဝါရီ ၁**

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အင်းဝမြို့ရှိ ဘုရားစေတီရင်ပြင်တော်များပေါ်သို့ ဖိနပ်မချွတ်ဘဲ တက်ရောက်သွားလာနေသော နိုင်ငံခြားသားခရီးသွားအချို့ရှိကြောင်း သိရသည်။**(အောက်ပုံ)**

ဤသို့ ဘုရားရင်ပြင်တော်ပေါ်တွင် ဖိနပ်စီး၍ သွားလာနေကြသည်ကို ယဉ်ကျေးမှုတွင် မည်သို့မျှ လက်ခံနိုင်စရာ မရှိကြောင်းနှင့် လုံးဝမဖြစ်သင့်သည့်အတွက် ထိထိရောက်ရောက် တားမြစ်သင့်ကြောင်း အင်းဝရှိ မယ်နုအုတ်ကျောင်းအနီးမှ ထီးလှိုင်ရှင်ဘုရားရင်ပြင်တော်ပေါ်တွင် နိုင်ငံခြားသားခရီးသွားများ ဖိနပ်မချွတ်ဘဲ သွားလာနေသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသော ပြည်တွင်းဘုရားဖူးတစ်ဦးက ပြောသည်။

"နိုင်ငံခြားသားတွေ အဓိကသွားတာကတော့ ဒေါ်ဂျမ်းဘုရားစု၊ ရတနာဆီမီးဘုရားစု၊ ဗားကရာကျောင်း၊ နန်းမြင့်မျှော်စင်နဲ့ မယ်နုအုတ်ကျောင်းတွေပါ။ ထီးလှိုင်ရှင်ဘုရားကတော့ မယ်နုအုတ်ကျောင်းကြီးနဲ့ကပ်လျက်ဖြစ်နေတော့ ဝင်တဲ့သူအချို့ တစ်ခါတစ်ရံဝင်ကြပါတယ်။ ဗားကရာကျောင်းနဲ့ လမ်းသင့်တဲ့ ဝက်ပါဘုရား၊ မြင်းမိုရ်တောင်ဘုရားတွေ ဝင်တတ်တယ်။ မလှမ်းမကမ်းက လောကသရဖူဘုရားကြီးကိုလည်း အရင်ကဝင်ကြတယ်။ ပြောရရင်တော့ အဓိကငါးနေရာကလွဲရင် ကျန်တဲ့ဘုရားတွေကို သီးသန့်တကူးတကသွားတဲ့ နိုင်ငံခြားသားဧည့်သည်က အတော်နည်းပါတယ်" ဟု အင်းဝဒေသခံတစ်ဦးက ပြောသည်။



တစ်ခါက လောကသရဖူဘုရားကြီးရင်ပြင်တော်ပေါ်တွင် ဖိနပ်စီး၍ သွားလာနေကြသော နိုင်ငံခြားသားဧည့်သည်များကို ဘုရားဂေါပကအဖွဲ့က ဧည့်လမ်းညွှန်မှတစ်ဆင့် ဖိနပ်မစီးရန် တားမြစ်ဖူးကြောင်းနှင့် ယင်းနောက်ပိုင်းတွင် လောကသရဖူဘုရားသို့ နိုင်ငံခြားသားများ မလာသလောက်ဖြစ်သွားကြောင်း သိရသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များ နှစ်စဉ်မပြတ် လာရောက်လည်ပတ်လေ့ရှိသော အင်းဝမြို့ဟောင်းသို့ ယခုနှစ်တွင် ဖေဖော်ဝါရီလနှင့် မတ်လတို့၌ နိုင်ငံခြားသားဧည့်သည်များ လာရောက်မှုရှိဦးမည်ဖြစ်ကြောင်း ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။ **(ဇေယျာနောင်)**

## တိုက်ကြီးမြို့နယ် မြိုင်ဟေဝန်ဆင်စခန်း သောက်သုံးရေရှားပါးမှုကြောင့် အခက်ကြုံ

**တိုက်ကြီး ဖေဖော်ဝါရီ ၁**

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ကင်းမတီးကျေးရွာအုပ်စု မြိုင်ဟေဝန်ဆင်စခန်း၌ ဆင်ဦးစီးနှင့် ဝန်ထမ်းမိသားစုများ သောက်ရေ၊ သုံးရေများရှားပါးမှုကြောင့် လွန်စွာ အခက်ကြုံနေကြကြောင်း မြိုင်ဟေဝန်ဆင်စခန်းမိသားစုများထံမှ သိရသည်။

မြိုင်ဟေဝန်ဆင်စခန်းတွင် ဆင်ခေါင်းလေးဦး၊ ဆင်ဦးစီးများနှင့် ဝန်ထမ်းမိသားစုဝင်များအပါအဝင် လူဦးရေ ၆၀ ကျော်နှင့် ကျောင်းသား ၁၆ ဦး၊ သစ်ထုတ်လုပ်ရေးဦးစီးဌာနပိုင် ဆင်ကောင်ရေ ၂၃ ကောင်ရှိကြောင်း၊ သောက်သုံးရေအတွက် လေးဖာလုံခန့်ဝေးကွာသော လိပ်လေ့ရိုးနှင့် ခရုချောင်းရိုးတို့သို့ သွားရောက်သယ်ယူသုံးစွဲနေကြရကြောင်း၊ ၂၀၀၀ ပြည့်နှစ်က ရေအရင်းအမြစ်မှ နှစ်လက်မပိုက်ဖြင့် အဝီစိရေတွင်း လာရောက်တူးပေးထားသော်လည်း ရေထွက်နှုန်းအလွန်နည်းသောကြောင့် ရေစက်မောင်းသည့် ဆီဖိုးနှင့်မကာမိဖြစ်နေကြောင်း မြိုင်ဟေဝန်ဆင်စခန်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

"ကျွန်တော်တို့ သောက်သုံးရေအတွက် တော်တော်လေး အခက်ကြုံနေရတယ်။ ရေသွားခပ်တော့လည်း အလွန်ဝေးတယ်။ ထမင်းဟင်းချက်ဖို့ ရေကိုအိမ်မှာရှိတဲ့ကလေး၊ လူကြီး အားတဲ့သူသွားခပ်နေရတယ်။ အမျိုးသားတွေက ရေချိုးဖို့ သိပ်မခက်ပေမယ့် အမျိုးသမီးတွေအတွက် ရေချိုးရတာ အင်မတန်အခက်ကြုံရတယ်။ လိပ်လေ့ရိုးနဲ့ ခရုချောင်းရိုးကို တောထဲတောင်ထဲသွားရတာ မလွယ်ဘူး"ဟု မြိုင်ဟေဝန်ဆင်စခန်းမှ ဆင်ဦးစီးတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ကျေးရွာအုပ်စုက ရေကြောသိပ်မမိဘူး။ ပေပေါင်း သုံးရာလောက်တူးမှ ရေထွက်များတာ။ မြိုင်ဟေဝန်ဆင်စခန်းက အဝီစိရေတွင်းတူးတာ ရေကြောမမိလို့ဖြစ်နိုင်ပါတယ်။ တောင်ပေါ်ဒေသလိုဖြစ်နေတော့ မြေအောက်မှာ ကျောက်ဖျာတွေရှိနေတတ်တယ်။ ကျွန်တော်တို့အနေနဲ့ တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးကို မြိုင်ဟေဝန်ဆင်စခန်း ရေရှားပါးမှုနဲ့ပတ်သက်ပြီး တင်ပြပါမယ်"ဟု ကင်းမတီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ဦးက ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

## လုပ်ငန်းသေးငယ်၍ အခွန်ရရှိမှုနည်းခြင်းနှင့်အတူ ထောက်ပံ့ငွေနည်းနေခြင်းကြောင့် ဒေသဖွံ့ဖြိုးမှုအားနည်းနေ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ပြ၊ ကျေးလက် လမ်းတံတား ရေပေးရေးလုပ်ငန်းများတွင် မြို့နယ်အလိုက် ဘဏ္ဍာငွေရရှိမှု အနည်းဆုံးမြို့ငယ်များတွင် လုပ်ငန်းများလည်း သေးငယ်၍ အခွန်အကောက်ရရှိမှုနည်းခြင်းနှင့်အတူ ထောက်ပံ့ငွေများလည်း နည်းနေခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းထံမှ သိရသည်။

"ထောက်ပံ့ငွေနည်းတဲ့အတွက် လမ်းတံတား၊ ရေပေးရေးလုပ်ငန်းတွေမှာ အမြဲလိုအပ်မှုတွေရှိနေတယ်။ အမှိုက်နဲ့ အညစ်အကြေးခွန်ကောက်ပေမယ့် အမှိုက်သိမ်းတာ နေ့စဉ်မလုပ်နိုင်ဘဲ ကိုယ့်အားကိုယ်ကိုးလုပ်ပြီး မြစ်ထဲ၊ချောင်းထဲကိုပဲ သွားပစ်ကြတာများပါတယ်။ မြို့ငယ်များမှာ အခွန်အခတွေကို ဥပဒေအရကောက်မရဘဲ နားလည်မှုပေးထားရသလို ပျက်နေတဲ့လမ်းတံတားတွေလည်း လုံးဝသွားမရမှသာ ပြင်ဖို့စိတ်ကူးကြတယ်။ စည်ပင်ကပေးတဲ့ရေလုပ်ငန်းဟာလည်း သန့်ရှင်းတဲ့ရေမဖြစ်သလို ဘယ်အဖွဲ့အစည်းကမှလည်း ရေသန့်၊ မသန့်ကို စစ်တာတွေ၊ ဘာတွေမရှိပါဘူး"ဟု ဦးခင်မောင်သန်းက ပြောသည်။

အဆိုပါဘဏ္ဍာငွေအနည်းဆုံးရရှိသော မြို့နယ်များတွင် အမှိုက်သိမ်းကားသည် သုံးရက်မှတစ်ကြိမ် လှည့်လည်သော်လည်း အချိန်မမှန်သလို ကြာကြာလည်း မရပ်သောကြောင့် အမှိုက်ပုံး(သို့)ဇလားပုံးထားပြီး မသိမ်းဘဲ ကိုယ့်အမှိုက်ကိုကားပေါ်တင်ပေးနေရကြောင်း သိရသည်။

ထို့ပြင် ရေအုတ်မြောင်းများ ပြုလုပ်ပေးထားသော်လည်း လုပ်ပြီးသည့်နေ့မှ ယနေ့တိုင် ပြန်မပြင်ဘဲထားသလို ဈေးအိမ်သာများ ဆောက်ထားသော်လည်း ပျက်စီးနေသည်မှာ ကြာပြီဖြစ်ကာ မပြင်ဘဲထားကြောင်း၊ ထို့ပြင် လမ်းမီးကြေးခွန်ကောက်သော်လည်း ပျက်နေသော လမ်းမီးများကို မပြင်သလို စည်ပင်သာယာရေး ကော်မတီပိုင်ကားများ ကာလရှည်ကြာ ပျက်စီးနေသော်လည်း ပြင်၍မသုံးဘဲ အကာအရံမဲ့ လဟာပြင်တွင် ပစ်ထားခြင်းများရှိနေကြောင်း ဦးခင်မောင်သန်း ထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာ ကော်မတီမှ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်)အထိ ငါးနှစ်အတွင်းမှာ စာရင်းအရ လုပ်ငန်းသုံးမျိုးပေါင်းတွင် ဘဏ္ဍာငွေအနည်းဆုံးရရှိသောမြို့နယ် ငါးမြို့နယ်ရှိကြောင်း သိရသည်။

အဆိုပါ မြို့နယ်များမှာ လဟယ်မြို့နယ်၊ ဒိုပဲမြို့နယ်၊ နန်းယွန်းမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် ကနီမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## မြို့နယ်သတင်းများ

### မြတ်မော်တင်စွန်းဘုရားပွဲ တစ်လတိုင်တိုင် ကျင်းပမည်

**ပုသိမ် ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ တန်ခိုးကြီးသမိုင်းဝင် ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၂၃ ရက် (တပို့တွဲလပြည့်မှ တပေါင်းလပြည့်)အထိ တစ်လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မြတ်မော်တင်စွန်းဘုရားပွဲတော်သို့ လာရောက်ကြမည့် ဘုရားဖူးများ အဆင်ပြေစေရေးအတွက် တည်းခိုဆောင်များ စနစ်တကျပြုပြင်ထားရှိရေး၊ ဈေးဆိုင်ခန်းများနှင့် လုပ်ငန်းအရပ်ရပ်တို့ စနစ်တကျရှိစေရေးအတွက် ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်နေကြောင်းသိရသည်။ ဘုရားအနီးဝန်းကျင်တွင် ဟိုတယ်ငါးလုံးနှင့် တည်းခိုခန်း ခုနစ်ခုတို့ကိုလည်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း၊ ဘုရားဖူးများနှင့် ခရီးသွားများအတွက် အဓိကဖြစ်သော ရေချိုးဆိပ်ရှိသည့် ငွေဆောင်တွင်လည်း ဟိုတယ်နှစ်လုံးတည်ဆောက်ထားရှိကြောင်း သိရသည်။

ထို့ပြင် တောင်ခြေတွင် ကားဝင်းရှိနေပြီဖြစ်၍ ကားလမ်းမှတိုက်ရိုက်လာရောက်ကြသူများ အဆင်ပြေလျက်ရှိသည်။ ပုသိမ်မြို့မှ အမြန်ရေယာဉ်များထွက်ရှိသလို ရန်ကုန်မြို့မှလည်း ငွေစင်ကြယ်၊ ပုသိမ်သူစသည့် အမြန်ရေယာဉ်လိုင်းများ ပွဲတော်ချိန်တွင် ပြေးဆွဲပေးမည်ဖြစ်ကြောင်းသိရသည်။

**ခင်မောင်မြင့်(ဇမ္ဗူသီရိ)**

### ဒက္ခိဏသီရိမြို့နယ်တွင် ကျေးရွာချင်းဆက် ချောင်းကူးတံတားဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် ကူနှစ်လုံးဆည်စုအုပ်စု ဝွေးတောက်ရိုး-ပိတောက်ကုန်း ကျေးရွာချင်းဆက်ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက တံတားမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဒေါ်တင်မိုးမြင့်၊ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကိုကိုနိုင်၊ ခရိုင်ဦးစီးမှူး ဦးစိုးလင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီတို့က ဖွင့်လှစ်ပေးခဲ့သည်။ ယင်းကျေးရွာချင်းဆက် ချောင်းကူးတံတားမှာ အရှည် ပေ ၇၀×၁၄ ပေရှိ ကွန်ကရစ်သံပေါင်ရက်မ အမျိုးအစားဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ငွေကြယ်မင်းကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာချင်းဆက် ချောင်းကူးတံတား တည်ဆောက်ပေးသဖြင့် အဆိုပါအုပ်စုရှိ ကျေးရွာခြောက်ရွာမှဒေသခံများ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

### မင်္ဂလာဒုံမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု အထက(၄)ကျောင်းခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က အသက် (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပခဲ့သည်။

အဆိုပါပွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက အဖွင့်အမှာစကားပြောကြားခြင်း၊ မြို့နယ်ပညာရေးမှူး ဒေါက်တာကျော်စိုးနိုင်နှင့် မြို့နယ်လဝကမှူး ဦးသန်းဦးတို့က ကွင်းဆင်းစီမံချက်အကြောင်းတင်ပြခြင်း၊ ခရိုင်လဝကမှူး၊ ဒု-ညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်းတို့ ပြုလုပ်ခဲ့သည်။

ထို့နောက် တာဝန်ရှိသူတို့က အသက် (၁၀)နှစ်ပြည့်ပြီးသူ ကျောင်းသားကျောင်းသူ ၁၅၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မျိုးသန့်(ပြန်/ဆက်)**

### မြေပဲဆီဈေးကောင်း၍ မြေပဲကိုဆီကြိတ်ရောင်းချသူများပြားလျက်ရှိ

**သာစည် ဖေဖော်ဝါရီ ၁**

မြေပဲပေါ်ချိန်အထိ မြေပဲဆီဈေးနှုန်းကျဆင်းမှုမရှိ၍ မြေပဲစိုက်တောင်သူများ မြေပဲကိုဆီကြိတ်ရောင်းချခြင်းဖြင့် တွက်ခြေကိုက်လျက်ရှိကြောင်း ဆီစက်လုပ်ငန်းရှင်များထံမှ သိရသည်။

"ဒီနှစ် မြေပဲပေါ်ချိန်အထိ မြေပဲဆီဈေးနှုန်းက ကျဆင်းမှုမရှိဘူး။ မြေပဲစိုက်တောင်သူတွေလည်း ဒီနှစ်မြေပဲအထွက်နှုန်းကောင်းတဲ့အတွက် မြေပဲရကြပါတယ်။ မြေပဲအတောင့်တစ်တင်းကို တစ်သောင်းနှုန်းသာပေးပြီးဝယ်ယူကြပါတယ်။ မြေပဲကိုဆီကြိတ်ပြီးရောင်းချရင် မြေပဲတစ်တင်းကို မြေပဲဆီနှစ်ပိဿာခွဲနှုန်းထွက်တယ်။ မြေပဲဆီအပူရည်တစ်ပိဿာ ငွေကျပ် ၄၂၅၀ နှုန်း၊ မြေပဲဖတ်တစ်ပိဿာငွေကျပ် ၆၀၀ နှုန်းနဲ့ မြေပဲတစ်တင်းကိုပဲဖတ်ခြောက်ပိဿာနှုန်း ထွက်ရှိပါတယ်။ မြေပဲကို ဆီကြိတ်ရောင်းချပါက မြေပဲတစ်တင်းကို ငွေကျပ် ၁၄၀၀၀ ကျော်ရရှိပါတယ်။ နှမ်းဆီဈေးမကောင်းတဲ့အတွက် နှမ်းဆီအရောင်းအဝယ်မဖြစ်ဘဲ မြေပဲဆီကြိတ်ရောင်းချသူများကြောင်း သာစည်မြို့ ငါးဆူတိုးချဲ့ရပ်ကွက်ရှိ ဆီစက်လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

**မျိုးမင်း(သာစည်)**

ပြည်တွင်းရေးရာ

# ငါးစည်ဖောင်းများကို ရန်ကုန်မြို့မှ ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တွင်ကျယ်စွာရောင်းချလျက်ရှိ

**ဖျာပုံ ဖေဖော်ဝါရီ ၁**

နိုင်ငံတကာဈေးကွက်ဝင် တန်ဖိုးမြင့် ငါးစည်ဖောင်းများကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ထွက်ရှိပြီး စီးပွားရေးမြို့တော်ရန်ကုန်မှတစ်ဆင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်များသို့ ရောင်းချလျက်ရှိကြောင်း သိရသည်။



မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသည့် ငါးအမျိုးမျိုးတွင် အချို့ငါးများ၏ ဝမ်းဗိုက်တွင်းမှ ထုတ်ယူရရှိသည့် ငါးစည်ဖောင်းများသည် ပြည်တွင်း၊ ပြည်ပ စားသောက်ဆိုင်ကြီးများနှင့် အဆင့်မြင့်ဟိုတယ်များတွင် စားကောင်းသောက်ဖွယ်ဟင်းလျာအဖြစ် သုံးစွဲနေသည့်အပြင် အချို့ငါးများ၏ငါးစည်ဖောင်းများသည် ပြည်ပကားထုတ်လုပ်သူများက ကားမှန်များပြုလုပ်ရာတွင် ကုန်ကြမ်းအဖြစ် ထည့်သွင်းအသုံးပြုလျက်ရှိကြောင်း ငါးစည်ဖောင်း ရောင်းဝယ်နေသူများ၏ ပြောပြချက်အရ သိရသည်။

တစ်ချိန်က ငါးမန်းတောင်ဟင်းချိုလူကြိုက်များ၍ ဈေးကောင်းခဲ့ကြောင်း၊ ယခုအခါ ငါးမန်းများ မျိုးမသုဉ်းစေရေးအတွက် ဖမ်းဆီးခြင်းမပြုရန် ပိတ်ပင်ထား သဖြင့် ငါးမန်းတောင်ဈေးကွက် ပျက်ပြယ်သွားကြောင်း၊ ငါးမန်းတောင် ဈေးကွက်နေရာတွင် မြန်မာ့ပင်လယ်ပြင်မှ ဖမ်းဆီးရရှိသည့်ငါးများ၏ ဝမ်းဗိုက်အတွင်းမှ ထုတ်ယူရရှိသော ငါးစည်ဖောင်းဈေးကွက် ကျယ်ပြန့် ကောင်းမွန်လာကြောင်း သိရသည်။ ငါးစည်ဖောင်းများအား ရန်ကုန်ဈေးကွက်၏ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းခန့်လျှော့ပြီး ဝယ်ယူကြကာ ငါးစည်ဖောင်း အသေး၊ အကြီးအလိုက် ဈေးကွာကြောင်း ဖျာပုံမြို့ ငါးစည်ဖောင်းဈေးကွက်မှ ငါးစည်ဖောင်း ရောင်းဝယ်လုပ်ကိုင်နေသူ တစ်ဦးက ပြောသည်။

လက်ရှိဝယ်ဈေးများမှာ ကသပေါင်း ငါးစည်ဖောင်းတစ်ပိဿာ ကျပ်တစ်သိန်းမှ ကျပ်ရှစ်သိန်း၊ ငါးရွှေ ငါးစည်ဖောင်း တစ်ပိဿာကျပ် ၁၁၀၀၀၀ မှ ကျပ် ၇၅၀၀၀၀၊ ငါးပုတ်သင် ငါးစည်ဖောင်း တစ်ပိဿာကျပ် ၇၈၀၀၀မှ ကျပ် ၁၁၀၀၀၀ နှင့် ငါးရောင် ငါးစည်ဖောင်း တစ်ပိဿာ ကျပ် ၂၅၀၀၀ မှ ၂၇၀၀၀ ဖြင့် ဝယ်ယူလျက်ရှိကြောင်း၊ ဈေးမြင့်နေသော်လည်း နိုင်ငံတကာဈေးကွက်တွင် ရောင်းအားကောင်းနေကြောင်း ဖျာပုံမြို့ ငါးစည်ဖောင်းဈေးကွက်မှ သိရသည်။

ငါးစည်ဖောင်းများကို ပင်လယ်ပြင်ငါးများမှ ထုတ်ယူရရှိသကဲ့သို့ ရေချိုငါးများမှလည်း ထုတ်ယူရရှိနိုင်သည်။ ပြည်ပဈေးကွက်တွင် ပင်လယ်ငါးမှ ထုတ်ယူရရှိသည့် ငါးစည်ဖောင်းများက ဈေးပိုရကြောင်းသိရပြီး ငါးစည်ဖောင်း ရောင်းဝယ်ရေးလုပ်ငန်းမှာ ပွင့်လင်းရာသီထက် မိုးတွင်းကာလတွင် ပိုမိုကောင်းမွန်သည်ဟု သိရသည်။

ငါးစည်ဖောင်းများမှာ တန်ဖိုးမြင့်မား၍ လုပ်ငန်းအတွေ့အကြုံရှိရန် အထူးလိုအပ်သကဲ့သို့ အရင်းအနှီးငွေများစွာလိုအပ်၍ သာမန်လူတို့ လုပ်ကိုင်ရန်ခက်ခဲကြောင်း လေ့လာသိရှိရသည်။

ထို့ကြောင့် မသိသူကျော်သွား၊ သိသူဖော်စားဆိုသကဲ့သို့ မြန်မာ့ပင်လယ်ပြင်မှ ငါးများ၏ငါးစည်ဖောင်းများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် မူဆယ်၊ မြဝတီ၊ မြိတ်၊ ထားဝယ်နှင့် ကော့သောင်းလမ်းကြောင်းတို့မှ တရုတ်၊ ယိုးဒယား၊ စင်ကာပူနှင့် ဂျပန်စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချ၍ စီးပွားဖြစ်နေသူများရှိသလို နိုင်ငံတော်အတွက်လည်း ကုန်သွယ်ခွန်များရရှိနေကြောင်း သိရသည်။

မြန်မာတို့အတွက် သဘာဝကပေးထားသည့် မြန်မာ့ပင်လယ်ပြင်ကြီး၏ ရေသယံဇာတများသည် သတ်မှတ်ထားသည့် စည်းကမ်းများကို တိကျစွာ လိုက်နာလုပ်ကိုင်ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ထာဝရအားထားရာအဖြစ်တည်ရှိနေမည် ဖြစ်ပေသည်။

**အောင်ဝင်း(ဖျာပုံ)**



# ၂၀၁၅ နှစ်ကုန်မှစ၍ မုံရွာမြို့ ကွမ်းဈေးကွက် ကောင်းမွန်၍ ကွမ်းစိုက်တောင်သူများ အဆင်ပြေ

**မုံရွာ ဖေဖော်ဝါရီ ၁**

မြန်မာနိုင်ငံအနှံ့သို့ ကွမ်းရွက်အများဆုံးတင်ပို့လျက်ရှိသော မုံရွာကွမ်းဈေးကွက်တွင် ပြီးခဲ့သည့်၂၀၁၅ ခုနှစ်အတွင်း ကွမ်းရွက် တစ်ပိဿာကျပ် ၁၀၀၀၀ ဖြင့် စိုက်သူတို့က ဒိုင်သို့ပေးသွင်းကြရာ ယခုနှစ် ဇန်နဝါရီလကုန်ပိုင်းအထိ ၈၅၀၀ ကျပ် ဈေးဖြင့်တန့်နေရာ ကွမ်းစိုက်သူ၊ တင်ပို့သူများအနေဖြင့် ကွမ်းဈေးကွက်ကောင်းသည့်ရာသီဟု မှတ်ချက်ပြုလျက်ရှိသည်။

"အရင်ကွမ်းဈေးဆိုတာ ရာဂဏန်းက တက်တယ်ဆိုတာမရှိပါဘူး။ ဒီနှစ်ကတော့ ကွမ်းစိုက်သူတွေအနေနဲ့ ကျပ်တစ်သောင်းအထိရကြပြီး ပွဲရုံတွေကတော့ ပြန်ဖြန့်တာ ကျပ် ၁၂၀၀၀ ထိ ရကြပါတယ်။ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းကစပြီး အခု ဇန်နဝါရီလကုန်ပိုင်းအထိ ကျပ် ၈၅၀၀ ဝန်းကျင်မှာပဲ ရှိနေတယ်။ အခုဈေးနဲ့ဆိုတော့ ကွမ်းစိုက်သူတွေ ဒီနှစ်မှာ အခြေအနေကောင်းကြပါတယ်" ဟု ကွမ်းစိုက်သူ ကိုဝင်းထိန်က ပြောသည်။

ကွမ်းစိုက်သူများအနေဖြင့် ဧကဝက်တွင် ကွမ်းအပင်တစ်ထောင် စိုက်မည်ဆိုလျှင် ခြံငှားခ၊ အလုပ်သမားငှားခအပါအဝင် ခြံတည်ရန် ဝါးလုံး၊ အုန်းလက်ခမှစ၍ ရေသွယ်အပြီးအရင်းအနှီးစုစုပေါင်းမှာ ငွေကျပ် ၃၅ သိန်းနှင့် သိန်း ၄၀ ကြား ကုန်ကျမည်ဖြစ်ပြီး တစ်ကြိမ်တည်၍ တစ်ခါ ကောင်းကောင်းပြုစုစိုက်ပျိုးလျှင် နှစ်ရှည်ဝင်ငွေရသော လုပ်ငန်းဖြစ်ရာ စိုက်နည်းကို စနစ်တကျသိရှိအောင်လေ့လာ၍ စိုက်ပျိုးကြသူများလာကြောင်း သိရသည်။

ကွမ်းခြံတည်သူများအနေဖြင့် ရေမဝင်သောကုန်းမြေပေါ် ရေအလွယ်ရပြီး ရေချိုနီးသောနေရာကို ရွေးချယ်စိုက်ပျိုးလာကြပြီး လေလမ်းကြောင်းမကျသည့် သစ်ပင်တန်းများဖြင့် ကာရံနေသောနေရာကို ရွေးချယ်စိုက်ပျိုးလာကြသည်။ စတင်စိုက်ပျိုးချိန်မှစ၍ တစ်နှစ်တစ်ကြိမ်သာ ထည့်ရသော ဆိတ်ချေး၊ ငုံးချေးအပြင် ယခုအခါ သိုးချေးကိုပါ ထည့်သွင်းစိုက်ပျိုးကြရာ အထွက်ကောင်း၍ ဒဏ်ပိုမိုခံနိုင်ရည်ရှိကြောင်း သိရသည်။

"အရင်က ကွမ်းခြံထဲကို နောက်ချေး(နွားချေး) ထည့်ကြတာများတယ်။ နောက်ပိုင်းနောက်ချေးထဲမှာ ဖိုးလမင်းဆိုတဲ့ပိုးကောင်တွေ ပါလာတတ်ပြီး အပင်ကို ဒုက္ခပေးတတ်တဲ့အတွက် ငုံးချေးရရင် ငုံးချေး၊ ငုံးချေးမရရင် ဆိတ်ချေး ထည့်ကြတယ်။ အခုလောလောဆယ်မှာ သုံးနေတဲ့သိုးချေးကို အခြောက်လှန်းပြီး အမှုန့်ကြိတ်ထားတာတွေ ထည့်သုံးလာကြတယ်။ အခြောက်ခံအမှုန့်လုပ်ထားတဲ့အတွက် ပိုးကိုစိတ်ချရသလို သုံးတဲ့နေရာမှာလည်း ဘာမှမပြင်ရတော့ဘဲ အရန်သင့်သုံးရတာဆိုတော့ အဆင်ပြေပါတယ်။ သိုးချေးအမှုန့်လုပ်ပြီးသား နှစ်တင်းဝင်တစ်အိတ်ကို ကျပ် ၂၅၀၀ ပေးရပါတယ်။ ဧကဝက်ရဲ့ အပင်တစ်ထောင်အတွက်ဆိုရင် သိုးချေးအိတ် ၄၀ လောက် ထည့်ရပါတယ်။ တစ်ခြံလုံးအညီထည့်မှ အထွက်မှာလည်းလှပြီး ညီပါတယ်" ဟု ကိုဝင်းထိန်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

မွန်ပြည်နယ် မော်လမြိုင်မြို့ မြန်မာ့မီးရထားတိုင်း(၈) အင်ဂျင်နီယာဌာနက ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် ရထားလမ်းများပိုမိုကြံ့ခိုင်ရေး၊ ရထားများမြန်နှုန်းမြှင့်၍ မောင်းနှင်နိုင်ရေးနှင့် ခရီးသည်များသက်သောင့်သက်သာစွာ စီးနင်းနိုင်ရေးတို့အတွက် လက်ရှိအသုံးပြုနေသော ၃၉ ပေ အရှည် သံလမ်းများအား ဖြုတ်သိမ်း၍ ပေ ၃၄၀ အရှည်ရှိ သံလမ်းများကို အစားထိုးလဲလှယ်တပ်ဆင်လျက်ရှိရာ မုပ္ပလင်ဘူတာနှင့် သိမ်ဇရပ်ဘူတာကြားတွင် လုပ်ငန်းများဆောင်ရွက်နေသည်ကို ဇန်နဝါရီ ၃၀ ရက်က တွေ့ရစဉ်။

**(ရဲခေါင်ဦး)**



# ပဲခူးမြစ်ကိုအလှဆင်ပါ

**မြသိန်း**

မြန်မာနိုင်ငံတွင် မြစ်ကြီး၊ မြစ်ငယ်များစွာရှိရာ ၎င်းမြစ်များသည် ရှေးပဝေသဏီအချိန်မှစ၍ မြန်မာတိုင်းရင်းသားများကို သွားလာရေး၊ လယ်ယာစိုက်ပျိုးရေးကို များစွာအကျိုးပြုလျက်ရှိ၏။

မြန်မာ့သမိုင်းကိုပြန်ကြည့်လျှင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်စသောမြစ်များသည် ရှေးမြန်မာဘုရင်တို့၏ စစ်ရေးစစ်ရာများ၌ အရေးပါ၏။ မြန်မာဘုရင်များ၊ မြို့စား၊ နယ်စားများ အခြေစိုက်ရာမြို့များမှာလည်း မြစ်ကမ်းနံဘေးများ၌သာရှိ၏။

ဧရာဝတီမြစ်ကမ်းပေါ်ရှိ ပုဂံမြို့ဟောင်းက ဧရာဝတီမြစ်ကိုအလှဆင်ရာ ယခုအခါ ပုဂံမြို့ဟောင်းရှိ ရှေးဟောင်းအမွေအနှစ်များကို ကမ္ဘာအနှံ့မှ ခရီးသည်များက အမြတ်တနိုးထား၍ လာရောက်လေ့လာကြ၏။ မြန်မာနိုင်ငံသည် သဘာဝသယံဇာတလည်း အလွန်ပေါများရာ ရှေးနှစ်ပေါင်းထောင်ပေါင်းများစွာကတည်းက ကမ္ဘာအနှံ့မှကုန်သည်များသည် ကုန်းလမ်းခရီးမှတစ်မျိုး၊ ပင်လယ်ရေလမ်းခရီးမှတစ်သွယ် မြန်မာ့သယံဇာတများဖြစ်သော ကျောက်သံပတ္တမြား၊ ကျွန်းသစ်၊ ဟင်းခတ်အမွှေးအကြိုင်စသည်တို့ကို လာရောက်ဝယ်ယူကြကြောင်း သမိုင်းကသက်သေခံနေ၏။ ရွက်သင်္ဘောကိုအသုံးပြု၍ ကမ္ဘာကိုလှည့်ပတ်ကာ သွားလာနေကြသော ပေါ်တူဂီကုန်သည်များ၊ ဒတ်ချ်ကုန်သည်များ၊ အင်္ဂလိပ်ကုန်သည်များသည် မြန်မာနိုင်ငံအောက်ပိုင်းရှိ မုတ္တမ၊ ဥဿာပဲခူးစသည့်မြို့များသို့ လာရောက်၍ ကုန်သွယ်ကြသလို တရုတ်ပြည်မှကုန်သည်များကလည်း ပုဂံ၊ အင်းဝ၊ ပင်းယ၊ တကောင်းစသောရှေးမြို့များသို့ လာရောက်၍ ကုန်ကူးသန်းကြ၏။

မြန်မာ့သမိုင်းအရ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ ကျော်၊ ၆၀၀ ခန့်ကာလမှစ၍ မြန်မာနိုင်ငံအောက်ပိုင်းသို့ ပေါ်တူဂီတို့သည် ရောက်လာကြပြီး မုတ္တမ၊ ဥဿာပဲခူး၊ တောင်ငူဘုရင်များထံတွင် စစ်မှုထမ်းကြကြောင်း သိရသည်။ ပေါ်တူဂီတို့တွင် ဦးစွာပထမစစ်လက်နက်များဖြစ်သော သေနတ်များ၊ အမြောက်များပါရှိလာရာ ၎င်းသေနတ်နှင့်လက်နက်များကို ကိုင်ဆောင်လာကြသော ပေါ်တူဂီများကို အောက်မြန်မာနိုင်ငံရှိ မြန်မာဘုရင်များက ကြေးစားစစ်သည်များအဖြစ် တာဝန်ပေးပြီး စစ်ရေးတာဝန်ကို ထမ်းဆောင်စေခဲ့၏။

ဥပမာ တပင်ရွှေထီးလက်ထက်၌ ပေါ်တူဂီများ မြန်မာစစ်တပ်တွင်ကြေးစားအဖြစ်ဖြင့် ပါဝင်အမှုထမ်းခဲ့သလို ဘုရင့်နောင်မင်းတရားကြီးလက်ထက်တွင်လည်း ပေါ်တူဂီကြေးစားစစ်သည်များကို တာဝန်ပေးခဲ့၏။ ပေါ်တူဂီတို့သည် ရွက်သင်္ဘောများကိုအသုံးပြု၍ မုတ္တမကွေ့မှတစ်ဆင့် စစ်တောင်းမြစ်ကိုအသုံးပြု၍ တောင်ငူသို့သွားကြသလို ပဲခူးမြစ်ကိုအသုံးပြု၍ ဥဿာပဲခူးမြို့သို့သွားကြ၏။ ယနေ့ ရန်ကုန်မြို့တောင်ဘက်ရှိ သန်လျင်မြို့တွင် ပေါ်တူဂီလူမျိုး ဖိလစ်ဒီဘရစ်တိုခေါ် ငဇင်ကာသည် သန်လျင်မြို့စားဘဝသို့ပင် ရောက်ခဲ့သူဖြစ်သည် မဟုတ်ပါလော။

ယနေ့ ရန်ကုန်(လွန်ခဲ့သောနှစ်ပေါင်း ၆၀၀ ခန့်က တံငါရွာကလေးသာဖြစ်ခဲ့သော ဒဂုံ)သည် မုတ္တမမြို့၊ ဥဿာပဲခူးမြို့တို့ စည်ကားချိန်က လုံးဝမစည်ကားသေးပေ။ မုတ္တမမှ ဥဿာပဲခူး၊ ဥဿာပဲခူးမှ မုတ္တမသို့အသွားအပြန်ခရီးလမ်းကို ပဲခူးမြစ်က ပံ့ပိုးရ၏။ ပဲခူးမြစ်သည် ထိုစဉ်က အလွန်ကျယ်ဝန်းပြီး ရွက်သင်္ဘောများ၊ လှေကြီး၊ လှေငယ်များဖြင့် အလွန်စည်ကားခဲ့သောမြစ်ဖြစ်၏။

မြန်မာနိုင်ငံ၏ ရှေးတစ်ချိန်က ထင်ရှားသောပဲခူးမြစ်ကမ်းပေါ်တွင် လှပသောမြန်မာကျေးရွာများရှိ၏။ သပြု၊ ကျောက်တန်း၊ ကဝမြို့၊ တာဝရွာစသည်တို့ရှိ၏။ သမိုင်းကြောင်းရှိသောပဲခူးမြစ်သည် ယခုထက်တိုင် ရေကြောင်းသွားလာရေး၌ အထောက်အကူပြုနေသလို မြစ်ကမ်း၏ဝဲယာတစ်လျှောက်တွင်လည်း သဘာဝသစ်ပင်၊ ဝါးပင်၊ ချုံနွယ်ပိတ်ပေါင်းများဖြင့် အလှမပျက်သေးပါ။

ယခုအခါ ကမ္ဘာလှည့်ခရီးသည်များသည် ခေတ်မီတိုက်ကြီးများထက် သဘာဝအလှများ၊ ရှေးဟောင်းအမွေအနှစ်များကိုသာ ကြည့်လိုမြင်လိုကြ၏။ သို့ဖြစ်ရာ ယနေ့ထက်တိုင် အလှမပျက်သေးသော ပဲခူးမြစ်တစ်လျှောက်၏ အလှကိုမြင်လျှင် သူတို့နှစ်ခြိုက်မည်မှာ ဧကန်မုချပါ။

ပဲခူးမြစ်ကို အလှဆင်ပါ။ ပဲခူးမြစ်တစ်လျှောက် မော်တော်ဘုတ်များ၊ ခိုင်ခံ့သောလှေများဖြင့် ကမ္ဘာလှည့်ခရီးသည်များကို လှည့်လည်ပြသနိုင်လျှင် နိုင်ငံခြားဝင်ငွေရမည်မှာ ဧကန်မလွဲပါ။

ပဲခူးမြစ်ကြီးအလှမပျက်ပါစေနှင့်။ ပဲခူးမြစ်ကို အလှဆင်ပေးပါ။ ။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂ - ၂ -၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | | | |
|---|---|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် | | (အပိုင်း-၁) |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ | ၂း၀၀ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၈း၃၅ | "မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၁၅) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးမှ သည်ရှေ့သို့" | ၃း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် | ၄း၃၅ | Football မဂ္ဂဇင်း |
| ၁၀း၃၅ | သိပ္ပံနှင့်နည်းပညာအစီအစဉ် | ၅း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း (2016 Myanmar investment outlook Seminar) (အပိုင်း-၂) |
| ၁၁း၃၅ | "ဘုံတလာရေတံခွန်သို့ အလည်တစ်ခေါက်" | ၆း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၁း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၈၀) | ၇း၁၅ | မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း"ရေဒီယိုအငြိမ့်" (အပိုင်း-၂) |
| ၁း၂၅ | မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း"ရေဒီယိုအငြိမ့်" | ၈း၀၀ | ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ - Yes or No Talk Show (Facebook Cele)(အပိုင်း-၂) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | | | |
|---|---|---|---|
| ၆း၀၀ | အဖွင့် -သံသာချိုအေးမင်္ဂလာတေး | | (စောမြတ်နိုး၊ ဟိန်းရှင်း၊ ဘလိတ်၊ ငြိမ်းဖြူ) |
| ၆း၁၀ | ပြည်သူ့နီတိ "အပြန်အလှန်" | | (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)) |
| ၆း၃၀ | ဝတ်စားဆင်ယင်မှုပြပွဲ | ၉း၁၅ | တေးဂီတအစီအစဉ် |
| ၆း၄၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ | ၉း၃၀ | ပြည်သူ့နီတိ "အဖေမျှော်နေမယ်သား" |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၃) | ၉း၅၅ | China In Myanmar Cultural Show |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၉၂) | ၁၀း၁၅ | မြန်မာဗီဒီယိုဇာတ်လမ်း "အသည်းကွဲနေသည်" (မြင့်မြတ်၊ မိုးဟေကို) (ဒါရိုက်တာ-သားကြီး) |
| ၈း၄၀ | ဟိုတုန်း ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "ရုပ်ရှင်မင်းသမီး နှင်းပွင့်ခိုင်" | ၁၂း၀၀ | အစီအစဉ်ပြီး၏ ။ |

### MRTV- 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ် | | "မေတ္တာအသည်းမွှာ" (အပိုင်း-၁၀) |
| ၅း၄၀ | "တရားခံဘယ်သူလဲ" တရားတော် (ဆရာတော် အရှင်ကောလိတ) | ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး' (အပိုင်း-၉၀) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၀) | ၄း၀၀ | Cartoon Series (English Playground) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Mazda Road Show ကားပြပွဲဖွင့်ပွဲအခမ်းအနား) | ၆း၁၀ | Health Fix |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၁) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉) | ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၁၁) |
| ၁၀း၁၀ | ခေတ်သစ်ပျိုမေ | ၈း၁၀ | ရသစုံညွှန်းတမ်းများ |
| ၁၀း၅၅ | အနုပညာမိုးကောင်းကင် | ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀) |
| ၁၁း၁၅ | သွားမယ် စားမယ် (Thai 47) | ၉း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၄) |
| ၁၁း၄၀ | Forever Music Tribute Tin Zar Maw (အပိုင်း-၂) (ဒုတိယပိုင်း) | ၉း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၂း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၃) | ၁၀း၁၀ | MRTV-4 Stage |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ | ၁၀း၃၅ | World of Knowledge (Mega Factories : TANKS) |

### မြဝတီ

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၄း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၆း၃၅ | မျိုးချစ်တပ်မတော် | ၅း၀၀ | သာယာဦကြွေးခေတ်ဆန်းတေး |
| ၆း၄၅ | မှတ်တမ်း | ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း အပိုင်း(၉၅) |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် | | |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ | | |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ | ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ | ၆း၁၀ | Let's Go |
| ၈း၁၀ | စိုက်ပျိုးသုတ | ၆း၃၅ | Dream Team |
| ၈း၂၅ | မြတ်နိုးစရာရိုးရာလက်မှုပညာ | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရင်နှစ်သီးခြာချစ်လိပ်ပြာ" (အပိုင်း-၆၄) |
| ၈း၃၅ | ခရီးလည်းသွားစကားလည်းဆို | | |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း | | |
| ၉း၀၀ | တည်ဆောက်ပြုပြင်မြို့တော်တစ်ခွင် | | - VOA အင်္ဂလိပ်စာသင်ခန်းစာ ဟာသရုပ်စုံ |
| ၄း၀၈ | တစ်ပတ်အတွင်းစိုက်ပျိုးရေးသတင်း | | - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| ၄း၁၅ | အမျိုးသားရေးတေးကဗျာ | | - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဟိုတယ်ဘုရင်" (အပိုင်း-၆) |
| ၄း၂၀ | မျိုးချစ်တပ်မတော် | | |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ | | |

# နယူးယောက်တွင် ရုပ်ရှင်ပညာသင်ယူနေသည့် ဟန်သီ





**အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ New York Film Academy တွင် ပညာသင်ယူနေသော အလှမယ် ဟန်သီအား ဆက်သွယ်မေးမြန်းထားမှုများကို ကြေးမုံပရိသတ်များသိရှိနိုင်ရန် ဖော်ပြလိုက်ရပါသည်။**

**ဟန်သီ ပညာသင်ယူနေတဲ့အကြောင်း အရင်ဆုံးပြောပြပေးပါ-**

အခု ဟန်သီတက်နေတာက အမေရိကန်နိုင်ငံ နယူးယောက်မြို့မှာရှိတဲ့ New York Film Academy မှာ Acting Associates Degree တက်ရောက် သင်ယူနေပါတယ်။ လောလောဆယ် ပထမနှစ်ဝက်တော့ ပြီးသွားပါပြီ။

**ပထမနှစ်ဝက်မှာ ဘယ်ဘာသာရပ်တွေ သင်ယူခဲ့ရလဲ-**

ကင်မရာရှေ့မှာ သရုပ်ဆောင်ရတဲ့ (Acting for Film)၊ သရုပ်ဆောင်တစ်ယောက်အတွက် လိုအပ်တဲ့ နည်းပညာ (Acting Technique)၊ Meisner ဆိုတဲ့ပညာရှင် တီထွင်ထားတဲ့ ပြန်လည်တုံ့ပြန်ရတဲ့ ပညာရပ်၊ ရှိတ်စပီးယားရဲ့ သရုပ်ပြပညာ၊ ခေါင်းစဉ်တစ်ခုအောက်မှာ ပြန်လည်သုံးသပ်ပြီး သူများနဲ့မတူတဲ့ အကြံဉာဏ်တွေ တီထွင်ရတဲ့ပညာရပ် (Improvisation)၊ အသံနှင့်လှုပ်ရှားမှု (Voice and Movement)၊ ဒါရိုက်တာပညာရပ် (Film Craft)၊ ခေတ်ဟောင်းရုပ်ရှင်များကို ပြန်လည်သုံးသပ်ခြင်း (Performance Analysis)၊ စကားလုံးရွေးချယ်မှု (Speech) စတဲ့ဘာသာရပ်တွေကို သင်ယူရပါတယ်။

**ကျောင်းဘယ်တော့လောက်ပြီးမလဲ-**

ကျောင်းက မေလ နောက်ဆုံးပတ်လောက်ပြီးပါမယ်။ ပြီးရင် လေ့စ်အန်ဂျလိစ်ကို အလည်အပတ်သွားဖို့ အစီအစဉ်ရှိပါတယ်။ ဇွန်လပထမပတ်လောက် မြန်မာပြည်ကိုပြန်လာဖြစ်မှာပါ။

**ဟန်သီအတွက် ဘယ်အရာတွေက ကွာခြားမှုတွေဖြစ်မလဲ-**

နယူးယောက်မြို့နဲ့ဆိုရင် တော်တော်ကွာခြားတယ်။ စားရေး၊ နေရေးက တော်တော်ကွာတယ်။ ကားတောင်မစီးဖြစ်ဘူး။ ရထားပဲစီးတာများတယ်။ ကျောင်းသွားလည်း ရထားစီးပြီးသွားတယ်။ အိမ်ကနေ ကျောင်းကို လေးဆယ့်ငါးမိနစ် ရထားစီးရတယ်။ ပြီးရင် လမ်းလျှောက်ရတယ်။ လမ်းလည်းတော်တော် လျှောက်ရတယ်။ လွယ်အိတ်တစ်လုံးနဲ့ ကျောင်းသွားတယ်။ အလုပ်တော်တော်များများလည်း ကိုယ့်ဆုံးဖြတ်ချက်နဲ့လုပ်ရတယ်။ ရာသီဥတုဆိုးရွားတဲ့အချိန် ရထားတွေမရှိဘူး။ အဲဒီအချိန်တွေ ကျောင်းသွားလို့မရဘူး။ ဒီနေ့ (ဇန်နဝါရီ ၃၀)တောင် ရထားတွေမထွက်လို့ ကျောင်းမတက်ရဘူး။ ကားခတွေကဈေးကြီးတယ်။ အငှားကားဆိုလည်း ဈေးများတယ်။ ကျန်တာတော့ အခက်အခဲမရှိပါဘူး။ ကျောင်းမှာဆိုရင်လည်း အဆင်ပြေတယ်။ အမှတ်တွေလည်းကောင်းပါတယ်။

**ဟန်သီ သင်ရတဲ့ဘာသာရပ်တွေထဲက တစ်ခုအကြောင်းပြောပြပါလား-**

ဟန်သီတို့ကျောင်းမှာ သင်ရတဲ့အထဲက Meisner ဆိုတဲ့ပညာရှင် တီထွင်ထားတဲ့ ပြန်လည်တုံ့ပြန်ရတဲ့ ဘာသာရပ်ပါ။ လက်တွေ့လည်းလုပ်ရတယ်။ တစ်ခါမှလည်းမကြားဖူးဘူး။ တခြားသူတစ်ယောက်က ပြောတာကို မစဉ်းစားဘဲ ချက်ချင်းပြန်ပြောရတာ။ စဉ်းစားချိန်မရဘဲ ပြန်ပြောရတဲ့ ပညာပါ။ ပြောတဲ့အသံနဲ့ အမူအရာကိုဆုံးဖြတ်ပြီး ပြန်ပြောရတာ။ လက်တွေ့မှာလည်း တော်တော်အသုံးဝင်တယ်။ စိတ်ဝင်စားဖို့ကောင်းတဲ့ ပညာရပ်ပါ။ နောက်တစ်ခုက သူများပြောတဲ့ ခေါင်းစဉ်တစ်ခုကို ပြန်ပြီးပြောတာပါ။ အဲဒီခေါင်းစဉ်နဲ့ ပတ်သက်တာကို ဘယ်လောက်ပြန်ပြီး ပြောနိုင်တယ်။ ပြီးရင် ကိုယ့်ရဲ့ခံစားမှုကို ချက်ချင်းထုတ်ပြရတယ်။ အကြောင်းအရာက ပျော်တယ်ဆိုရင် ပျော်တဲ့ခံစားမှု၊ စိတ်ဆိုးတဲ့အကြောင်းအရာဆိုရင် စိတ်ဆိုးတဲ့အမူအရာ ချက်ချင်းပြန်လုပ်ရတဲ့ ပညာဖြစ်ပါတယ်။

**မြန်မာနိုင်ငံကို ပြန်ရောက်တဲ့အခါ လက်တွေ့နယ်ပယ်မှာ ဘယ်လိုပြန်အသုံးချဖို့ ရည်ရွယ်ထားလဲ-**

အများကြီး စဉ်းစားထားတယ်။ စိတ်ကူးထားတယ်။ ကျောင်းမှာ ရိုက်ကွင်းတွေ၊ Setting တွေလည်း အများကြီးရှိတယ်။ လက်တွေ့လည်း လုပ်ရတယ်။ ပြန်ရောက်ရင် ဘယ်လိုပုံစံနဲ့ ရိုက်မယ်ဆိုတာကအစ ရွေးချယ်နေပါတယ်။ မြန်မာနိုင်ငံမှာ မလုပ်ဖြစ်သေးတဲ့၊ ထူးခြားတဲ့ ပုံစံလေးတွေကို စဉ်းစားထားတယ်။ အခုသင်ယူရတဲ့ ဘာသာရပ်တွေထဲက လက်တွေ့နယ်ပယ်မှာ အသုံးချလို့ရမယ့် ဘာသာရပ်တွေကို ဖန်တီးအသုံးချဖို့ စဉ်းစားထားပါတယ်။

**ဟန်သီရဲ့အတန်းဖော်တွေ အကြောင်း ပြောပြပါဦး-**

အတန်းထဲမှာ ဟန်သီက အသက်အငယ်ဆုံးထဲမှာပါတယ်။ သူငယ်ချင်းတွေကလည်း သိပ်ခင်ကြတယ်။ ဟန်သီတို့အတန်းမှာ ကျောင်းသားဆယ့်နှစ်ယောက်ရှိတယ်။ အားလုံးက စုစုစည်းစည်းရှိကြတယ်။ သူငယ်ချင်းတွေနဲ့အတူ အပြင်သွားတယ်။ စားလည်းအတူပဲ။ တကယ်ခင်ဖို့ကောင်းတယ်။ ဆယ့်နှစ်ယောက်မှာ ဟန်သီက မြန်မာ၊ ပြီးရင် ဆွီဒင်၊ အိန္ဒိယ၊ တရုတ်၊ ဆွစ်ဇာလန်၊ ကနေဒါက သူငယ်ချင်းတစ်ယောက်စီရှိပါတယ်။ ကျန်တာက အမေရိကန်ကပါ။

**အတန်းမှာ မြန်မာနိုင်ငံအကြောင်း ဘာတွေပြောဖြစ်လဲ-**

ဆရာတွေက မြန်မာနိုင်ငံအကြောင်း၊ မြန်မာဆိုတာဘယ်ကလဲဆိုပြီး မေးကြတယ်။ ဟန်သီအများကြီး ရှင်းပြပါတယ်။ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ ဓာတ်ပုံတွေ၊ ဘုရားတွေအကြောင်း ပြောပြတော့ စိတ်ဝင်စားကြတယ်။ ကျောင်းပြီးရင် သူငယ်ချင်းနှစ်ယောက်က မြန်မာနိုင်ငံကို လာလည်ကြမယ်။ တော်တော်များများကလည်း မြန်မာနိုင်ငံကို လာလည်ဖို့ စိတ်ဝင်စားကြတယ်။

**ဆက်ပြီးလုပ်ဆောင်ဖို့ ပြင်ဆင်ထားတဲ့ အနုပညာတွေအကြောင်းပြောပါဦး-**

ဟန်သီ ပြန်ရောက်ရင် ရုပ်ရှင်ရိုက်ဖို့ ရည်ရွယ်ထားပါတယ်။ ကျရာဇာတ်ရုပ်ကို သရုပ်ဆောင်ချင်တယ်။ ဟန်သီတတ်ထားတဲ့ အနုပညာကို ပြန်လည်မျှဝေချင်တယ်။ ပြန်ရောက်ရင် သရုပ်ဆောင်အလုပ်ရော၊ မော်ဒယ်လ်အလုပ်ရော လုပ်ဖြစ်မှာပါ။

**ကျောင်းမတက်ခင်အချိန်နဲ့ ပထမနှစ်ဝက်ပြီးတဲ့အချိန် ဘယ်လိုကွာခြားသွားတယ်လို့ခံစားရလဲ-**

တော်တော်လေး ကွာခြားသွားတယ်။ ပြောင်းလဲသွားတယ်လို့ ကိုယ့်ကိုယ်ကိုလည်း ခံစားရတယ်။ ဆရာမတွေအားလုံးကလည်း ဟန်သီ ပြောင်းလဲသွားတယ်လို့ ပြောကြတယ်။ ကျောင်းစတက်တော့ ဆရာမတွေက ဟန်သီ့ကို "ကင်မရာရှေ့မှာ မော်ဒယ်လ်တစ်ယောက်လိုလာရပ်မနေနဲ့" လို့ ပြောကြတယ်။ ကြော်ငြာရိုက်သလို ဓာတ်ပုံရိုက်သလို ရပ်နေရင် မလှဘူးလို့ ပြောကြတယ်။ ဟန်သီ ဆရာမတွေပြောတာ၊ အကြံပေးတာတွေကို နားထောင်ပြီး ပြင်တယ်၊ လေ့ကျင့်တယ်၊ ပြန်ကြိုးစားတယ်။ ပထမနှစ်ဝက်အပြီး စာမေးပွဲဖြေရတယ်။ လက်တွေ့လည်းရိုက်ရတယ်။ အဲဒီအချိန် ဆရာမတွေနဲ့ သူငယ်ချင်းတွေက ပြောင်းလဲသွားတယ်လို့ပြောကြတယ်။ ဘယ်ဇာတ်ကောင် (Character)ကိုမဆို လုပ်နိုင်တယ်လို့ ချီးကျူးကြတယ်(ရယ်လျက်)။

**သူတို့ရဲ့လူနေမှုပုံစံ ဓလေ့စရိုက်နဲ့ အံဝင်ပြီလား-**

သူတို့ရဲ့ ယဉ်ကျေးမှုက အလွန်ပွင့်လင်းတယ်လို့ ပြောရမယ်။ တချို့အချိန်တွေမှာ ရှောင်ရတယ်။ အရမ်းပွင့်လင်းတဲ့ အသုံးအနှုန်းတွေ ပြောရမယ်၊ လုပ်ရမယ်ဆိုရင် ဆရာမကို အဲဒီလိုမလုပ်ချင်တဲ့အကြောင်း သေချာရှင်းပြပြီး မလုပ်ဘူး။ ဆရာမတွေကလည်း နားလည်ပေးကြပါတယ်။

**အားပေးတဲ့ ပရိသတ်တွေအတွက် စကားလက်ဆောင်ပါးပေးပါဦး-**

အမြဲအားပေးနေကြတဲ့ ပရိသတ်တွေကို အလွန်ကျေးဇူးတင်ပါတယ်။ ပရိသတ်တွေကို အနုပညာနဲ့ အလုပ်အကျွေးပြုနိုင်ဖို့ ဟန်သီကြိုးစားနေပါတယ်လို့ ပြောချင်ပါတယ်။



**မင်းလုသား**

# အန်ဒီမာရေးအားအနိုင်ကစားပြီး ဩစတြေးလျအိုးပင်းလက်ရှိချန်ပီယံဘွဲ့ကို ဂျိုကိုဗစ်ချ် ကာကွယ်

မလဲ့သင်း
ရေးသားသည်



နှစ်တစ်နှစ်ရဲ့ ပထမဆုံး ဂရင်းစလင်းပြိုင်ပွဲဖြစ်တဲ့ ဩစတြေးလျအိုးပင်းရဲ့ လူစိတ်ဝင်စားမှုအများဆုံးအမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲမှာ ကမ္ဘာ့အဆင့်(၁)တင်းနစ်ကစားသမား ဂျိုကိုဗစ်ချ်က ကမ္ဘာ့အဆင့်(၂) အန်ဒီမာရေးကို ဗိုလ်လုပွဲမှာအနိုင်ကစားပြီး လက်ရှိချန်ပီယံဘွဲ့ကို အောင်အောင်မြင်မြင်ပဲ ကာကွယ်နိုင်ခဲ့ပါတယ်။ ဂျိုကိုဗစ်ချ်က အန်ဒီမာရေးကို ၆-၁၊ ၇-၅၊ ၇-၆(၇-၃)နဲ့ အနိုင်ယူပြီးနောက် သူ့အတွက် ခြောက်ကြိမ်မြောက် ဩစတြေးလျအိုးပင်းချန်ပီယံဆုအဖြစ်သာမကပဲ ၁၁ ဆုမြောက်ဂရင်းစလင်းဖလားအဖြစ်ပါ သိမ်းပိုက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ဂျိုကိုဗစ်ချ်က အခုအချိန်မှာ ဘီယွန်ဘော့ဂ်နဲ့ ရော့ဒ်လေဗာတို့ပြီးနောက် ဂရင်းစလင်းဖလား(၁၁)ဆုအထိရရှိခဲ့တဲ့ တတိယမြောက်ကစားသမားလည်းဖြစ်လာခဲ့ပါတယ်။

အန်ဒီမာရေးကတော့ ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲ ငါးကြိမ်စလုံးမှာ အရေးနိမ့်တဲ့ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အဲဒီထဲက လေးကြိမ်ဟာ ဂျိုကိုဗစ်ချ်နဲ့ ယှဉ်ပြိုင်ခဲ့ရတာပါ။ ဒါကြောင့် မာရေးက သူ့ရဲ့နည်းပြဟောင်းဖြစ်တဲ့ လန်ဒယ်လ်လို ယူအက်စ်အိုးပင်းမှာ ငါးကြိမ်တိုင် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပေမယ့် ဂရင်းစလင်းဆုဖလားအဖြစ် မပြောင်းလဲနိုင်ခဲ့တဲ့ ဒုတိယမြောက်ကစားသမားလည်းဖြစ်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ်ကတည်းက မှတ်တမ်းကိုကြည့်ရင် ဂျိုကိုဗစ်ချ်က ဂရင်းစလင်းဗိုလ်လုပွဲကို ငါးကြိမ်ဆက်တိုက်တက်ရောက်နိုင်ခဲ့ပြီး လေးကြိမ်အထိ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကာ သုံးကြိမ်ဆက်တိုက် ချန်ပီယံအဖြစ်အောင်ပွဲခံနိုင်တဲ့ ကစားသမားလည်းဖြစ်လာခဲ့ပါတယ်။ အန်ဒီမာရေးအနေနဲ့ ယခုပွဲမှာ ဂျိုကိုဗစ်ချ်ရဲ့ လက်စွမ်းကို ဘယ်လိုမှမယှဉ်နိုင်ခဲ့သလို ပထမပွဲငယ်မှာကတည်းက အမှတ်ပြတ်အနေအထားနဲ့ ရှုံးနိမ့်ခဲ့ပြီး ဖိအားအောက်ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။ ဒုတိယနဲ့ တတိယပွဲငယ်တွေမှာတော့ မာရေးဟာ လက်စွမ်းအနည်းငယ်တည်ငြိမ်လာပေမယ့် တန်ပြန်ရိုက်ချက်တွေမှာ ဂျိုကိုဗစ်ချ်ကို ယှဉ်ကစားနိုင်ခြင်းမရှိတာကြောင့် အခုလိုအောင်ဖျာလိပ်ခဲ့ရတာဖြစ်ပါတယ်။ဂျိုကိုဗစ်ချ်ကတော့ အခုမှ အသက်(၂၈)နှစ်ပဲရှိသေးတာကြောင့် ဒီလက်စွမ်းကို ဆက်ထိန်းနိုင်ရင် မကြာခင်အချိန်အတွင်း ဖက်ဒရာတင်ထားတဲ့ ဂရင်းစလင်း(၁၇)ဆု စံချိန်ကိုတောင် ကျော်ဖြတ်နိုင်မယ့် အလားအလာတွေကို မြင်တွေ့နေရပါတယ်။

# ရာသီကုန်တွင် ချယ်လ်ဆီးမှ ဂျွန်တယ်ရီထွက်ခွာမည်

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီအား ကလပ်အသင်းဘက်မှ စာချုပ်သက်တမ်းထပ်မံတိုးမြှင့်ခြင်း မရှိသဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ချယ်လ်ဆီးမှ ထွက်ခွာရန်သေချာသွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ အသက်(၃၅)နှစ်ရှိပြီဖြစ်သည့် ဂျွန်တယ်ရီမှာ ချယ်လ်ဆီးသို့ အသက်(၁၄)နှစ်အရွယ်ကတည်းက ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ကလပ်အသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားလေးလုံး၊ အက်ဖ်အေဖလား ငါးလုံးနှင့် ချန်ပီယံလိဂ်ဖလားတို့ကိုပါ ဆွတ်ခူးနိုင်ခဲ့သည်အထိ အောင်မြင်မှုရယူနိုင်ခဲ့သူဖြစ်သည်။

ဂျွန်တယ်ရီက "ကျွန်တော်က ကလပ်အသင်းကို ချစ်မြတ်နိုးသလို ဒီအသင်းကနေ ထွက်ခွာချင်စိတ်မရှိခဲ့ပါဘူး။ ဒါပေမယ့်ကလပ်အသင်းရဲ့ဆုံးဖြတ်ချက်တွေက ကျွန်တော့်ရဲ့ စိတ်ဆန္ဒတွေနဲ့ အားလုံးဆန့်ကျင်ဘက်တွေ ဖြစ်ခဲ့ပါပြီ" ဟု ပြောကြားခဲ့သည်။ သို့သော် ချယ်လ်ဆီးမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကမူ တယ်ရီအား ကလပ်အသင်းဘက်မှ စာချုပ်သက်တမ်းထပ်မံတိုးမြှင့်ရန် စီစဉ်ထားပြီးဖြစ်သည်ဟု ဆိုခဲ့သည်။

တယ်ရီကမူ အနှစ် ၂၀ ကျော် ကစားလာခဲ့သည့် ချယ်လ်ဆီးအား သစ္စာစောင့်သိမှုကို ပြသရန်အတွက် အခြားမည်သည့် အင်္ဂလန်ကလပ်အသင်းတစ်ခုကိုမျှ ပြောင်းရွှေ့ကစားမည်မဟုတ်ကြောင်း၊ မော်ရင်ဟိုနေရာတွင် ဂူးဟစ်ဒင့်အား အစားထိုးခဲ့ခြင်းက သူ၏ ချယ်လ်ဆီးအသင်းတွင် ဆက်နေချင်သည့် ဆန္ဒအား ဆန့်ကျင်ဘက်ဖြစ်စေခဲ့ကြောင်း၊ ထို့ကြောင့် ချယ်လ်ဆီးတွင်သာ ကစားသမားဘဝကို အဆုံးသတ်ရန်မှာ မဖြစ်နိုင်တော့ကြောင်း ပြောကြားလိုက်သည်။ ချယ်လ်ဆီးတာဝန်ရှိသူများကမူ ဂျွန်တယ်ရီနှင့် စာချုပ်သက်တမ်းထပ်မံတိုးမြှင့်မှုကို ယခုထိဆွေးနွေးမှု မပြုနိုင်ခြင်းက လာမည့်လများအတွင်း အခြေအနေတစ်ရပ် ပြောင်းလဲတော့မည်ကို ဦးတည်ခဲ့ကြောင်း၊ သို့သော် ဂျွန်တယ်ရီမှာ ချယ်လ်ဆီးအတွက် အကောင်းဆုံးပေးဆပ်ခဲ့သူဖြစ်သလို လက်ကျန်လအတွင်းတယ်ရီအနေဖြင့် ချယ်လ်ဆီးအား အကောင်းဆုံးနှုတ်ဆက်နိုင်ရန် ကျန်သည့် လုပ်ဖော် ကိုင်ဘက်များမှ ဝိုင်းဝန်းကူညီကြစေလိုကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။



## ဂျွန်တယ်ရီ၏ ချယ်လ်ဆီးကစားသမားဘဝ အနိမ့်၊ အမြင့်မှတ်တမ်း

**ခုနှစ်**

**၂၀၀၀ အောင်မြင်မှု**

*ကစားသမားဘဝ ပထမဦးဆုံးအကြိမ်အဖြစ်အက်ဖ်အေဖလားဆွတ်ခူး*

**၂၀၀၅ အောင်မြင်မှု**

*ယူအီးအက်ဖ်အေ အကောင်းဆုံးနောက်ခံကစားသမားစာရင်းတွင် ရွေးချယ်ခံရ*

**၂၀၀၈ အောင်မြင်မှု**

*ယူအီးအက်ဖ်အေ အကောင်းဆုံးနောက်ခံကစားသမားစာရင်းတွင် ရွေးချယ်ခံရ*

**ကျရှုံးမှု**

*မန်ယူအသင်းနှင့်တွေ့ဆုံခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ပင်နယ်တီလွဲချော်၍ အဓိကဆုဖလားလွဲချော်ခဲ့*

**၂၀၁၀ အောင်မြင်မှု**

*ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလား တစ်ပြိုင်နက်တည်းဆွတ်ခူး*

**ကျရှုံးမှု**

*အင်္ဂလန်အသင်းဖော် ဝိန်းဘရစ်ချ်၏ ချစ်သူနှင့် လူမှုရေးဖောက်ပြားမှုကြောင့် အင်္ဂလန်အသင်းခေါင်းဆောင်ရာထူးမှ ရပ်စဲရ*

**၂၀၁၂ အောင်မြင်မှု**

*ဘိုင်ယန်မြူးနစ်အားကျော်ဖြတ်ပြီး ချန်ပီယံလိဂ်ဖလားဆွတ်ခူး*

**ကျရှုံးမှု**

*ကျူပီအာနောက်ခံလူ အန်တန်ဖာဒီနန်အား လူမျိုးရေးခွဲခြားခဲ့သဖြင့် ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးချမှတ်ခံရ*

# အက်ဖ်အေဖလား ပဥ္စမအဆင့်တွင် ချယ်လ်ဆီးနှင့် မန်စီးတီးအသင်းတွေ့ဆုံယှဉ်ပြိုင်ရမည်

ချယ်လ်ဆီးအသင်းသည် လာမည့်အက်ဖ်အေဖလား ပဥ္စမအဆင့်ပွဲစဉ်တွင် ပရီမီယာလိဂ်အင်အားကြီး ပြိုင်ဘက် မန်စီးတီးအသင်းနှင့် တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်သည်။ ချယ်လ်ဆီးသည် စတုတ္ထအဆင့်တွင် အမ်ကေဒွန်အသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် အလွယ်တကူအနိုင်ယူနိုင်ခဲ့ပြီးနောက် ပဥ္စမအဆင့်တွင် မန်စီးတီးအား စတန်းဖို့ဒ်ဘရစ်ချ်ကွင်း၌ ဧည့်ခံကစားရမည်ဖြစ်သည်။ ပဥ္စမအဆင့်ပွဲစဉ်တွင် လက်ရှိချန်ပီယံအာဆင်နယ်မှာ ဟူးစီးတီးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မန်ယူအသင်းမှာမူ လိဂ်ဝမ်းအသင်းငယ်လေး ရှရုစ်ဘယ်ရီတောင်းအသင်းနှင့်သာ တွေ့ဆုံရမည်ဖြစ်သဖြင့် ပွဲအနေအထားချောင်သည်ဟု ယူဆရမည်ဖြစ်သည်။

ယင်းပဥ္စမအဆင့်ပွဲစဉ်များကို လာမည့် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အတွင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အခြားထိပ်တိုက်တွေ့ဆုံမည့်အသင်းများကို အောက်ပါအတိုင်းတွေ့ကြရမည်ဖြစ်သည်။

**အက်ဖ်အေဖလားပဥ္စမအဆင့်တွင် ထိပ်တိုက်တွေ့ဆုံမည့်အသင်းများ**

| | | |
|---|---|---|
| ချယ်လ်ဆီး | - | မန်စီးတီး |
| ရက်ဒင်း | - | ဝက်စ်ဘရွန်း(သို့မဟုတ်) ပီတာဘရော့ |
| ဝက်ဖို့ဒ် | - | လိဒ်ယူနိုက်တက် |
| ရှရုစ်ဘယ်ရီတောင်း | - | မန်ယူ |
| ဘလက်ဘန်း | - | လီဗာပူး(သို့မဟုတ်) ဝက်စ်ဟမ်း |
| စပါး | - | ခရစ္စတယ်ပဲလေ့စ် |
| အာဆင်နယ် | - | ဟူးစီးတီး |
| ဘုန်းမောက် | - | အဲဗာတန် |



## ဖေဖော်ဝါရီ ၃ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ်**

| | | | |
|---|---|---|---|
| ဝက်စ်ဟမ်း | - | ဗီလာ | နံနက်-၂း၁၅ |
| လက်စတာ | - | လီဗာပူး | နံနက်-၂း၁၅ |
| ဆန်းဒါးလန်း | - | မန်စီးတီး | နံနက်-၂း၁၅ |
| အာဆင်နယ် | - | ဆောက်သမ်တန် | နံနက်-၂း၁၅ |
| နော်ဝစ်ချ် | - | စပါး | နံနက်-၂း၁၅ |
| ခရစ္စတယ် | - | ဘုန်းမောက် | နံနက်-၂း၃၀ |
| မန်ယူ | - | စတုတ်စီးတီး | နံနက်-၂း၃၀ |
| ဝက်စ်ဘရွန်း | - | ဆွမ်ဆီး | နံနက်-၂း၃၀ |

**အင်္ဂလန်ချန်ပီယံရှစ်**

| | | | |
|---|---|---|---|
| ဒါဘီ | - | ပရက်စတန် | နံနက်-၂း၁၅ |
| အစ်ဆွစ်ချ် | - | ရီးဒင်း | နံနက်-၂း၁၅ |
| ရှက်ဖီးဝဒ်နက်စ်ဒေး | - | ဘန်လေ | နံနက်-၂း၁၅ |
| ဝုလ်ဗာဟမ်တန် | - | ဘော်လ်တန် | နံနက်-၂း၁၅ |

**ပြင်သစ်လီဂူး(၁)**

| | | | |
|---|---|---|---|
| မိုနာကို | - | ဘက်စ်တီယာ | နံနက်-၀၀း၃၀ |
| မွန့်ပယ်လီယာ | - | မာဆေး | နံနက်-၂း၃၀ |

**အီတလီစီးရီးအေ**

| | | | |
|---|---|---|---|
| ဆာဆူအိုလို | - | ရိုးမား | နံနက်-၂း၁၅ |

မောင်မောင်ဇော်




# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## မြန်မာသမိုင်းတွင် ပထမဦးဆုံးအကြိမ် နိုင်ငံတကာခုံရုံးသို့တင်သွင်းရင်ဆိုင်ဖြေရှင်းသည့် ပင်လယ်နိမိတ်သတ်မှတ်ရေးဆိုင်ရာ အငြင်းပွားမှု

ဒေါ်လှမျိုးနွယ်(နိုင်ငံ၏ ဒုတိယကိုယ်စားလှယ်အဖြစ်အမှုတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်သူ)ရေးသားသည့် "မြန်မာသမိုင်းတွင် ပထမဦးဆုံးအကြိမ် နိုင်ငံတကာခုံရုံးသို့ တင်သွင်းရင်ဆိုင်ဖြေရှင်းသည့် ပင်လယ်နိမိတ်သတ်မှတ်ရေးဆိုင်ရာ အငြင်းပွားမှု"စာအုပ်သည် မြန်မာစာပေသမိုင်းတွင် ထူးခြားစွာပေါ်ပေါက်လာခြင်းဖြစ်သည်။ မြန်မာ၏သမိုင်းတွင် အခြားအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံနှင့်ဖြစ်ပွားသော အငြင်းပွားမှုအား ကမ္ဘာ့အဆင့်ရှိ ပင်လယ်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံးသို့ ပထမဦးဆုံးအကြိမ် တင်သွင်းဖြေရှင်းသည့် အမှုဖြစ်ခြင်းကြောင့် ထူးခြားသော သမိုင်းမှတ်တိုင်စိုက်ထူသည့် စာအုပ်ကောင်းဖြစ်သည်။ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် လေ့လာသိရှိသင့်ပါသည်။ ထို့အတူ ဥပဒေပညာရှင်များ၊ သမိုင်းပညာရှင်များ၊ ရှေ့နေများ၊ နိုင်ငံတကာဆက်ဆံရေးဆောင်ရွက်နေသူများနှင့် ဥပဒေကျောင်းသား ကျောင်းသူများအနေဖြင့်လည်း လက်စွဲကိုင်ထားသင့်သည်ဆိုလျှင် မမှားပါ။ အိမ်နီးချင်းနှစ်နိုင်ငံအကြား အငြင်းပွားမှုအား ငြိမ်းချမ်းသောနည်းလမ်းဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေအရ နည်းလမ်းတကျ ဖြေရှင်းခဲ့၍ အာရှဒေသတွင်းနိုင်ငံများကပါ စံနမူနာယူကြရပြီး အတွေ့အကြုံကောင်း၊ အားသာချက်၊ အားနည်းချက်၊ အနာဂတ်တွင် သတိထားဆောင်ရွက်သင့်သည့် ကဏ္ဍများကို ထင်ဟပ်ထားသည့် စာအုပ်ကောင်းဖြစ်သည်။

ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြင့် ဖုန်း ၀၉-၉၇၂၈၁၈၁၉၀၊ ၀၉-၂၅၀၂၀၅၀၆၀ နှင့် ၀၉-၂၅၀၁၀၂၅၄၂ တို့ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။



## လွှတ်တော်အကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ(သိကောင်းစရာ)

ဦးကျော်(အောင်မြတ်ကျော်) ညွှန်ကြားရေးမှူး(ငြိမ်း)ရေးသားသည့် လွှတ်တော်အကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ(သိကောင်းစရာ)စာအုပ်တွင် လွှတ်တော်များဖွဲ့စည်းပုံ၊ သဘာပတိရွေးချယ်ခြင်းနှင့် ကတိသစ္စာပြုခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အခွင့်အရေး၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်အဖွဲ့အစည်းများ၊ အစည်းအဝေးများ၊ လွှတ်တော်သို့တင်သွင်းသည့် မေးခွန်းများ၊ လွှတ်တော်သို့ တင်သွင်းသည့် အဆိုများ၊ လွှတ်တော်သို့တင်သွင်းသည့် ဥပဒေကြမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေ၊ နောက်ဆက်တွဲများဟူသည့် အခန်း (၁၁)ခန်းဖော်ပြထားသည်။

နိုင်ငံတစ်ခုတွင် ဥပဒေပြုမဏ္ဍိုင်သည် လွှတ်တော်ဖြစ်၍ နိုင်ငံသားများက ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါတီအလိုက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အကျဉ်းချုပ် စာရင်းချုပ်ကို ဖော်ပြထားသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်အကြောင်း အသေးစိတ်သိလိုသူများ ဖတ်ရှုသင့်သည့် စာအုပ်ဖြစ်သည်။

စာအုပ်ကို ကျော်စာပေ အမှတ် ၃၆၃ မဟာဗန္ဓုလလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေသည်။



## ဓိပေအ်သျင် ဒီပဲယင်းသမိုင်း

ဒေါက်တာ ဦးမြင့်ခိုင်ရေးသားသည့် ဓိပေအ်သျင် ဒီပဲယင်းသမိုင်းစာအုပ် ထွက်ရှိလာသည်။

မြန်မာနိုင်ငံတော်ကြီး သမိုင်းဖြစ်စဉ် ပြောင်းလဲတိုင်း ဒီပဲယင်းဒေသ၌ လှိုင်းဂယက်လာရောက်ရိုက်ခတ်ပုံတို့ကို လည်းကောင်း၊ စစ်ရေးခေါင်းဆောင်၊ တော်လှန်ရေးခေါင်းဆောင်၊ ရဟန်းပညာရှိ၊ လူပညာရှိ စာဆိုတော်များအကြောင်း ထည့်သွင်းရေးသားထားသည်။

ဒီပဲယင်းမြို့အမည်အရ ပုဂံခေတ် ကတည်းကပင် မြို့အဖြစ် တည်ရှိနေသည်ဟု ယူဆရသည်။ ဒီပဲယင်းအမည်ကို (AD ၁၂၃၉)တွင် ရေးထိုးခဲ့သော ကျောက်စာတွင် ထိပေအ်သျင်ဟု အစောဆုံးတွေ့ရသည်။ ဒီပဲယင်းမြို့အမည်ကား ဦးကုလားရာဇဝင်တွင် စတင်ဖော်ပြထားသည်။ ဒီပဲယင်းအမည်သည် ထိပေအ်သျင်-ထိပေအ်သျင်-ဓိပေအ်သျင်-တပည့်ယင်း-ဒီပယင်း-ဒီပဲယင်းဟု အဆင့်ဆင့်ဖြစ်ပေါ်လာခဲ့သည်။

ဒီပဲယင်းဇာတိဖွား အကျော်အမော် ပုဂ္ဂိုလ်များစာရင်းတွင် လယ်တီဆရာတော်ဘုရားကြီး၊ တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရ၊ အယူတော်မင်္ဂလာ ဦးနိုး၊ ဦးပေါ်ဦး၊ မဟာဗန္ဓုလ၊ ဆရာစံစသည့် အကျော်အမော်များ၏ အတ္ထုပ္ပတ္တိများကိုပါ စိတ်ဝင်စားဖွယ်ရေးသားထားသည်။ ပုံပြင်ထဲက မြို့လဲမဟုတ်၊ ဒဏ္ဍာရီထဲကမြို့လဲ မဟုတ်၊ ရာဇဝင်ထဲက မြို့တစ်မြို့အကြောင်းကို စုံလင်စွာရေးသားထားသည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီး၏ သမိုင်းအကျဉ်းကိုလည်း ဖော်ပြထားသည်။

စာအုပ်ကို ဦးမြတ်ဝေတိုး(သစ္စာရန့်စာပေ) ရွှေကြိုးကြာလမ်း ၁၃ရပ်ကွက် လှိုင်သာယာမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ထုတ်ဝေသည်။



## မြတ်ဗုဒ္ဓ၏ ဓမ္မနီတိ

ဥက္ကလာဝင်းကြည်၏ ဇာတ်လမ်းဇာတ်ညွှန်းကို ပန်းချီကံကောင်းက သရုပ်ဖော်ရေးဆွဲထားသည့် မြတ်ဗုဒ္ဓ၏ ဓမ္မနီတိပုံပြ စာအုပ်ထွက်ရှိလာသည်။

မြတ်စွာဘုရားရှင် ၄၅ ဝါတိုင်တိုင် ဟောကြားတော်မူခဲ့သော တရားတော်ပေါင်းမြောက်မြားစွာထဲမှ သတ္တဝါများ လောကီ၊ လောကုတ္တရာနှစ်ဖြာအတွက် အကျိုးစီးပွားအလို့ငှာ ကြီးပွားချမ်းသာခြင်းကို ဖြစ်စေ တတ်သော၊ မကောင်းမှုဘေးအန္တရာယ်အလုံးစုံကို ပယ်ဖျောက်စေတတ်သော သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်ကို အခြေခံထားကာ ရေးသားထားသည်။

ငယ်ငယ်ရွယ်ရွယ်၊ ပျိုပျိုလတ်လတ်၊ သားသားမီးမီး၊ တူသားမောင်မယ်အပေါင်း လွယ်ကူစွာ သိရှိမှတ်သား ခံစားလိုက်နာကြစေရန် ရည်ရွယ်၍ သာဓက၊ ဥပမာ၊ အထောက်အထားဇာတ်လမ်းများဖြင့် စိတ်ဝင်စားစေရန် ပန်းချီ၊ ရုပ်ပြ၊ ကာတွန်းများဖြင့် တန်ဆာဆင်ကာ ရေးဆွဲထားသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအတွက် ကောင်းမြတ်သည့် လမ်းပေါ်သို့ရောက်ရှိနိုင်ရန် စာရေးသူက ရည်ရွယ်သည်။

စာအုပ်ကို ယဉ်မျိုးစာပေ ဖုန်း- ၀၉-၇၃၂၀၁၅၈၆ အမှတ် (၂၇၄)လမ်း (၄၀)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။



## ၂၀၁၆-၂၀၁၇ ရာသီဥတုအခြေအနေနှင့် အိမ်ရှင်မတိုင်းအတွက် လက်လှမ်းမီကျန်းမာရေး ဓာတ်စာပညာများ

ဆရာဦးဝင်းကို ရေးသားသည့် နက္ခတ္တဗေဒနယ တိုင်းရင်းဆေးပညာနှင့်ပတ်သက်၍ ငါးအုပ်မြောက် ထွက်ရှိလာသော စာအုပ်ဖြစ်ပါသည်။

မြန်မာနိုင်ငံရာသီဥတုအခြေအနေကို ရက်စွဲများဖြင့် ဥတုငယ်တစ်ခုချင်းစီအလိုက်တင်ပြပြီး ထိုဥတုငယ်တစ်ခုချင်းစီတွင် အစားအစာများကို ချက်ပြုတ်စားသောက်ရာ၌ အစာလည်ဆေး ဆေးလည်းအစာဖြစ်အောင် အိမ်ရှင်မများအတွက် လက်တွေ့အသုံးချနိုင်ပြီး အခြားကျန်းမာရေးဆိုင်ရာ ဗဟုသုတများရအောင် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။

ထိုစာအုပ်ကို မျိုးဆက်သစ်စာပေဖြန့်ချိရေး၊ အမှတ်(၃၄)၊ (၄ လွှာ -ယာ)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၂၂၂၉၆၂ မှ တန်ဖိုးငွေကျပ် ၁၈၀၀ ဖြင့် ဖြန့်ချိထားသည်။



## ရွှေရည်လူးသည့် ဥယျာဉ်မှူးသခင်နှင့် အခြားသောကဗျာများ

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)၏ ရွှေရည်လူးသည့် ဥယျာဉ်မှူးသခင်နှင့် အခြားသောကဗျာများ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ကဗျာအပုဒ်ပေါင်း ၁၀၀ ဖော်ပြထားသည်။ "တို့ကျေးရွာစာပန်းသီ"ဟူသော ကဗျာတွင်

အိုးငယ်ငယ်ကိုယ်စီပိုက်ပါလို့
မတိုးမကျယ် ဆိုလိုက်ကြ
လုံမေတို့တစ်သိုက်
ခေတ်အကြိုက်တေးပေါင်းစုံ
ရေခပ်ပုံတစ်မျိုးဆန်း

ရေးဖွဲ့ထားသည်မှာ ခေတ်ကာလအခြေအနေကို ထင်ဟပ်စေသည်။ ထင်ရှားကျော်ကြားသော လူပုဂ္ဂိုလ်များနှင့် အထိမ်းအမှတ်အခမ်းအနားများကို ရည်စူး၍ ဖွဲ့ဆိုထားသောကဗျာများဖြစ်သည်။

ကျိုက်တော်စာပေမှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ထုတ်ဝေသည်။



## ခေတ်ပညာရေးနှင့် ခေတ်အမြင် ခေတ်အတွေး

အငြိမ်းစား ပညာရေးဝန်ထမ်းတစ်ဦးဖြစ်သည့် ဆရာခင်မောင်ဌေး(ပညာရေး)၏ စတုတ္ထမြောက်ထုတ်ဝေသည့် "ခေတ်ပညာရေးနှင့် ခေတ်အမြင်ခေတ်အတွေး" စာအုပ်ထွက်ရှိလာသည်။ ဆရာကြီး ဒေါက်တာသန်းဦးက အမှာစာရေးပေးထားသည်။ ပညာရေးဝန်ထမ်းဟောင်း တစ်ဦးဖြစ်သကဲ့သို့ လက်ရှိပညာရေးလောကတွင်လည်း ပါဝင်လျက်ရှိရာ အခြေခံပညာရေးနှင့် ပတ်သက်၍ အမျိုးသားပညာရေး ဥပဒေနှင့်လွှတ်လပ်မှု၊ အမျိုးသားပညာရေးနှင့် သမိုင်းပေးတာဝန်၊ ပညာရေးအဟောသိကံဖြစ်မှုများ လျော့ကျရေး၊ ပညာရေးရင်းနှီးမြှုပ်နှံမှု၊ အာဆီယံအသိုက်အဝန်းနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာရမည့် ပညာရေးကဏ္ဍ၊ ပြန်လည်သုံးသပ်ရမည့် ပညာရေးစနစ်စသဖြင့် လက်ရှိထုတ်ဝေလျက်ရှိသည့် သတင်းစာ၊ စာစောင်၊ ဂျာနယ်များရေးသားခဲ့သည့် ဆောင်းပါးပေါင်း လေးပုဒ်အား စုစည်းဖော်ပြလာခြင်းဖြစ်သည်။

ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိလျက် တန်ဖိုး ငွေကျပ် ၂၀၀၀ ဖြစ်၍ ဖုန်းနံပါတ် ၀၉-၅၁၇၉၃၉၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်းသိရသည်။

# အထူးလိုက်လှဲစွာဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ **ဦးရှိန်ဝင်း (ဒု-ဥက္ကဋ္ဌ) (Tet Lann Concrete Co., Ltd.)** အား SGS United Kingdom Ltd Systems & Services Certification မှ **ISO 9001:2008** လက်မှတ်ချီးမြှင့်ခံရခြင်းအတွက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေး
အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်



# အထူးလိုက်လှဲစွာဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ **ဦးရှိန်ဝင်း (ဒု-ဥက္ကဋ္ဌ) (Tet Lann Concrete Co., Ltd.)** အား SGS United Kingdom Ltd Systems & Services Certification မှ **ISO 9001:2008** လက်မှတ်ချီးမြှင့်ခံရခြင်းအတွက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ
လုပ်ငန်းရှင်များအသင်း

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၂၅) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု

ကဆ - ၈၂၇၁၁၆

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ယ - ၄၈၀၈၁၂    သ - ၈၄၉၆၅၄

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ကဆ | ၂၀၄၇၁၁ |
| င | ၄၃၁၅၃၅ |
| ကဂ | ၄၆၆၀၀၀ |
| ပ | ၅၆၈၃၀၂ |
| သ | ၆၄၈၉၇၁ |

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

| | |
|---|---|
| န | ၂၀၈၃၈၈ |
| င | ၄၇၂၂၆၂ |
| င | ၄၉၇၀၁၇ |
| ကင | ၇၂၉၉၉၇ |
| ကဂ | ၈၁၈၃၁၁ |
| ကစ | ၈၈၄၂၁၉ |

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| ဋ | ၁၀၅၂၈၅ |
| သ | ၃၁၁၅၉၈ |
| ပ | ၄၃၁၅၆၃ |
| ည | ၄၈၄၁၆၇ |
| မ | ၆၄၉၉၂၅ |
| ဒ | ၇၈၃၀၄၁ |
| ဟ | ၇၈၅၁၆၆ |

## ဆုတစ်ဆုစျင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဓ | ၁၉၀၁၁၃ | ဍ | ၃၃၃၈၉၆ | ရ | ၅၂၁၆၅၆ | ဖ | ၉၂၅၂၅၂ |
| ဇ | ၁၉၆၄၀၅ | ယ | ၃၃၃၉၅၈ | ကက | ၅၆၃၈၂၁ | ဆ | ၉၇၉၇၆၁ |
| င | ၁၉၈၆၄၂ | ဏ | ၃၅၄၁၃၈ | ယ | ၅၇၂၇၆၇ | ဘ | ၉၉၆၅၃၇ |
| ကယ | ၂၆၃၄၀၈ | ကဆ | ၃၇၃၂၅၂ | ကယ | ၆၃၉၉၄၄ | | |
| ဗ | ၂၈၇၈၆၁ | ဋ | ၄၈၅၈၁၉ | ည | ၉၂၁၅၃၂ | | |

## ဆုတစ်ဆုစျင်းကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| ဏ | ၁၁၇၉၀၂ | ဆ | ၆၆၀၄၄၉ |
| ဖ | ၁၂၂၇၄၃ | ဘ | ၇၀၀၁၆၄ |
| ဝ | ၂၃၃၃၀၂ | ယ | ၇၁၁၅၉၀ |
| ဓ | ၃၈၇၃၃၈ | ကက | ၇၆၈၉၈၈ |
| ဇ | ၄၁၁၃၁၃ | ဈ | ၈၂၈၆၁၆ |
| ကစ | ၄၁၆၁၄၄ | ကင | ၈၅၆၃၄၇ |
| ဟ | ၅၁၁၄၁၁ | ဈ | ၈၇၈၉၃၈ |
| ဍ | ၅၆၈၀၀၂ | ခ | ၉၁၀၉၇၆ |
| င | ၅၈၂၁၆၅ | မ | ၉၁၁၄၂၂ |
| ည | ၅၈၈၉၆၅ | ရ | ၉၈၄၁၀၈ |

## ဆုတစ်ဆုစျင်းကျပ်(၂၅)သိန်းဆုများ

| | | | |
|---|---|---|---|
| ကဂ | ၁၁၉၁၉၄ | ဗ | ၇၈၂၈၀၁ |
| န | ၂၀၂၆၀၇ | အ | ၇၉၃၉၇၇ |
| ဆ | ၃၃၉၀၉၆ | ကယ | ၈၃၂၈၆၀ |
| ဟ | ၃၉၇၁၈၅ | ဍ | ၈၃၂၉၆၄ |
| ဌ | ၄၄၃၄၁၈ | ဖ | ၈၉၄၉၅၁ |
| မ | ၄၅၇၂၂၇ | ကင | ၉၂၁၃၇၃ |
| ဟ | ၄၇၅၀၂၅ | ဗ | ၉၃၀၄၈၈ |
| ကက | ၅၉၆၁၆၃ | တ | ၉၄၆၉၅၀ |
| ခ | ၇၅၅၈၉၃ | ဘ | ၉၆၂၁၁၆ |
| န | ၇၈၁၁၉၀ | သ | ၉၈၂၄၄၁ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| င | ၁၀၅၁၆၂ | ဝ | ၆၂၆၈၈၁ |
| စ | ၁၁၁၄၈၉ | ဃ | ၆၄၆၄၆၉ |
| ဏ | ၁၃၅၆၅၁ | ဖ | ၆၅၈၃၄၀ |
| ကဂ | ၁၃၇၈၅၃ | ဃ | ၆၇၄၁၃၆ |
| ဒ | ၁၅၉၄၂၃ | အ | ၆၈၉၃၈၀ |
| ကဆ | ၁၈၅၄၈၄ | အ | ၆၈၉၉၃၆ |
| ည | ၂၂၀၉၆၃ | ဠ | ၆၉၇၉၇၀ |
| ကက | ၂၂၅၃၀၄ | က | ၇၃၆၄၄၃ |
| ကစ | ၂၇၃၂၈၀ | ကင | ၇၈၀၃၉၁ |
| ခ | ၃၀၁၃၅၇ | ထ | ၈၂၁၁၅၅ |
| ဌ | ၃၀၈၁၈၀ | ကဆ | ၈၂၆၃၃၆ |
| မ | ၄၆၀၁၈၄ | ဠ | ၈၃၀၄၂၇ |
| လ | ၄၇၁၂၉၃ | ပ | ၉၂၈၈၆၀ |
| ည | ၅၃၆၃၅၆ | ကဃ | ၉၆၈၂၄၀ |
| ထ | ၅၃၇၆၈၀ | ကဂ | ၉၉၉၀၉၀ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၅)သိန်းဆုများ

| | | | |
|---|---|---|---|
| ကင | ၁၆၉၀၅၉ | ခ | ၆၅၆၆၇၅ |
| ဗ | ၂၀၄၉၁၄ | ဏ | ၆၈၀၆၅၆ |
| စ | ၂၆၆၇၃၄ | ည | ၆၉၂၉၉၈ |
| ဆ | ၃၁၉၀၆၃ | ဍ | ၆၉၉၂၀၀ |
| ဏ | ၃၂၂၅၀၂ | ဖ | ၇၀၈၁၆၇ |
| ဃ | ၃၂၄၂၀၂ | စ | ၇၁၅၀၃၅ |
| ဝ | ၃၄၅၂၈၂ | ဌ | ၇၄၂၄၇၅ |
| ကဆ | ၃၉၉၁၁၁ | ဇ | ၇၄၄၂၇၂ |
| ဈ | ၄၇၄၂၂၇ | ကစ | ၇၇၀၂၅၄ |
| ပ | ၅၀၄၂၆၁ | ဆ | ၈၀၅၀၄၇ |
| ဈ | ၅၀၇၂၉၉ | လ | ၈၃၇၄၉၀ |
| ည | ၅၀၇၆၉၈ | ဏ | ၈၄၃၄၉၄ |
| ဟ | ၅၆၉၀၄၂ | ကဆ | ၈၅၃၂၇၀ |
| သ | ၅၈၁၈၄၂ | ကခ | ၈၆၀၀၁၆ |
| ဍ | ၅၉၀၂၈၁ | လ | ၉၅၁၆၆၆ |
| ဒ | ၆၀၀၈၈၃ | ကစ | ၉၅၂၂၇၇ |
| ပ | ၆၁၂၂၀၆ | ကဃ | ၉၈၁၀၈၁ |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| လ | ၁၈၃၅၉ | ဝ | ၅၁၂၉၆ |
| ဖ | ၁၈၃၆၃ | ရှ | ၅၂၄၄၀ |
| သ | ၂၈၅၀၀ | ဗ | ၆၀၃၆၆ |
| ဆ | ၄၇၆၅၉ | စ | ၇၁၃၈၁ |
| ဍ | ၄၉၆၆၉ | သ | ၉၃၀၇၅ |

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| သ | ၁၈၂၂ | သ | ၈၄၈၆ |
| ဘ | ၂၀၀၃ | န | ၉၃၇၉ |
| က | ၄၂၁၀ | ဌ | ၉၄၆၃ |
| န | ၄၉၆၇ | ဖ | ၉၆၄၂ |
| ဇ | ၆၅၄၀ | ရှ | ၉၈၅၉ |

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| အ | ၁၉၆ | ဒ | ၆၄၀ |
| ကက | ၃၉၀ | ထ | ၆၉၃ |
| ဈ | ၄၇၄ | ဖ | ၇၉၇ |
| ကဆ | ၄၈၉ | ကဆ | ၉၄၇ |
| ကင | ၄၉၆ | | |

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ(၅)သောင်းဆုများ

| | |
|---|---|
| ဏ | ၅၂ |
| သ | ၆၆ |
| ဂ | ၈၄ |

အက္ခရာနှင့် ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

၁။ ဖွင့်လှစ်ခဲ့သော (၃၂၅)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီအုပ်ရေ (၃၂၇၂၇၂၀) အားရောင်းချပေးခဲ့ရာ ရောင်းရငွေကျပ် (၆၅၄၅၄၄၀၀၀၀) ရရှိခဲ့ပြီး၊ ၄င်းမှ ( ၆၀ ) ရာခိုင်နှုန်းဖြစ်သော ကျပ်(၃၉၂၇၂၆၄၀၀၀)ကို ဆုမဲပေါင်း (၄၀၂၄၃) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၆ ခုနှစ်၊ မတ် လ ၊ (၁) ရက်နေ့တွင် ဖွင့်လှစ်မည့် (၃၂၆) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် အက္ခရာလုံးရေ (၄၀) ကုန်စင်အောင်ရောင်းချရပါက ဆုမဲပေါင်း (၄၀၂၄၃)ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ အောင်ဘာလေထီ ဝယ်ယူကစ်မည့်သူများအနေဖြင့် (၃၂၆) ကြိမ် အတွက် ၃ -၂-၂၀၁၆ရက် မှစတင်၍ ထီစာအုပ်ကုန်စင်သည်အထိ အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်ရှိအောင်ဘာလေသိန်းဆုဌာနခွဲတွင် ထီလက်မှတ် (၁၁)စောင်ပါ ထီစာအုပ်တစ်အုပ် ကျပ်(၂၀၀၀)နှုန်းဖြင့်တစ်ဦးလျှင် ထီစာအုပ် (၁)အုပ် မှ ထီစာအုပ် (၁၀)အုပ်ထိ နိုင်ငံသားကတ်မူရင်းနှင့် မိတ္တူတင်ပြပြီး နံနက်(၁၁)နာရီ မှ မွန်းလွဲ (၂)နာရီအချိန်အတွင်း ငွေသားလက်ငင်းပေးချေ၍ လွတ်လပ်စွာ ဝယ်ယူကစ်နိုင်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၈- ၂- ၂၀၁၆ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်းမူရင်း/ မိတ္တူ ၊(၆)လအတွင်းရိုက်ကူးထားသည့်မျက်မှန်မပါ ၂" × ၃" ဓာတ်ပုံ (၃) ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဦးသက်အောင်-ဒေါ်မိုးစန္ဒာဦး(ICRC)တို့၏ တစ်ဦးတည်းသောသား

**မောင်ကျော်နန္ဒ**

**B.Sc (Engineering, Gem and Gem Mining)**
**Diploma in Tourism and Hotel Management**
**(Nanyang Institute of Management) (Singapore)**
**FGA (London) Candidate**
**Director(Tri Spider Company Ltd.)**

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဦးသန်းအောင်(အမှုဆောင်အရာရှိ၊ တော်ဝင်မိသားစုကုမ္ပဏီ)-ဒေါ်ဆွေဆွေဒင် (MD-တော်ဝင်မိသားစုကုမ္ပဏီ)တို့၏ တစ်ဦးတည်းသောသမီး၊
ဦးကိုကိုထွေး(ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ)လူမှုထူးချွန်ပထမဆင့်-သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း(ဒု-ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ)တို့၏တူမ

**ဒေါက်တာဝေမာသန်းအောင်**

**M.B.,B.S (UMI, Ygn), MRCP PART(1), (UK,London)**

တို့၏ ၃-၁၁-၂၀၁၅ရက်တွင် Taw Win Garden Hotel ၌ မင်္ဂလာမော်ကွန်းလက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်ပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၁၆-၁-၂၀၁၆ရက်တွင် Sedona Hotel (Grand Ball Room)၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲအခမ်းအနားတွင် စုလျားရစ်ပတ်ပေးပါသော အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဗိုလ်မှူးချုပ်စိန်ဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်အေးအေးတင့်၊မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးအောင်မော်သိန်း (Myanmar Distribution Group, Managing Director)နှင့် ဇနီး ဒေါက်တာမိုးမြတ်ဝင်း (Deputy Managing Director)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မကြည်သာမင်းမွန်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးသော မပန်းမြတ်ဖြူစင်၊ မင်္ဂလာပန်းကုံးဗန်း ကိုင်ဆောင်ပေးသော မစုမြတ်ထက်၊ မင်္ဂလာသတို့သားအရံများဖြစ်သော ကိုကောင်းထက်စံနှင့် ဒေါက်တာကောင်းမြတ်စံ၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော ဒေါက်တာခိုင်သဉ္ဇာမောင်၊ ဒေါက်တာချစ်စုသင်းတို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဧည့်ခံပေးပါသော အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင် ဒီဇင်ဘာနှင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော မိုးကုတ်ပေါက်ပေါက်၊ မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးပါသော ဦးစိန်မင်းနှင့် ဒေါ်အေးမွန်မွန် (နှစ်သက်စရာရတနာဆိုင်)၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော Exposure (ကိုနိုင်နိုင်ထွန်း)နှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော Eternal Floral Service၊ မင်္ဂလာဖိတ်စာဖန်တီးပေးပါသော Dagon ပုံနှိပ်တိုက်၊ မီးအလှဆင်ပေးသော မီးငယ်နှင့်အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကိုယ်တိုင်မတက်ရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၁၇-၁-၂၀၁၆ရက်တွင် Royal Rose Garden (People Park)၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး မတင်မိုးလွင်အားလည်းကောင်း၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေပေးသော မေခလာနှင့် DJလင်းလင်း၊ လိုအပ်သည်များကို စီစဉ်ပေးပါသော ဦးလေးဖြစ်သူ ဦးကိုကိုထွေး(ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ) လူမှုထူးချွန်ပထမအဆင့်နှင့် ဇနီးသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း (ဒု-ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီ)နှင့် မမကြီး ဒေါ်ဝတ်ရည်ထွေး (အမှုဆောင်အရာရှိချုပ်၊ တော်ဝင်မိသားစုကုမ္ပဏီ)၊ မမလေးဒေါ်သီရိထွေး(အမှုဆောင်အရာရှိချုပ်၊ တော်ဝင်မိသားစုကုမ္ပဏီ)တို့အားလည်းကောင်း၊ ညစာစားပွဲတွင် ကျွေးမွေးဧည့်ခံပေးပါသော (Taw Win Garden Hotel မှ Manager နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာအဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော Signature Wedding and Event Planning အဖွဲ့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်နန္ဒ-Dr.ဝေမာသန်းအောင်**

---

## အရည်အသွေးမီ "SSD"
## စိုးစန္ဒာ(၈)ပေါက် စက်အုတ်

လူကြီးမင်းတို့ဆီအရောက် အထူးအာမခံ အုတ်အလုံး
(၁)သိန်းတွင် အကျိုးပါဝင်မှု အလုံး(၅၀၀)ခန့်သာပါမည်။

စက်ရုံ ဖုန်း-၀၉-၅၁၆၇၅၆၇၊ ၀၉-၇၉၉၇၉၁၂၃၁
သာကေတ ဖုန်း-၀၉-၇၃၂၄၉၆၄၉

---

## ဦးနေဝင်း[၁၂/သကတ(နိုင်)၁၂၈၈၆၉]
## ကန်ထရိုက်တာ ဝေလင်းဖြိုးဆောက်လုပ်ရေးနှင့် အများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၈)လမ်းအနောက်၊ အမှတ်(၉၇၁)၊ မြေအကျယ် ပေ(၂၇×၆၀)ကို မြေရှင်မောင်နှမများနှင့် ဦးနေဝင်းတို့ နှစ်ဖက်သဘောတူညီချက်အရ (၂)ခန်းတွဲ (၆)ထပ်ဆောက်လုပ်ခဲ့ရာ ကန်ထရိုက်တာရရှိသည့် အခန်း(၆)ခန်းစလုံး (မြေညီမှ ၆ လွှာအထိ)ကို ဦးမြင့်ဦး[၁၂/ရကန(နိုင်)၀၄၀၃၂၅]၊ ဒေါ်သန်းစိန်[၁၂/သကတ(နိုင်)၀၉၆၈၉၂]၊ ဒေါ်တင့်တင့်ခိုင်[၁၂/သကတ(နိုင်)၀၂၀၇၁၅]တို့(၃)ဦးမှ အိမ်ရှင်များသက်သေထား၍ အသိအမှတ်ပြု လက်မှတ်ရေးထိုးဝယ်ယူခဲ့ကြပါသည်။ စရန်ငွေအဖြစ် သိန်း(၁၀၀)ကိုလည်း ပေးချေပြီးဖြစ်ပါသည်။ ၎င်းအဆောက်အအုံကို ဦးနေဝင်းမှဆောက်လုပ်ခဲ့ရာ ဖောင်ဒေးရှင်းပြီး၍ အောက်ခြေတိုင်များသာ ပြီးစီးခဲ့ပါသည်။ ၎င်းအဆောက်အအုံကို ဦးနေဝင်းမှ ဆက်လက်ဆောက်လုပ်ရန် ငွေကြေးအခက်အခဲရှိသောကြောင့် ဦးနေဝင်းမှအိမ်ရှင်များ၊ ဝယ်ယူသူများနှင့်ညှိနှိုင်းကာ ဝယ်ယူသူများမှ ဦးနေဝင်းကိုပေးရန် ကျန်ရှိသည့်ပေးသွင်းရမည့် ငွေနှင့်ဆက်၍ ဆောက်စေခဲ့ပါသည်။ ဆောက်လုပ်ရာတွင် တာဝန်ခံအဖြစ် ဦးသန်းဝင်း[၁၂/ဗဟန(နိုင်)၀၀၆၉၄၉]ကိုလည်း အဆောက်အအုံပြီးသည်အထိ ဦးနေဝင်းကိုယ်စား ကြီးကြပ်ရန်စာချုပ်၍ တာဝန်ပေးအပ်ခဲ့ပါသည်။ ဆောက်လုပ်ရာတွင်လည်း အရစ်ကျပေးသွင်းရမည့် ငွေများကို ဦးနေဝင်းအား လက်မှတ်ထိုးစေပြီး ဝယ်ယူသူများမှ စိုက်ထုတ်ဆောက်လုပ်ခဲ့ပါသည်။ ဦးနေဝင်းသည် ဆောက်လုပ်စဉ်ကာလအတွင်း ၂၄-၁၂-၂၀၁၅ရက် ညပိုင်းထိသာ တစ်ခါတစ်ရံလာပြီး ၎င်းနေ့မှစ၍ ယနေ့အထိ လုပ်ငန်းကိစ္စများ ညှိနှိုင်းရန် တာဝန်ခံအိမ်ရှင်နှင့် ဝယ်ယူထားသူများက ဆက်သွယ်သော်လည်း ပြန်မဆက်သွယ်ခဲ့ပါ။ အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကိုလည်း မည်သူ့ကိုမျှမပေးခဲ့ပါ။ ယခုအခါ အဆောက်အအုံသည် တာဝန်ခံ၏ညွှန်ကြားချက်ဖြင့် ဝယ်ယူထားသူများမှ ငွေဆက်သွင်း၍ ဆောက်လုပ်ခဲ့ရာ အမိုးမိုးပြီးဖြစ်ပါသည်။ သို့ပါ၍ အများသိစေရန်နှင့် ဦးနေဝင်းမှလည်း တာဝန်ခံ၊ အိမ်ရှင်များ၊ ဝယ်ယူထားသူအားလုံးနှင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်မဆက်သွယ်ပါက ကန်ထရိုက်တာ ဦးနေဝင်း၏ တာဝန်သာဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

| မြေရှင်များကိုယ်စား | ဝယ်ယူသူများကိုယ်စား | ဆိုဒ်တာဝန်ခံ |
| --- | --- | --- |
| (၁)ဦးကျင်ရွှေ | ဦးမြင့်ဦး | ဦးသန်းဝင်း |
| [၁၂/သကတ(နိုင်)၀၄၆၆၈၃] | [၁၂/ရကန(နိုင်)၀၄၀၃၂၅] | [၁၂/ဗဟန(နိုင်)၀၀၆၉၄၉] |
| ဖုန်း-၀၉-၂၅၀၀၆၉၁၄၂ | ဖုန်း-၀၉-၂၅၀၃၅၈၃၂၈ | ဖုန်း-၀၉-၂၅၄၃၄၆၆၁၈ |
| (၂)ဦးဝင်းနိုင် | | |
| [၁၂/သကတ(နိုင်)၀၉၂၅၁၂] | | |

---

**အမြဲနှိုးရောင်းမည်**
ဗဟန်းမြို့နယ်၊
(၂)ထပ်လုံးချင်း၊
ဂရန် အမည်ပေါက်
Ph: 09 785506157

---




---

## ကန့်ကွက်နိုင်ကြောင်း

ခရစ်စတယ်တီဗွီ၊ EVD၊ DVD၊ စပီကာ၊ လျှပ်စစ်မီးဖို၊ ပန်ကာ၊ ထမင်းပေါင်းအိုး၊ ရေပူစက်၊ နားကြပ်၊ Handphone charger၊ Phone ဓာတ်ခဲ၊ ဖုန်းအိတ်မျိုးစုံ၊ ဟန်းဖုန်း၊ ရေခဲသေတ္တာ၊ အဲကွန်းစသည့်ပစ္စည်းများအား

AIKU
JBK
NEW JBK

အမှတ်တံဆိပ်ဖြင့် မှတ်ပုံတင်သွင်းမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**မနိုင်နိုင်ရွှေ[၁၂/လမတ(နိုင်)၀၂၉၉၃၅] ဖုန်း-၀၉-၅၀၁၁၄၀၂**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀
## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး
## ၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

ဒေါ်ခင်လေးသွယ် နှင့် ၁။ ဦးပိုက်တင်
၂။ ဒေါ်ကြည်ကြည်မြင့်

**တရားလို** **တရားပြိုင်များ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်-၂၅၈၀(ခ)နေ ဦးပိုက်တင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်(၂၀)ရပ်ကွက်၊ အောင်သိဒ္ဓိ(၁)လမ်း၊ အမှတ်(၂၃၄)နေ ဒေါ်အေးသန်းတို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၀ ရက်(၁၃၇၇ခုနှစ်၊ တပို့တွဲလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီလာဝင်း) မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

---

## ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်နှင့် မြေကွက်အမှတ်-၅/၇၇၅(က)၊ ညောင်ကုန်းရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ်(၇၇၅/က)၊ မြေအကျယ်အဝန်း ပေ(၂၀×၆၀)ရှိ ဦးမောင်မြ(CK-၀၁၉၇၇၈) အမည်ပေါက် ပါမစ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါမြေကွက် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဇနီးဒေါ်ကြည်တင်[၁၂/ ဒလန(နိုင်) ၀၀၂၁၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းညွန့်(ဥပဒေဘွဲ့)** **ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)** **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)**
**ဖူးပွင့်ဝေစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့် စီးပွားရေးဆိုင်ရာဥပဒေအကြံပေး**
**အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၃၁၁၁၆၄၄၄**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀
## မြစ်ကြီးနားခရိုင်တရားရုံး
## ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၃

ဒေါ်သင်းသင်းဖြူ နှင့် ဦးခင်မောင်ထွေး

**တရားလို** **တရားပြိုင်**

ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ၊ မော်ရှန်ရပ်ကွက်၊ အိမ်အမှတ်(အေ/၁၄)နေ တရားပြိုင် ဦးခင်မောင်ထွေး(ဘ) ဦးအလီအာမက်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ အိမ်အမှတ်(၅၄၁)နေ တရားလို ဒေါ်သင်းသင်းဖြူက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁)ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မြစ်ကြီးနားခရိုင်တရားရုံး**

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

**ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင်**အား (၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၆) ဖြင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့အဖြစ် **"အလင်္ကာကျော်စွာ"**ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဆက်လက်၍လည်း အမျိုးဘာသာ သာသနာကို ကျန်းမာချမ်းသာစွာဖြင့် ဆက်လက်သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**နန်းဆုရတီစိုး၊ နန်းခင်ဇေယျာ၊ ခင်ဝင့်ဝါ၊**
**ထားထက်ထက်၊ သျှားထွဋ်အိန္ဒြာ**

## မဟာဒွါရနိကာယ(သာသနဝေပုလ္လ) စာမေးပွဲကြီး ကျင်းပမည်

(ဆဌမ)အကြိမ် ဓမ္မာနုဓမ္မမဟာဒွါရနိကာယ(ရန်ကုန်) သာသနဝေပုလ္လ စာမေးပွဲကြီးကို (၁၃၇၇ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်မှ ၆ ရက်အထိ) ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၄) ရပ်ကွက်၊ ကျောက်ကုန်း၊ မဟာဗောဓိလမ်း၊ မဟာဓမ္မိကာရုံ-ပရိယတ္တိစာသင်တိုက် (ကျိုက်ပိ)မဟာဝိဇယကာရီ (၅)ထပ်ဗိမာန်တော်ကြီး၌ ရန်ကုန်စည်ပင်နယ်အတွင်း သီတင်းသုံးနေထိုင်ကြသော မဟာဒွါရဂိုဏ်းဝင် ရဟန်း-သာမဏေ အပါး(၂၅၀)ခန့် လာရောက်စာမေးပွဲဖြေဆိုမည်ဖြစ်ပါ၍ စာအောင်ဘွဲ့နှင်းသဘင်ကို (တပို့တွဲလဆန်း ၇ရက်) ၁၅-၂-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

**စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့**

## (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေ **ဦးမင်းလွင်ဦး** (မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီး ဌာန၊ မန္တလေးတိုင်းဒေသကြီး)နှင့် ချစ်မေမေ **ဒေါ်စန်းစန်းကြည်(ခ) ဒေါ်ညိုညိုစန်း**တို့၏ ၂-၂-၂၀၁၆ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်။

ချစ်သမီး - မနန်းသဥ္ဇာအေး(နန်းနန်း)
ချစ်သမီးငယ် - မဆုမြတ်လွင်(ဆုဆု)

## အထက(၂)တွံတေး (ယခင်မက်သဒစ်)ကျောင်းသား/သူဟောင်းများ၏ (၁၄)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားခြင်း

၎င်းကျောင်းတွင် တာဝန်ထမ်းဆောင်ပြီး သက်ပြည့်အငြိမ်းစားယူသွားကြသည့် ဆရာကြီး၊ ဆရာမကြီး (၉၀)ဦးတို့ကို ချစ်တပည့် ကျောင်းသား/သူဟောင်းများမှ (၁၄)ကြိမ်မြောက် ဂါရဝပြုပူဇော်မည့် မြတ်ဆရာပူဇော်ပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား/သူဟောင်းများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၂-၂-၂၀၁၆ ရက်(သောကြာနေ့) (ပြည်ထောင်စုနေ့)
အချိန် - နံနက် ၈:၀၀ နာရီ
နေရာ - ရတနာခန်းမ [အထက(၂)တွံတေး]

ဖိတ်စာများ ပေးပို့ထားပြီးဖြစ်၍ ဆရာကြီး၊ ဆရာမကြီးများနှင့် တပည့်ဟောင်းများအား ၁၂-၂-၂၀၁၆ ရက် နံနက် ၇ နာရီတွင် ဒလမြို့ဆိပ်ကမ်းမှ ကားများကြိုဆိုမည်ဖြစ်ပါသည်။ အလှူငွေ ထည့်ဝင်လှူဒါန်းလိုသော ကျောင်းသား/သူဟောင်းများအနေဖြင့် **ဦးတင်ဦး** ဖုန်း ၀၉-၄၂၀၁၇၀၀၄၀၊ **ဦးသိန်းဝင်း** ဖုန်း ၀၉-၇၉၆၂၇၂၉၆၈၊ **ဦးမောင်ကို** ဖုန်း ၀၉-၅၃၉၆၃၀၇၊ **ဦးအောင်သူ** ဖုန်း ၀၉-၅၃၉၆၂၁၁၊ **ဦးမောင်မောင်ဦး** ဖုန်း ၀၉-၄၂၀၁၃၇၁၃၇၊ **ဒေါ်ဝါဝါ** ဖုန်း ၀၉-၅၁၈၆၂၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ပူဇော်ပွဲကျင်းပရေးကော်မတီ**

## (၁၅) ကြိမ်မြောက် သာစည်မြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာထူးချွန်ဆုပေးပွဲဖိတ်ကြားခြင်း

သာစည်မြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ် အစည်းအဝေးနှင့် ရန်ကုန်မြို့တွင် နေထိုင်သော အသက်(၇၅)နှစ်ပြည့် သက်ကြီးများ၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာ အထက်တန်းတွင် ဂုဏ်ထူးနှင့်အောင်မြင်သူများကို အသင်းတည်ရှိရာ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်ရှိ ဗိုလ်ခြေတစ်ထောင် ဆွမ်းစားဆောင်တွင် ပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်မြို့တွင် နေထိုင်သော သာစည်မြို့နယ်သူ/သားများ၊ အသင်းဝင်များ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ တက်ရောက်လာကြသူများကို ကြာဆံဟင်းခါးဖြင့်ဧည့်ခံပြီး ပျော်ပွဲရွှင်ပွဲအတွက် အမှတ်တရပစ္စည်းများ ယူဆောင်လာကြပါရန်--

နေ့ရက် - ၁၂-၂-၂၀၁၆ရက် (သောကြာနေ့)(ပြည်ထောင်စုနေ့)
အချိန် - မွန်းလွဲ ၁ နာရီ

**အလုပ်အမှုဆောင်အဖွဲ့**

## ပြင်ဆင်ပြီးတိုက်ခန်းရောင်းမည် (စမ်းချောင်းမြို့နယ်)

၁။ မကြီးကြီးလမ်း၊ ပေ(၂၅×၅၀)၊ 4.F(၅လွှာ)၊ ကျွန်းပါကေး MBR(1), BR(2), ဘိုထိုင်၊ ကြွေပြားပြည့် မျက်နှာကြက်အားလုံး အထူးပြင်ဆင်ပြီး တိုက်(သစ်) **သိန်း(၉၇၀)**
၂။ ငှက်ပျောတောလမ်း၊ ပေ(၁၂½×၅၀)မြေညီ(ထပ်ခိုးပါ)၊ MBR(1), BR(1), A/C (2), ရေပူရေအေး၊ ကြွေပြားပြည့်၊ အထူးပြင်ဆင်ပြီး၊ တိုက်ခန်း(သန့်)။ **သိန်း(၉၈၀)**
၃။ အောင်တော်မူလမ်း၊ ပေ(၂၅×၅၀)2.F (၃)လွှာ၊ ကျွန်းပါကေး၊ MBR1, BR(1), ဖုန်း၊ ဘိုထိုင် ကြွေပြား၊ (Lift)ပါ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းသစ်။ **သိန်း(၁၄၇၀)**
(ပွဲစားမလို) ဝယ်သူသာဆက်ရန် ဖုန်း-၀၉-၅၀၇၁၁၄၄၊ ၀၉-၄၂၀၁၂၈၈၇၅



## ကြော်ငြာ




## အဆင့်မြင့် (OBD II) မော်တော်ယာဉ်စက်ပြင် သင်တန်း(အပတ်စဉ်-၇)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့်(OBD II)မော်တော်ယာဉ်စက်ပြင်သင်တန်း (အပတ်စဉ်-၇)ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဝါရင့်အင်ဂျင်နီယာကြီးများမှ စတင်ဖွင့်လှစ် သင်ကြားကြမည်ဖြစ်ပါသည်။ သင်တန်းကြေး(၃)သိန်း ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းကာလမှာ (၂)လကြာမြင့်မည်ဖြစ်သည်။ မော်ဒယ်မြင့်ကားများ၏ Engine Control System နှင့် Transmission Control System တို့ကို အဓိကထား၍ သင်ကြားမည်ဖြစ်ပြီး သင်တန်းသား၏ ပညာအရည်အချင်း အနိမ့်ဆုံးအခြေခံပညာအထက်တန်းအဆင့်ရှိရပါမည်။ ဤသင်တန်းမှ ထူးချွန်စွာ အောင်မြင်သူများကို ပြည်ပနိုင်ငံများရှိ MESနှင့် ချိတ်ဆက်ထားသော AUTOMOBILE TRAINING CENTRE များသို့ ပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။ ပြည်တွင်းရှိ ကမ္ဘာ့အသိအမှတ်ပြုစာရင်းဝင် မော်တော်ယာဉ်ကုမ္ပဏီကြီးအချို့ကလည်း ဤသင်တန်းမှ ဆင်းပြီး သူများကို ရွေးချယ် ခန့်ထားလိုကြောင်း ကမ်းလှမ်းနေပါသည်။ လူဦးရေကန့်သတ်ထားပါသည်။ လျှောက်လွှာများကို စတင်လက်ခံနေပြီးဖြစ်ပြီး လူတွေ့စစ်ဆေးမှု အောင်မြင်မှသာ သင်တန်းတက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူရောင်စုံ လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့် မှတ်ပုံတင်မိတ္တူတို့ ပါဝင်ရပါမည်။

လျှောက်လွှာတင်ရန်-

(၁) Training Manager, မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။
(၂) မြန်မာမော်တော်ကော်ပိုရေးရှင်း၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ သံသုမာလမ်းမကြီး၊ (၁၄/၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
(၃) စုံစမ်းရန် ဖုန်း-၀၉ ၄၂၀၀၂၉၇၈၂၊ ၀၁- ၈၅၀၀၆၈၂
(၄) Email ဖြင့် လျှောက်လွှာတင်ရန် - michaelsanoo123@gmail.com, into@sakuratradecentre.com




## ကန်ထရိုက်တာ ဦးကြည်သိန်း[၁၂/လမန(နိုင်)၁၂၃၉၈၄] "တော်ဝင်သိန်းဆောက်လုပ်ရေး"နှင့် အများသိစေရန်

ဒေါ်မြင့်ငွေ[၁၂/မရက(နိုင်)၀၈၃၀၉၆]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေ(၁)လမ်း၊ အမှတ်(၅၆)မြေကွက်ပေါ်တွင် (၂)ခန်းတွဲ (၃½)တိုက်ဆောက်လုပ်ရန် မြေကွက်ပိုင်ရှင်ဖြစ်သူ ဒေါ်မြင့်ငွေနှင့် ကန်ထရိုက်တာ ဦးကြည်သိန်းတို့သည် ၂၅-၁၂-၂၀၁၄ ရက်က နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ထိုသို့ချုပ်ဆိုပြီး ဦးကြည်သိန်းမှ အဆိုပါအဆောက်အအုံကို ဆောက်လုပ်ခဲ့ပါသည်။ အဆောက်အအုံကို မပြီးစီးမီ ဦးကြည်သိန်းရရှိသော တိုက်ခန်းများကို ကြိုပွဲ့စနစ်ဖြင့် ရောင်းချခဲ့ပါသည်။ ထို့အပြင် အဆောက်အအုံအားလည်း ဆက်လက်ဆောက်လုပ်ခြင်းမရှိဘဲ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလမှစတင်ပြီး လုံးဝရပ်ဆိုင်းထားကာ မြေရှင်နှင့်လည်း အဆက်အသွယ်ဖြတ်တောက်ခဲ့ပါသည်။

ထို့ကြောင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ အဆိုပါ အဆောက်အအုံသည် ဦးကြည်သိန်းနှင့် လုံးဝပတ်သက်ခြင်းမရှိတော့ဘဲ ဦးကြည်သိန်းထံမှ တိုက်ခန်းကြိုပွဲ့ဝယ်ယူထားသူများသည်လည်း ဦးကြည်သိန်းနှင့်သာ တိုက်ရိုက်ဆက်လက်ဖြေရှင်းပါရန်နှင့် အဆိုပါအဆောက်အအုံနှင့် မြေကွက်သည် ဒေါ်မြင့်ငွေ တစ်ဦးတည်းသာပိုင်ဆိုင်ပြီး အဆောက်အအုံဆောက်လုပ်ခြင်းသည်လည်း ဒေါ်မြင့်ငွေမှသာ ဆက်လက်ဆောင်ရွက်၍ အကျိုးခံစားခွင့်များအားလုံး ရယူသွားမည်ဖြစ်ပါကြောင်း ဦးကြည်သိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်ငွေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၅၀၃၇၈၇၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

တွံတေးမြို့နယ်၊ ဗျောက်ရိုးကျေးရွာနေ ဒေါ်စန်းကြည်[၁၂/တတန(နိုင်)၀၈၇၉၁၁]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကွယ်လွန်သူ ခင်ပွန်း ဦးဆားကိုးနှင့် ဇနီး ဒေါ်စန်းကြည်တို့၏ သမီးဖြစ်သူ မဝင်းသီတာ[၁၂/တတန(နိုင်)၁၈၇၉၆၉]သည် မိဘဆွေမျိုး ညီအစ်ကိုမောင်နှမများ၏ ဆန္ဒနှင့်ဆန့်ကျင်၍ ဆောင်ရွက်သွားသောကြောင့် ၎င်းအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**
**ဒေါ်စန်းကြည်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၀၇)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်၌ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၉

| | | | |
|---|---|---|---|
| ဦးအေးနိုင် | **နှင့်** | ၁။ ဦးမြင့်ဇော် | ၄။ မဇာဇာ |
| | | ၂။ မောင်အောင်အောင် | ၅။ မကြည်ကြည်စန်း |
| | | ၃။ မောင်ဇော်မင်းထွေး | ၆။ မသင်းသင်း |
| **(တရားလို)** | | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့၊ အုန်းပင်စုရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၁၆)နေ (၆)တရားပြိုင် မသင်းသင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ "အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" ဖြင့် စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်ဆက်စပ်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက် (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်နိုင်မော်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ခိုင်ခင်စောဦး [၇/ပခန(နိုင်)၃၁၃၄၉၂] နှင့် သီဟထွန်း [၁၂/ဒပန(နိုင်)၀၄၇၄၇၈] တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၈-၁-၂၀၁၆ ရက်နေ့တွင် တာမွေမြို့နယ်တရားရုံးတွင် မှတ်ပုံတင်အမှတ်(၈/၂၀၁၆)အရ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲ ပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မခိုင်ခင်စောဦး[၇/ပခန(နိုင်)၃၁၃၄၉၂]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁ထူပါရုံ၊ မြေကွက်အမှတ်-၁၃၉၃/က၊ မြေကွက်တည်နေရာအမှတ်-၁၃၉၃/က၊ ထူပါရုံ(၁၁)လမ်းအရှေ့၊ ၁ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးစိုးသိန်း AC-၀၃၇၆၅၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးသိန်း (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စောရီ[၁၂/သကတ(နိုင်)၀၁၈၉၆၅]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၄၁၀/၂၀၁၅)ရသူ ဒေါ်သီရိမြတ်မွန်[၇/ပမန(နိုင်)၁၃၁၉၅၁]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၈၀၅/က)၊ မြေကွက်တည်နေရာ အမှတ် (၈၀၅/က)၊ နှင်းဆီ(၁)လမ်း၊ ဦးမျိုးတင့်[၁၂/အလန(နိုင်)၀၀၁၆၈၂]၊ ဦးကျော်စိန်ဝင်း [၁၂/အစန(နိုင်)၀၆၈၂၁၀] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမျိုးတင့်၊ ဦးကျော်စိန်ဝင်းတို့မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရက်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရွှေနုလမ်း၊ အမှတ်(၄၃) မြေကွက်ဥပစာနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဦးရွှေနုလမ်း၊ အမှတ်(၄၃)နေ ဦးစောဘရိန်နီ[၁၂/မရက(နိုင်)၀၄၂၈၂၅]၏ ညွှန်ကြားချက်အရ အသိပေးကြေညာသည်မှာ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃(သမိုင်း)၊ မြေကွက်အမှတ်-၇/ည၊ မြေပိုင်မြေ၊ လ/န(၃၉)၊ ဧရိယာ(၀. ၂၉၇)ဧကအနက်(ရောင်းထားပြီးမြေမပါ) မြေကွက်နှင့် ကွင်း(၁၃)၊ ၁၉၄၅-၄၆ ဦးပိုင်(၈)၊ ၀၀. ၇၀၃မြေတို့သည် ဖခင် ဦးစောမက္ကာသီကျော်(AA/089351)အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေများဖြစ်ပါသည်။ ဖခင်မကွယ်လွန်မီ သမီးဖြစ်သူ ဒေါ်ထီးဖောသို့ သင်းအုပ်ဆရာရှေ့ သေတမ်းစာဖြင့် ပေးခဲ့သည်ဆိုသော်လည်း ယင်းသေတမ်းစာကို တရားရုံးတွင် အတည်ပြုလက်မှတ်(Probate)လျှောက်ထားခြင်းမရှိခဲ့ဟု သိရပါသည်။ သို့ဖြစ်ရာ ဖခင်ကွယ်လွန်ချိန် ၁၉၉၈ မှစ၍ သေတမ်းစာအတည်ပြုလက်မှတ်ကို တရားရုံးတွင် လျှောက်ထားခဲ့ခြင်းမရှိသောကြောင့် ယင်းသေတမ်းစာအတည်ဟုမှတ်ယူရန် မဖြစ်နိုင်ပါ။ ဦးစောဘရိန်နီနှင့် ဒေါ်ထီးဖောတို့သည် ဖခင် ဦးစောမက္ကာသီကျော်၏ သားနှင့်သမီးရင်းများဖြစ်၍ ဦးစောဘရိန်နီ လက်ရှိနေထိုင်သော မြေဥပစာအဆောက်အအုံသည် ဦးစောဘရိန်နီ၏ ခံစားခွင့်ရှိသော ဥပစာဖြစ်ကြောင်းနှင့် ထိပါးစွက်ဖက်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-ဦးရဲဝဏ္ဏဖြိုး**
**LL.B,D.B.L,D.I.L အထက်တန်းရှေ့နေ(စဉ်-၃၂၅၃၆)**
**အမှတ်(၁၇၈)၊ (၅)လွှာ၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပမည့်ရက် ပြင်ဆင်သတ်မှတ်

**နေပြည်တော်    ဖေဖော်ဝါရီ    ၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ပြင်ဆင်ကြေညာခဲ့သည့် ဖေဖော်ဝါရီ ၂ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီအစား ဖေဖော်ဝါရီ ၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



စင်ကာပူနိုင်ငံ MRT Station ၌ ခရီးသည်များ အဝင်၊ အထွက်ကို ကတ်စနစ်ဖြင့် အသုံးပြုနေစဉ်။

# BRT Lite စနစ်ဖြင့် ရန်ကုန်ဘတ်စ်ကားပြေးဆွဲမှုတွင် ယာဉ်နောက်လိုက်မပါဝင်ဘဲ ကတ်စနစ်သုံး ပုံသေယာဉ်စီးခပေးချေစနစ် ကျင့်သုံးမည်

**ရန်ကုန်    ဖေဖော်ဝါရီ    ၁**

BRT Lite စနစ်ဖြင့် ရန်ကုန်မြို့တော်တွင် ဘတ်စ်ကားပြေးဆွဲမှု စတင်စမ်းသပ်ပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိရာ ယာဉ်နောက်လိုက်များ ပါဝင်မည်မဟုတ်ဘဲ ကတ်စနစ်သုံး ပုံသေယာဉ်စီးခပေးချေစနစ်ကို ကျင့်သုံးသွားမည်ဟု ဘတ်စ်ကားအခြေပြု ခရီးသည်အများအပြားကို သယ်ယူပို့ဆောင်ပေးနိုင်မည့် ဘတ်စ်ကားလိုင်းစနစ် ပြေးဆွဲနိုင်ရန် အကောင်အထည်ဖော်နေသည့် ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

# တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်ကတ်ပြား ထုတ်ယူခွင့်ရက် သတ်မှတ်

**နေပြည်တော်    ဖေဖော်ဝါရီ    ၁**

၂၀၁၆ ခုနှစ် မတ် ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်တင်ထားကြသော တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြားများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် တနင်္လာနေ့မှစ၍ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူများသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် ဗုဒ္ဓဟူးနေ့မှစ၍လည်းကောင်း စာမေးပွဲရက်မတိုင်မီ ထုတ်ယူကြရန်ဖြစ်သည်။

အခြေခံပညာအထက်တန်းကျောင်း(ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ ကျောင်းအုပ်ကြီးများထံမှ လည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှလည်းကောင်း ထုတ်ယူနိုင်ကြမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ခွင့်ကတ်ပြားများ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာစာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက သိရသည်။

**(သတင်းစဉ်)**

## ယနေ့ မာတိကာ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ    အချပ်ပို - ၁

တရုတ်နိုင်ငံတွင် ၂၀၁၅ ခုနှစ်အတွင်း ကင်ဆာရောဂါကြောင့် သေဆုံးသူ ၂ ဒသမ ၈ သန်း ရှိဟုဆို    စာမျက်နှာ - ၄

ငါးစည်ဖောင်းများကို ရန်ကုန်မြို့မှ ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တွင်ကျယ်စွာ ရောင်းချလျက်ရှိ    စာမျက်နှာ - ၁၁

# နိုင်ငံခြားသားများအနေဖြင့် ကွန်ဒိုတိုက်ခန်းများအား ငှားရမ်းနေထိုင်သည်ထက် အခန်းများကို အများအပြားဝယ်ယူလာနိုင်




**ရန်ကုန်    ဖေဖော်ဝါရီ    ၁**

မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် လာရောက်နေထိုင်ကြမည့် နိုင်ငံခြားသားများအနေဖြင့် ယခုအခါ ကွန်ဒိုမီနီယံဥပဒေ ထွက်ပေါ်ခဲ့ပြီဖြစ်သောကြောင့် ကွန်ဒိုတိုက်ခန်းများအား ငှားရမ်းနေထိုင်သည်ထက် အခန်းများကို အများအပြားဝယ်ယူလာနိုင်စရာ အကြောင်းရှိကြောင်း အိမ်၊ ခြံ၊ မြေ ရောင်း၊ ဝယ်၊ ငှားရမ်းသူများအတွက် ကြားမှ ချိတ်ဆက်ဆောင်ရွက် ဝန်ဆောင်မှု ပေးနေသည့် iMyanmarHouse.com မှ သိရသည်။

iMyanmarHouse.com မှ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက "ဒီလိုကွန်ဒိုဥပဒေထွက်ပေါ်ခဲ့လိုက်တာဟာ အိမ်၊ ခြံ၊ မြေဈေးကွက်မှာ

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

၂၀၁၅ တက္ကသိုလ်ဝင်တန်း Top Ten နှင့် ဘာသာစုံ ဂုဏ်ထူးရှင်များ ထွက်ရှိရာ . . .
သဲ့သန့်နှင်း တည်ထောင်သည့် ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၅)
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာမလိုတော့ပါ။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ Grade 11 (ဧပြီ ၂၇) Grade 10 (မေ ၄) Grade 9,8,7,6 (မေ ၄) စ,မည် ]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
၂၀၁၆-၂၀၁၇
ကျောင်းအပ် လက်ခံပါပြီ
အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့်စာသင်ဝိုင်း
Grade 10,11 (တက္ကသိုလ်ဝင်တန်း) [ဘာသာစုံ]
Grade 11 [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
Grade 9 [သင်္ချာ၊ အင်္ဂလိပ်၊ သိပ္ပံ]
(ဧပြီ ၂၉) စ,မည်။ ကျောင်းပြန်ကား ferry စီစဉ်ပေးသည်။
ဝိုင်း အမှတ်(၄၄)၊ ပိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉၆၄၉၊ ၀၁ ၃၀၅ ၀၉၇၊
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
ကိုယ်ပိုင်အထက်တန်းကျောင်း (သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း

themirror.npt@gmail.com
www.facebook.com/themirrordaily

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများကို ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးပို့ချမှာ ဖြစ်ပါတယ်။ ပထမဦးဆုံး ရူပဗေဒဘာသာရပ် မေးခွန်းပုံစံကို ပြောပြမှာဖြစ်တယ်။

၂၀၁၆ ခုနှစ် ရူပဗေဒဘာသာရပ် မေးခွန်းပုံစံမှာ ၂၀၁၅ ခုနှစ် မေးခွန်းပုံစံအတိုင်း ဖြစ်ပါတယ်။

ရူပဗေဒမေးခွန်းမှာ SECTION (A) နဲ့ SECTION (B) အပိုင်း နှစ်ခု ပါရှိပါတယ်။

SECTION (A) အပိုင်းက (၄) မှတ်တန် မေးခွန်း (၉)ပုဒ်ရှိပြီး အားလုံးဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၉) ကတော့ (OR) နဲ့ (၂) ပုဒ် မေးထားတဲ့အတွက် နှစ်သက်ရာ (၁)ပုဒ် ကိုပဲ ဖြေရပါမယ်။

SECTION (B) မှာတော့ နံပါတ်(၁၀) ကနေပြီး နံပါတ် (၁၅) ထိ (၆)ပုဒ် မေးထားပါတယ်။ နှစ်သက်ရာ (၄) ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းတစ်ပုဒ်ကို (၁၆)မှတ် ပေးပါတယ်။ မေးခွန်းတိုင်းမှာ (a) နဲ့ (b) နှစ်ပိုင်းခွဲပြီး မေးထားပါတယ်။

မေးခွန်းနံပါတ် (၁၅) မှာလည်း မေးခွန်း (၂)ပုဒ်ကို (OR) ခံပြီးမေးထားပါတယ်။ မေးခွန်း (၂) ပုဒ်ထဲက (၁) ပုဒ်ကိုပဲ ရွေးပြီးဖြေဆိုရမှာပါ။

ရူပဗေဒဘာသာရပ် ပြဋ္ဌာန်းစာအုပ်မှာ သင်ခန်းစာ အခန်း (၁)မှ အခန်း(၁၃) ထိရှိပါတယ်။

အပိုင်းအားဖြင့် ပြောရမယ်ဆိုရင် သင်ခန်းစာခေါင်းစဉ်တွေက Mechanics (Power + Pressure), Heat, Waves and Sound, Optics, Electricity and Magnetism နဲ့ Modern Physics ဆိုပြီး အပိုင်း (၆)ပိုင်း ခွဲခြားထားပြီး ခေါင်းစဉ်အလိုက် အားလုံးမျှပြီးပါဝင်အောင် အခန်းတိုင်းက သင်ခန်းစာတွေပေါ်မှာ မူတည်ပြီး မေးခွန်းမေးတာ ဖြစ်ပါတယ်။

ရူပဗေဒဘာသာဟာ အလွတ်ကျက်မှတ်ရုံနဲ့မရဘဲ သဘောတရားကိုနားလည်မှ မေးခွန်းတွေကို ကောင်းကောင်း ဖြေဆိုနိုင်မှာပါ။ ရူပဗေဒသဘောတရားကို အခြေခံကျကျနားလည်ဖို့ အဓိက လိုအပ်ပါတယ်။ Physical quantity တစ်ခုချင်းရဲ့ အခြေခံ concept အသိသညာတွေ နားလည်ထားရင် အချိန်မရွေးမှတ်ဉာဏ်ဖော်ထုတ်နိုင်ပြီး အသုံးချနိုင်ပါတယ်။

မမေးမဖြစ်တဲ့ နိယာမတွေနဲ့ပတ်သက်လို့ ပြဋ္ဌာန်းစာအုပ်မှာ စုစုပေါင်း (၁၁)ခုလောက် ရှိပါတယ်။

Hooke's Law, Archimedes' Principle, Pascal's Law, Stephan-Boltzmann's Law, Laws of Refraction, Snell's Law, Coulomb's Law, Ohm's Law, Joule's Law, Right-hand Rule, Left-hand Rule တွေပဲဖြစ်ပါတယ်။

နိယာမတွေနဲ့ပတ်သက်လို့ရှိရင် သင်္ချာနည်းနဲ့ရေးနိုင်အောင်ကြိုးစားကြပါ။ သင်္ချာနည်းနဲ့ဖော်ပြရင်လည်း သင်္ကေတတစ်ခုချင်းစီအတွက် ဖြေရှင်းချက်ပါရပါမယ်။

Law, Definitionကို ဖြေတဲ့အခါဖြစ်စေ၊ Discuss, Mention လုပ်ခိုင်းတာကို ဖြေတဲ့အခါဖြစ်စေ တိတိကျကျနဲ့ ပြည့်ပြည့်စုံစုံဖြေမှ အမှတ်ပြည့်ရမှာဖြစ်ပါတယ်။ ဆိုလိုတာကတော့ ပြဋ္ဌာန်းစာအုပ် (Text book)ကို ကျေညက်နေရပါမယ်။

ရူပဗေဒမေးခွန်းတွေမှာ Physical quantity တွေရဲ့ unit တွေကို မေးတတ်ပါတယ်။

ဥပမာ - What are the units of power in different unit systems? ဆိုတဲ့မေးခွန်းမှာ ပါဝါရဲ့ ယူနစ်တွေကို unit system အမျိုးမျိုးအတွက် မေးထားတာဖြစ်တဲ့အတွက် system နဲ့ unit တွဲပြီး ဖြေရပါမယ်။ system တစ်ခုချင်းစီအတွက် unit ကို သိရမယ်။

SI system– watt, CGS system – erg per second, FPS system – foot-pound per second ဖြေရပါမယ်။

unit ကိုရေးရင်လည်း watt အရှည်ကောက်နဲ့ရေးပေးရပါမယ်။ ပုစ္ဆာတွက်တဲ့အခါမှာ ပေးထားချက်တွေမှာ unit system မတူရင်လည်း တူအောင်ပြောင်းပေးရပါမယ်။

ဥပမာ- If the mass of a string of 1 m length is 0.3 g and its tension is 48 N, find the fundamental ( the lowest )frequency of the string.

$l = 1$ m, $m = 0.3$ g $= 0.3 \times 10^{-3}$ kg , $T = 48$ N ပါမယ်။

ပုစ္ဆာမှာပေးချက် length, mass, tension တို့၏ unit system မတူပါ။ ဒါကြောင့် unit system တူအောင် mass unit ကို g မှ kg ပြောင်းပေးရပါမယ်။

အလင်းပုစ္ဆာတွေမှာ ပေးထားချက်ကို ထုတ်ယူတတ်ဖို့ အသိသညာလိုပါတယ်။

ဥပမာ- A magnifying glass of focal length 6 cm is used to produce an image which is two times the size of an object. How far must the magnifying glass be placed from the object? ဆိုတဲ့မေးခွန်းမှာ magnifying glass ဆိုတာနဲ့ ဆုံတာတိုတဲ့ မှန်ဘီလူးခုံးဖြစ်ပြီး ဝတ္ထုဟာ ဆုံတာအတွင်းရှိပြီး ပုံရိပ်ဟာပုံရိပ်ယောင် နဂိုအရွယ်ထက်ကြီးတယ်။ အတည့်ပေါ်တယ်ဆိုတာ ကြိုပြီးသိသင့်ပါတယ်။ ဒါ့ကြောင့်

**f = + 6 cm (convex lens with short focal length),**

**m = +2 (erect, virtual)**

$$m = -\frac{v}{u}, \quad 2 = -\frac{v}{u} \qquad \text{(or) } v = -2u$$

$$\frac{1}{u} + \frac{1}{v} = \frac{1}{f}, \quad \frac{1}{u} + \frac{1}{-2u} = \frac{1}{+6}, \quad \mathbf{u = +3\ cm}$$

The magnifying glass must be placed 3 cm from the object. လို့အဖြေကိုရလာမှာဖြစ်ပါတယ်။

အလင်းခန်းမှာ ပုံဆွဲတာတွေနဲ့ပတ်သက်ပြီးမေးလေ့ရှိပါတယ်။

ဥပမာ - Draw a ray diagram to show the formation of a virtual image which is smaller than the object formed by a lens. ဆိုတဲ့မေးခွန်းမှာ

ဝတ္ထုအရွယ်ထက်ငယ်တဲ့ ပုံရိပ်ယောင် (virtual image) ပေါ်စေတဲ့ပုံကို ဆွဲရမှာဖြစ်ပါတယ်။ မှန်ဘီလူးခွက် (concave lens)ကို သုံးရမှာဖြစ်တယ်။ ဝတ္ထုကို မှန်ဘီလူးခွက်ရှေ့မှာထားရင် နဂိုအရွယ်ထက်ငယ်တဲ့ ပုံရိပ်ယောင်ဟာ ဝတ္ထုနဲ့တစ်ဖက်တည်း ဆုံချက် Fနဲ့ မှန်ဘီလူးခွက်ကြားမှာ အတည့်ပေါ်စေတာကို သိသာအောင်ဆွဲပေးရမယ်။ F, 2F, P, OO', II' စသည်တို့ကို ထင်ထင်ရှားရှား ထည့်ပေးရပါမယ်။




အချို့ဖြေဆိုမှုတွေမှာ ပြည့်စုံမှု မရှိတာကိုတွေ့ရပါတယ်။

Electricity အခန်းနဲ့ပတ်သက်ပြီး Static Electricity အပိုင်းမှာ Electric Force, Electric Field Intensity နဲ့ Electric Potential definition နဲ့ formular တို့ကို ကွဲကွဲပြားပြား သိရှိရန်လိုအပ်ပါတယ်။

Electric Force ဆိုရင် $F = \frac{1}{4\pi\varepsilon_0}\frac{q_1 q_2}{r^2}$ ဖြစ်လို့ $F \propto \frac{1}{r^2}$

Electric Field Intensity ဆိုရင် $E = \frac{1}{4\pi\varepsilon_0}\frac{Q}{r^2}$ ဖြစ်လို့ $E \propto \frac{1}{r^2}$

Electric Potential မှာဆိုရင် $V = \frac{1}{4\pi\varepsilon_0}\frac{Q}{r}$ ဖြစ်လို့ $V \propto \frac{1}{r}$

ဆိုတာတွေကို သေသေချာချာ ကွဲကွဲပြားပြား မှတ်ထားဖို့လိုပါတယ်။

ဒါ့အပြင် Electric Force နဲ့ Electric Field Intensity က vector ဖြစ်လို့ direction ပါရမယ်။

Electric Potential V က scalar ဖြစ်လို့ direction မပါဘူး။ ဒါပေမယ့်ပုစ္ဆာတွက်ရင် Q တန်ဖိုးတွေမှာ လျှပ်စစ်ဖိုဆိုရင် (+)၊ လျှပ်စစ်မဆိုရင် (-) ထည့်တွက်ရမယ်ဆိုတာကို သတိချပ်ရပါမယ်။

ဥပမာ- Two point charges of + 4.0 × $10^{-8}$ C and -3.0 × $10^{-8}$ C are 1m apart. (a) Find the electric potential at P midway between the two charges. (b) Find the work done in bringing a charge + 3.0 × $10^{-9}$ C from infinity to P.

ဒီပုစ္ဆာမှာchargeတွေရဲ့ပမာဏပေးထားပြီး charge တစ်ခုနဲ့တစ်ခုကြားအကွာဝေးကို ပေးထားပါတယ်။ မေးခွန်း (a) မှာ Charge နှစ်ခုကြား အလယ်မှတ်(P)မှာရှိတဲ့ Vကို ရှာခိုင်းပါတယ်။ မေးခွန်း (b)မှာတော့ နောက်chargeတစ်ခုကို infinity ကနေ အမှတ် P ကိုရောက်အောင် သယ်ဆောင်ရာမှာ ပြီးမြောက်တဲ့အလုပ်ကို တွက်ခိုင်းတာပါ။

ပေးချက်အရ $Q_1 = + 4.0 \times 10^{-8}$ C, $Q_2 = - 3.0 \times 10^{-8}$ C ဖြစ်ပြီး

Charge နှစ်ခုကြားအကွာအဝေးက 1 m ဖြစ်တဲ့အတွက် အမှတ် (P)က အလယ်မှာရှိတဲ့အတွက်
$r_1 = r_2 = 0.5$m

အရင်ဆုံး charge တစ်ခုချင်းစီကြောင့်ဖြစ်တဲ့ Electric potential ကိုရှာရပါမယ်။

$$V_1 = \frac{1}{4\pi\varepsilon_0}\frac{Q_1}{r_1} = 9 \times 10^9 \times \frac{(+4 \times 10^{-8})}{0.5} = +720\ V$$

$Q_1$ က Positive charge ဖြစ်တဲ့အတွက် အပေါင်းလက္ခဏာ ထည့်တွက်ရပါမယ်။ Electric potential က positive potential ဖြစ်ပါတယ်။

$Q_2$ အတွက်ကတော့

$$V_2 = \frac{1}{4\pi\varepsilon_0}\frac{Q_2}{r_2} = 9 \times 10^9 \times \frac{(-3 \times 10^{-8})}{0.5} = -540\ V$$

$Q_2$ က Negative charge ဖြစ်တဲ့အတွက် အနုတ်လက္ခဏာ ထည့်တွက်ရပါမယ်။ Electric potential က negative potential ဖြစ်ပါတယ်။

အမှတ် P မှာရှိတဲ့စုစုပေါင်း V ကိုလိုချင်ရင် $V_1$ နဲ့ $V_2$ ကိုပေါင်းရပါမယ်။

V က scalar ဖြစ်လို့ (-) ထည့်ပေါင်းရပါမယ်။

$V = V_1 + V_2 = 720 + (-540) = +180$V ရမှာဖြစ်ပါတယ်။

(b) မှာကတော့ $q = + 3.0 \times 10^{-9}$ C ကိုသယ်ဆောင်ရာမှာ ပြီးမြောက်တဲ့အလုပ်ကိုလိုချင်တဲ့အတွက်

$W = Vq = 180 \times 3.0 \times 10^{-9} = 5.4 \times 10^{-7}$J ရမှာဖြစ်ပါတယ်။

ရူပဗေဒဘာသာရပ်မှာ definition ရဲ့ concept (သဘောတရား)တွေကို သိဖို့လိုပါတယ်။

ဥပမာအနေနဲ့ ပြောရရင် The capacitance of a capacitor ကို define လုပ်တာက The capacitance of a capacitor (C) is the ratio of the charge (Q) to the potential difference (V) between two conductors of that capacitor. $C = \frac{Q}{V}$

Capacitor တစ်ခုရဲ့ capacitance က charge Q နဲ့ potential difference (V) ပေါ်ကို မမှီခိုဘူးဆိုတာ သိရမယ်။ Charge of a capacitor (Q)က potential difference (V) နဲ့တိုက်ရိုက် အချိုးကျတယ်ဆိုတဲ့ concept ကို သိရမယ်။ Capacitor ရဲ့အရွယ်၊ ပုံသဏ္ဌာန်နဲ့ conductors (၂)ခုကြားမှာရှိတဲ့ insulator ရဲ့ သဘာဝပေါ်မူတည်ပြီး ပြောင်းလဲနိုင်ကြောင်းသိရမယ်။ ဒီ concept ကိုသိထားရင် မေးခွန်းတွေကသေသေချာချာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ရွေ့လျားသွားလာတဲ့ လျှပ်စစ်အခန်းမှာဆိုရင် Current, Resistor, Resistivity တွေက မကျက်မဖြစ်ကျက်ထားရပါမယ်။ သူတို့ရဲ့unit တွေလည်း သိထားရပါမယ်။

ခုခံမှုကို နည်းအမျိုးမျိုးနဲ့ သိထားသင့်ပါတယ်။

အရွယ်အစားနဲ့ပတ်သက်ရင် $R = \frac{\rho l}{A}$

Current, Ohm's law နဲ့ပတ်သက်ရင် $R = \frac{V}{I}$ ဆိုတာကို သိထားရပါမယ်။

R ရဲ့ unit က SI မှာ Ω ဖြစ်ပြီး $\Omega = VA^{-1}$ လို့လည်းမြင်ရပါမယ်။

ဒါ့အပြင် ပတ်လမ်း Equation နဲ့ပတ်သက်၍ $I = \frac{E}{R+r}$ မှာလည်း R ပါဝင်နေဆိုတာကို သတိချပ်သင့်ပါတယ်။

Resistance R သည် အပူချိန်နဲ့လိုက်ပြီး ပြောင်းလဲမှုရှိတယ်။

$R_t = R_0 (1+ \alpha t)$ ဖြစ်တယ်ဆိုတာကိုလည်း သိထားရပါမယ်။

အဲလို R ရဲ့ ပုံသေနည်းတွေကို ခွဲခြားပြီးသိထားမှ ပုစ္ဆာတွက်ရင် အလွယ်တကူဆက်စပ်တွေးခေါ်နိုင်ပါလိမ့်မယ်။

ဒါ့အပြင် Resistor တွေကို တန်းဆက်နဲ့ပြိုင်ဆက်တွေ ဆက်တဲ့အခါမှာသုံးတဲ့ ပုံသေနည်းထုတ်ဖော်ပုံတွေကိုလည်း သိရှိထားရပါလိမ့်မယ်။

Capacitor တွေ ဆက်တာနဲ့ပြောင်းပြန်ဆိုတာကိုလည်းသိထားရပါမယ်။ နှုတ်တိုက်ကျက်တာထက် နှိုင်းယှဉ်ပြီး ကျက်ရင်ပိုပြီးထိရောက်နိုင်ပါတယ်။

လျှပ်စစ်အခန်းမှာတိုင်းတာမှုတွေသိရဖို့ တိုင်းတာတဲ့ကိရိယာတွေ သုံးရပါမယ်။

Currentကို တိုင်းဖို့အတွက်ဆိုရင် ammeter ကိုသုံးရမယ်။ voltageကို တိုင်းဖို့အတွက် voltmeter ကို သုံးရမယ်ဆိုတာ သိထားရပါမယ်။

စာမျက်နှာ ၂ သို့ »»

# ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

**လျှို့ဝှက်ချက်များ ထိန်းသိမ်းရန်တာဝန်**

၈၁။ (က) ဘဏ်သည် မိမိအဖွဲ့အစည်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေစာရင်း၊ မှတ်တမ်းနှင့် လွှဲပြောင်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းရမည်။

(ခ) ဘဏ်တစ်ခုခု၏ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ဝန်ထမ်းများသည် ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်အား မည်သူ့ကိုမျှပေးခြင်း သို့မဟုတ် အခြားနည်းဖြင့် ထုတ်ဖော်ခြင်း မပြုရ။

(ဂ) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ ပုဂ္ဂိုလ်တစ်ဦးဦး သိရှိစေရန်အလို့ငှာ ထုတ်ဖော်သော သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို ရရှိသူသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား အလားတူထုတ်ဖော်ခြင်းမပြုရ။

**လျှို့ဝှက်ထားရန်တာဝန်အား ခြွင်းချက်ပြုခြင်း**

၈၂။ (က) ပုဒ်မ ၈၁ ပါပြဋ္ဌာန်းချက်သည် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ သတင်းအချက်အလက်ကို အောက်ပါကိစ္စများတွင် ထုတ်ဖော်ခြင်းနှင့်မသက်ဆိုင်စေရ-

(၁) ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်တာဝန်များ ကျင့်သုံးဆောင်ရွက်ရေးအတွက် ဗဟိုဘဏ်ကို ဖြစ်စေ၊ ဗဟိုဘဏ်၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ဝန်ထမ်းသို့ဖြစ်စေ ဤဥပဒေအရ ခန့်အပ်တာဝန်ပေးသူ တစ်ဦးဦးသို့ဖြစ်စေ ထုတ်ဖော်ခြင်း၊

(၂) ဘဏ်ထံမှ သတင်းအချက်အလက်ရရှိရန် ဗဟိုဘဏ်က စာဖြင့်အခွင့်အာဏာ အပ်နှင်းထားခြင်းခံရသည့် ဗဟိုဘဏ်တွင် လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုပေးသူ တစ်ဦးဦးသို့ ထုတ်ဖော်ခြင်း၊

(၃) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်ကဖြစ်စေ ထုတ်ဖော်ရန် စာဖြင့်ခွင့်ပြုချက်ပေးထားခြင်း၊

(၄) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူက ဘဏ်လူမွဲဖြစ်ကြောင်း ကြေညာခြင်းခံရသည့် ကိစ္စ သို့မဟုတ် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူသည် ကုမ္ပဏီဖြစ်ပြီး နိုင်ငံတော်တွင် ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ သို့မဟုတ် ဖျက်သိမ်းပြီးဖြစ်ခြင်း၊

(၅) စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်အတွက် လိုအပ်သော သတင်းအချက်အလက်ဖြစ်ပြီး ဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်သူ၏ ငွေချေးရန် ထိုက်တန်မှု (Credit worthiness) ကို စိစစ်ရန်အတွက်ဖြစ်ခြင်း၊

(၆) ဘဏ်နှင့် ၎င်း၏ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူအကြား သို့မဟုတ် ၎င်းအား အာမခံသူတို့အကြားဖြစ်စေ၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ၏ ငွေစာရင်းမှ ငွေကိုထုတ်ယူရန် တောင်းခံသူနှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအကြားဖြစ်စေ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် ပတ်သက်၍ တရားမကြောင်း အရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း တရားစွဲဆိုမှုအတွက် လိုအပ်သော သတင်းအချက်အလက်ဖြစ်ခြင်း၊

(၇) ဥပဒေအရ တရားရုံး၏ အမိန့်နှင့်အညီ ထုတ်ဖော်ခြင်း၊

(၈) ဘဏ်အတွင်း စာရင်းစစ်ဆေးမှုပြုခြင်းနှင့်သာ သက်ဆိုင်သည့်ကိစ္စ သို့မဟုတ် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအတွက် ဆောင်ရွက်ရသည့်ကိစ္စအတွက် ထုတ်ဖော်ခြင်း၊

(၉) ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ချေးငွေသတင်းအချက်အလက် ဌာနသို့ ဖော်ထုတ်ခြင်း၊

(၁၀) ဘဏ်က ၎င်း၏လုပ်ငန်းတာဝန်များကို ပြင်ပအခြားအဖွဲ့အစည်းအား ဆောင်ရွက် စေသည့်အခါထိုပြင်ပအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်သာ သက်ဆိုင်သည့် ကိစ္စအတွက် ထုတ်ဖော်ခြင်း၊

(၁၁) ဘဏ်က အခြားလိုင်စင်ရ အဖွဲ့အစည်းနှင့် ပူးပေါင်းရန် သို့မဟုတ် ပူးပေါင်းရေး အတွက် အဆိုပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ ထုတ်ဖော်ခြင်း၊

(၁၂) ဘဏ်၏ လုပ်ငန်းများ အခြားဘဏ်သို့ လွှဲပြောင်းခြင်း သို့မဟုတ် လွှဲပြောင်းရန် အဆိုပြုခြင်းအတွက် ထုတ်ဖော်ခြင်း၊

(၁၃) အခန်း (၁၄) နှင့် (၁၅) တို့အရ ဘဏ်၏ ပြန်လည်ဖွဲ့စည်းခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်သာ သက်ဆိုင်သော ထုတ်ဖော်ခြင်း၊

(၁၄) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေတို့ပါ ပြဋ္ဌာန်းချက်အရ ထုတ်ဖော်ခြင်း၊ အချက်အလက်များအသိပေးခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆) သို့မဟုတ် ပုဒ်မခွဲငယ် (၇) အရ တရားမမှုခင်းတစ်ခုခုတွင် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ ငွေစာရင်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို ထုတ်ဖော်ရန်ရှိသည့်အခါ အဆိုပါ တရားမမှုခင်းတွင် တရားရုံး၏အမိန့်အရဖြစ်စေ၊ အမှုသည်တစ်ဦး၏ တောင်းဆိုချက်အပေါ် ချမှတ်သည့် အမိန့်အရဖြစ်စေ အဆိုပါအမှုကို တံခါးပိတ်ကြားနာပြီး ထုတ်ဖော်သည့် သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားကို အမှုသည်များနှင့် တရားရုံးအကြား လျှို့ဝှက်ထားရမည်။ ထို့ပြင် မည်သည့်အမှုသည်မျှ ထိုသတင်းပေးချက် သို့မဟုတ် စာတမ်းအမှတ်အသားကို အခြားသူအားထုတ်ဖော်ခြင်းမပြုရ။

(ဂ) တရားရုံးက အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်းမရှိလျှင် မည်သူမျှ ပုဒ်မခွဲ (ခ)တွင် ရည်ညွှန်း ဖော်ပြထားသည့် အဆိုပါတရားမမှုခင်းတွင် ပါဝင်သည့်အမှုသည် တစ်ဦးဦး၏ အမည်၊ နေရပ်လိပ်စာ သို့မဟုတ် ဓာတ်ပုံကိုသော်လည်းကောင်း၊ အမှုသည်များက ထိုအမှုတွင် မည်သူတို့က မည်သို့မည်ပုံ ပါဝင်သည်ကိုသိနိုင်လောက်သည့် သတင်းအချက်အလက် တစ်ခုခုကိုသော်လည်းကောင်း ပုံနှိပ်ဖြန့်ချိခြင်း မပြုရ။

**လျှို့ဝှက်ချက်ထိန်းသိမ်းရန်တာဝန်နှင့်စပ်လျဉ်းသည့် နောက်ထပ်ခြွင်းချက်များ**

၈၃။ အခြားပုဒ်မတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်သည် -

(က) ဘဏ်များထံမှ သတင်းအချက်အလက်များကို တစ်စုတစ်ပေါင်းတည်းပုံစံဖြင့် အများပြည်သူအကျိုးငှာ သင့်လျော်သည် ထင်မြင်လျှင် ပုံနှိပ်ဖြန့်ချိနိုင်သည်။

(ခ) သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများ ထိရောက်စွာကြီးကြပ် စစ်ဆေးခြင်းအတွက်သာ အသုံးပြုရန်ဖြစ်ပါက ပြည်တွင်းပြည်ပမှ ငွေရေးကြေးရေး အဖွဲ့အစည်းများ ကြပ်မတ်ကွပ်ကဲရေးနှင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့် ဖလှယ်နိုင်သည်။

### အခန်း (၁၁)
### စာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ငွေရေးကြေးရေးရှင်းတမ်းများ ငွေစာရင်းများနှင့် ငွေရေးကြေးရေးရှင်းတမ်း အစီရင်ခံစာများ

၈၄။ (က) ဘဏ်သည် မိမိတို့၏ လုပ်ငန်းများလည်ပတ်မှုနှင့် ငွေရေးကြေးရေး အခြေအနေတို့ကို ထင်ဟပ်စေရန် လုံလောက်သော ငွေစာရင်းများထိန်းသိမ်းခြင်းနှင့် အချိန်ကာလအလိုက် ငွေရေးကြေးရေး ရှင်းတမ်းများ ပြုစုခြင်းတို့ကို နိုင်ငံတကာကလက်ခံထားသော စာရင်းရေးသွင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) အဆိုပါ စည်းမျဉ်းများနှင့်လိုက်နာဆောင်ရွက်မှုကို အခြားဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ်ထားသည့်စာရင်းရေးသွင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က) ပါယေဘုယျပြဋ္ဌာန်းချက်ကို ကန့်သတ်ခြင်းမပြုဘဲ နိုင်ငံခြားဘဏ်ခွဲ အသီးသီးသည် သီးခြားငွေစာရင်းစာအုပ်များ၊ ငွေစာရင်းများနှင့်မှတ်တမ်းများကို ထိန်းသိမ်းထားရမည်။ ထို့ပြင် အရှုံးအမြတ်စာရင်းများအပါအဝင် ငွေရေးကြေးရေး ရှင်းတမ်းတို့ကို ယင်းနိုင်ငံခြားဘဏ်၊ ဘဏ်ခွဲ၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေများနှင့် ကုန်ကျစရိတ်များကို ရှင်းလင်းစွာ ထင်ဟပ်ပေါ်လွင်စေရန် နိုင်ငံခြားဘဏ်က ပိုင်ဆိုင်သော အခြားငွေစာရင်းစာအုပ်များ၊ ငွေစာရင်းများ၊ မှတ်တမ်းများနှင့် ငွေရေးကြေးရေးရှင်းတမ်းနှင့်ခွဲခြား၍ ပြုစုရမည်။

**စာရင်းစစ်ကော်မတီ**

၈၅။ (က) ဘဏ်တိုင်းသည် စာရင်းစစ်ကော်မတီကို ဖွဲ့စည်းထားရန် လိုသည်။

(ခ) ဘဏ်၏ အစုဝင်များ သင်းလုံးကျွတ်အစည်းအဝေးမှ အဖွဲ့ဝင်သုံးဦးပါဝင်သော စာရင်းစစ် ကော်မတီကို ဖွဲ့စည်းရမည်။ စာရင်းစစ်ကော်မတီအဖွဲ့ဝင်များ၏ သက်တမ်းမှာ လေးနှစ် ဖြစ်သည်။

(ဂ) ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးသည် စာရင်းစစ်ကော်မတီကို ဦးဆောင်ရမည်။ စီမံခန့်ခွဲမှု အဖွဲ့ဝင်များသည် စာရင်းစစ်ကော်မတီတွင် ပါဝင်တာဝန်ထမ်းဆောင်ခြင်းမပြုရ။

(ဃ) စာရင်းစစ်ကော်မတီသည်-

စာမျက်နှာ ၃ သို့

»» စာမျက်နှာ ၁ မှ

Ammeter နဲ့ voltmeter ကိုလည်း ပုံနဲ့တကွ နှိုင်းယှဉ်လေ့လာထားဖို့ လိုပါတယ်။

Galvanometer ကို အခြေပြုပြီး ammeter နဲ့ voltmeter ကို တည်ဆောက်တဲ့အခါ ammeter မှာ ခုခံမှုတန်ဖိုးအလွန်ငယ်တဲ့ wire (shunt) ကို galvanometer နဲ့ပြိုင်ဆက် ဆက်သုံးပြီး voltmeter မှာတော့ ခုခံမှုတန်ဖိုးကြီးတဲ့ wire ကို တန်းဆက်ဆက်ပြီးသုံးတယ်။

ပုံသေနည်းတွေက ammeter ဆိုရင် shunt resistance $r = R_G \frac{i}{(I-i)}$ ဖြစ်ပြီး voltmeter ဆိုရင် ခုခံမှုတန်ဖိုးကြီးတဲ့ $R = \frac{V}{i} - R_G$ ဖြစ်တယ်ဆိုတာသိထားရပါမယ်။

ပုစ္ဆာတွက်အနေနဲ့

Q - A galvanometer has a resistor of 2 Ω and gives a full scale deflection when a current of 1 mA flows through it. How can it be converted for use as (a) an ammeter reading up to 10A, and (b) a voltmeter reading up to 50V?

$R_G = 2\ \Omega$, $i = 1\text{mA} = 1 \times 10^{-3}$ A, $I = 10$A

Let r be the resistance of the wire to be connected in parallel with $R_G$.

$$r = \frac{i}{I-i} R_G = \frac{1 \times 10^{-3}}{10 - 1 \times 10^{-3}} \times 2 = 2 \times 10^{-4} \Omega$$

Let R be the resistance of the wire to be connected in series with $R_G$.

$$R = \frac{V}{i} - R_G = \frac{50}{1 \times 10^{-3}} - 2 = 49998 \Omega = 50\ \text{k}\Omega$$

shunt ရဲ့ resistance တန်ဖိုးကနည်းပြီး voltmeter ကို ဆက်တဲ့ဝါယာကြိုး resistance က အများကြီးပိုကြီးတာတွေ့ရပါလိမ့်မယ်။

Modern Physics အခန်းက အမှတ်အများကြီးရစေတဲ့အတွက် လက်မလွှတ်သင့်တဲ့ အခန်းဖြစ်ပါတယ်။ Modern Physics မှာ Electronic အပိုင်းနဲ့ Nuclear Physics ဆိုပြီး အပိုင်း (၂) ပိုင်းပါရှိပါတယ်။

Electronic အပိုင်းမှာ Vacuum Diode, Triode, Semiconductor အမျိုးအစားတွေ အကြောင်းတွေကို အသေးစိတ် ပုံနှင့်တကွ သိထားရပါမယ်။

အဲဒီလိုပဲ junction diode နဲ့ transistor တွေကို p-type, n-type semiconductor တွေနဲ့ ပြုလုပ်တယ်။ Junction diode တွေကို Rectifier မှာသုံးတယ်။ Rectifier နှစ်မျိုးရှိပြီးတော့ သူတို့ရဲ့တည်ဆောက်ပုံတွေ input output waveform တွေကိုလည်း လေ့လာထားရပါမယ်။

Transistor နှစ်မျိုးရှိတယ်ဆိုတာ သိထားပြီး structure နဲ့ circuit diagram တွေကိုပုံနဲ့တကွ လေ့လာထားရပါမယ်။ transistor ကို voltage နဲ့ current ခလုတ်အဖြစ် အသုံးပြုပါတယ်။

အဲဒါအပြင် semiconductor diode နဲ့ transistor တွေဟာ vacuum tube တွေထက် အားသာချက်တွေရှိတယ်ဆိုတာ သိထားရပါမယ်။

နောက်တစ်ခုကတော့ IC ဆိုတာဘာလဲ။ IC ဖြစ်ဖို့ electronic gate တွေသုံးတယ်ဆိုတာနဲ့ electronic gate (၅)မျိုး ရှိတယ်ဆိုတာသိထားရပါမယ်။ Electronic gate တွေရဲ့ circuit symbol တွေနဲ့ truth table တွေကိုလည်း သေသေချာချာ ကျက်မှတ်ထားရပါမယ်။

Gateတွေ တစ်ခုနဲ့တစ်ခုပေါင်းစပ်ပုံတွေ သိထားရမှာဖြစ်သလို Gate တွေရဲ့ အသုံးဝင်ပုံတွေကိုလည်း လေ့လာထားရမှာဖြစ်ပါတယ်။

Nuclear Physics အပိုင်းမှာတော့ ရောင်ခြည်တွေဖြစ်တဲ့ cathode ray, alpha ray, beta ray, gamma ray, x ray တို့ကို ကွဲကွဲပြားပြားသိဖို့လိုအပ်ပါတယ်။ ဥပမာ- cathode ray ဆိုတာ fast moving electron, alpha ray ဆိုတာ helium nucleus, gamma ray နဲ့ x-ray ဆိုတာဟာ light ray (or) electromagnetic wave with short wavelength, အလင်း photon တွေနဲ့ ဖွဲ့စည်းထားတယ်ဆိုတာကို သိသင့်ပါတယ်။ ဖော်ပြပါ ray တွေရဲ့ အရည်အချင်းတွေကို နှိုင်းယှဉ်ရေးချပြီး ကျက်မှတ်ရင် ပိုပြီးသိလွယ်ပါတယ်။ ဒါ့အပြင် cathode ray နဲ့ x ray တွေရဲ့ ထုတ်ဖော်ပုံတွေကိုလည်း ပုံနဲ့တကွ ကျက်မှတ်ထားသင့်ပါတယ်။

Radioactivity, radioisotopes, activity and half life တွေကိုလည်း နားလည်အောင်ကျက်မှတ်ထားသင့်ပါတယ်။ radioisotopes တွေရဲ့ အသုံးဝင်ပုံများနဲ့ nuclear energy ကိုထုတ်လုပ်ပေးတဲ့ nuclear reactor များကိုလည်း လေ့လာထားသင့်ပါတယ်။

အားလုံးခြုံပြီး သတိထားစရာပြောရရင် တွက်ချက်မှုမှားယွင်းခြင်း ပေါင်းနုတ်၊ မြှောက်စား လွယ်ကူတာတွေကိုတောင် မှားပြီးတွက်တတ်ပါတယ်။ အလွန်တော်တဲ့ ကျောင်းသား ကျောင်းသူတွေတောင် ဒီလိုအမှားမျိုးရှိတတ်ပါတယ်။ ဒါကြောင့် အကြိမ်ကြိမ်စစ်ဆေးပေးရန် လိုအပ်ပါတယ်။ အဆင့်ကျော် တွက်တာတွေရှိတယ်။ အမှတ်က အဆင့်လိုက်ပေးတာဆိုတော့ ကျော်တဲ့အဆင့်အတွက် အမှတ်မရရင် အမှတ်ပြည့်မရနိုင်တော့ပါဘူး။

ရူပဗေဒဘာသာရပ် စာဖြေသူအားလုံးအတွက် အဖြေသိလျက်၊ ဖြေနိုင်လျက်နှင့် ပေါ့ဆဖြစ်စေ၊ စိတ်လောနေ၍ဖြစ်စေ၊ ပြန်လည်စစ်ဆေးခြင်း မပြု၍ဖြစ်စေ အမှားတွေ အဖြေလွှာမှာ ပါလာတတ်ပါတယ်။ အလွန်ပဲနစ်နာပါတယ်။

ဒါကြောင့် တက္ကသိုလ်ဝင် ရူပဗေဒဘာသာရပ်စာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို မှာကြားချင်တာကတော့

- ➢ အချိန်နှင့်ကိုက်ညီစွာဖြေနိုင်ရန် ကြိုတင်ပြီး မေးခွန်းဟောင်းများနှင့်ဖြေဆိုလေ့ကျင့်ပါ။
- ➢ စိတ်ကို တည်ငြိမ်စွာ ထားပါ။
- ➢ ပုစ္ဆာမှာ ပြောင်းထားတာ၊လှည့်ထားတာကို ဂရုစိုက်ပါ။
- ➢ ဖြေဆိုလို့ မရနိုင်တဲ့ မေးခွန်း၊ ပုစ္ဆာတွေမှာ အချိန်ကုန် မခံသင့်ပါ။
- ➢ အချိန်ကုန်သည်အထိ စဉ်းစားပြီး ဖြေပါ။
- ➢ မေးသည့်မေးခွန်းများ ဖြေဆိုဖို့အတွက် မကျန်စေရန် အထပ်ထပ်ပြန်စစ်ပါလို့ မှာကြားရင်း ဤသင်ခန်းစာပို့ချမှုကို ရပ်နားလိုက်ပါတယ်။ ။